အောင်ကမ္ဘာကုမ္ပဏီလီမိတက်

# ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

(ပထမအကြိမ်ပြင်ဆင်ချက်)




အစီရင်ခံစာပြုစုသူ
နီယိုတက်ခ်မြန်မာကုမ္ပဏီလီမိတက်

February 2025

# Contents

I

Acronyms and abbreviations ........ VII
စီမံကိန်းဆောင်ရွက်သူ အောင်ကမ္ဘာကုမ္ပဏီလီမိတက်၏ ကတိကဝတ် ........ I
တတိယအဖွဲ့အစည်း၏ ကတိကဝတ် ........ 2
1.0 အစီရင်ခံစာအကျဉ်းချုပ် ........ 1
၁.၁ စီမံကိန်းနောက်ခံအကြောင်းအရာ ........ ၁
၁.၂ ရည်ရွယ်ချက် ........ ၂
၁.၃ မူဝါဒနှင့် ကြီးကြပ်ကွပ်ကဲထိန်းသိမ်းရေး မူဘောင် ........ ၂
၁.၄ လုပ်ငန်းအကြောင်းအရာ ........ ၃
၁.၅ လုပ်ငန်းတည်နေရာနှင့် မြေနေရာအကျယ်အဝန်း ........ ၅
၁.၆ လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အကြောင်းအရာ ........ ၅
၁.၇ ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများ ........ ၇
၁.၈ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း ........ ၁၀
၁.၉ CSR ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် အသုံးပြုမည့် ရန်ပုံငွေလျာထားချက် ........ ၁၁
၁.၁၀ နိဂုံးချုပ် ........ ၁၁
2.0 နိဒါန်း ........ 13
၂.၁ စီမံကိန်းနောက်ခံသမိုင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကြောင်းအရာများ ........ ၁၃
၂.၂စီမံကိန်းဆောင်ရွက်ရသည့်ရည်ရွယ်ချက် ........ ၁၅
၂.၃ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာနောက်ခံသမိုင်း ........ ၁၅
၂.၄ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် လေ့လာဆောင်ရွက်ခြင်းရည်ရွယ်ချက် ........ ၁၆
၂.၅ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်လေ့လာဆန်းစစ်ခြင်းဆောင်ရွက်သည့် တတိယအဖွဲ့အစည်း ဆိုင်ရာ အချက်အလက်များ ........ ၁၇
3.0 မူဝါဒ၊ ဥပဒေ၊ မူဘောင်များနှင့် ဖွဲ့စည်းမှုဆိုင်ရာများ ........ 22
၃.၁ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒ ........ ၂၂
၃.၂ ဥပဒေ၊ မူဘောင်နှင့် ဖွဲ့စည်းမှုဆိုင်ရာများ ........ ၂၂
၃.၃ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘော တူညီချက်များ ........ ၃၉
၃.၄ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်၊ စံချိန်စံညွှန်းများ ........ ၄၀
၃.၅ လုပ်ငန်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာ စံနှုန်းများ၊ စည်းကမ်းသတ်မှတ်ချက်များ ........ ၄၄
4.0 စီမံကိန်းလုပ်ငန်းဆိုင်ရာဖော်ပြချက်များ ........ 46
၄.၁ စီမံကိန်းအကြောင်းအရာ ........ ၄၆
၄.၂ စီမံကိန်းအကောင်အထည်ဖော်မည့်ကာလ ........ ၄၇
၄.၃ လုပ်ငန်းတည်နေရာနှင့် မြေနေရာအကျယ်အဝန်း ........ ၄၇

၄.၄ ထုတ်လုပ်မှုဆိုင်ရာအဆောက်အဦးများနှင့် ဆက်စပ်အဆောက်အဦးများ ..................... ၄၉
၄.၅ Aung Gabar Co.,Ltd.၏ ထုတ်လုပ်မည့် ထုတ်ကုန်နှင့် ထွက်ရှိမှု ..................... ၅၂
၄.၆ ထုတ်လုပ်မှုလုပ်ငန်းစဉ် ..................... ၅၄
၄.၇ ကုန်ကြမ်းပစ္စည်းသုံးစွဲမှုနှင့် သိုလှောင်ထားရှိ ..................... ၅၈
၄.၈ ဓာတုပစ္စည်းသုံးစွဲမှုနှင့် သိုလှောင်ထားရှိမှု ..................... ၆၀
၄.၉ စက်ရုံတွင်အသုံးပြုသော စက်ပစ္စည်းနှင့်ယန္တရားများ ..................... ၆၂
၄.၁၀ လုပ်သားအရေအတွက် ..................... ၆၆
၄.၁၁ တစ်နှစ်အလုပ်လုပ်ရက်နှင့် အလုပ်ချိန်သတ်မှတ်ချက် ..................... ၆၆
၄.၁၂ ရေလိုအပ်ချက်နှင့် ရေရယူသုံးစွဲမှု ..................... ၆၆
၄.၁၃ စွမ်းအင်လိုအပ်ချက်နှင့် ရယူသုံးစွဲမှု ..................... ၆၇
၄.၁၄ စွန့်ပစ်ပစ္စည်းထွက်ရှိမှု ..................... ၆၈
**5.0 လက်ရှိဝန်းကျင်ဆိုင်ရာအကြောင်းအရာများ ..................... 70**
၅.၁ နိဒါန်း ..................... ၇၀
၅.၂ နယ်နမိတ်သတ်မှတ်ချက် ..................... ၇၀
၅.၃ အချက်အလက်ကောက်ယူခြင်း၊ ခွဲခြားဆန်းစစ်ခြင်း နည်းလမ်းနှင့် ရည်ရွယ်ချက် ..................... ၇၀
၅.၄ မြေမျက်နှာသွင်ပြင်၊ နယ်နမိတ်နှင့်ရေဆင်း ..................... ၇၁
၅.၅ ရာသီဥတုနှင့်မိုးလေဝသ ..................... ၇၂
၅.၆ မြေအသုံးချမှု ..................... ၇၂
၅.၇ လေထုအရည်အသွေး ..................... ၇၄
5.7.1 လေတိုင်းတာမှုဆိုင်ရာအချက်အလက်များ ..................... 75
၅.၈ ဆူညံသံ ..................... ၇၉
၅.၉ ရေအရည်အသွေး ..................... ၈၁
5.9.1 ပထမအကြိမ်ရေအရည်အသွေးတိုင်းတာခြင်း ..................... 81
5.9.2 ဒုတိယအကြိမ်ရေအရည်အသွေးတိုင်းတာခြင်း ..................... 84
၅.၁၀ တုန်ခါမှု၊ အလင်း၊ အပူချိန် ..................... ၈၇
၅.၁၁ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ..................... ၈၉
၅.၁၂ လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ..................... ၈၉
၅.၁၃ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ..................... ၉၀
၅.၁၄ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အချက်အလက်များ ..................... ၉၀
**6.0 ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် လျော့နည်းစေရေးနည်းလမ်းများ . 91**
၆.၁ နိဒါန်း ..................... ၉၁
၆.၂ ရည်ရွယ်ချက် ..................... ၉၁
၆.၃ ဖြစ်နိုင်ချေရှိသော ပတ်ဝန်းကျင်ထိခိုက်မှုများအား ဖော်ထုတ်သတ်မှတ်ခြင်း ..................... ၉၂

၆.၄ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် သိသာထင်ရှားမှုများ........................................................................၉၂
6.4.1 ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုသိသာထင်ရှားမှု တွက်ချက်ခြင်း ............................. 94
6.4.2 လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ကောင်းကျိုးသက်ရောက်နိုင်မှုများ (Positive Impact) ..................................................................................................... 95
6.4.3 လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှု များ (Negative Impact)..................................................................................................... 95
၆.၅ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ .......................................................................................................... ၉၆
၆.၆ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကြောင့် ဖြစ်ပေါ်နိုင်မည့် သက်ရောက်မှုများ......... ၁၀၃
၆.၇ လုပ်ငန်းပိတ်သိမ်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများ ................... ၁၀၇
၆.၈ ပတ်ဝန်းကျင်ထိခိုက်မှုများအား လျော့ချမည့်နည်းလမ်းနှင့် နည်းပညာများ................ ၁၀၇
6.8.1 ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများအား လျော့ပါးစေမည့် နည်းလမ်းများ..................... 110
၆.၉ ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လျော့ချရေးဆိုင်ရာကိစ္စများအတွက် လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ............................................................................ ၁၁၃
**7.0 ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်........................................................................... 115**
၇.၁ ရည်ရွယ်ချက် ................................................................................................... ၁၁၅
၇.၂ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ် ............................................. ၁၁၆
7.2.1 ကျန်းမာရေးအစီအစဉ် ............................................................................................ 116
7.2.2 လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်..................................................... 118
၇.၃ ဓာတုပစ္စည်းသုံးစွဲမှု ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ် ....................................... ၁၂၀
၇.၄ အရေးပေါ်တုန့်ပြန်မှုအစီအစဉ်များ ........................................................................ ၁၂၁
၇.၅ လေ့ကျင့်သင်တန်းပေးခြင်း အစီအစဉ် ..................................................................... ၁၂၃
၇.၆ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ........................................................................................ ၁၂၄
7.6.1 စွန့်ပစ်အစိုင်အခဲ................................................................................................... 124
7.6.2 စွန့်ပစ်အရည်နှင့် မိလ္လာစနစ် .................................................................................. 125
၇.၇ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မည့်အဖွဲ့ နှင့် တာဝန်ဝတ္တရားများ ............................................................................................... ၁၂၆
၇.၈ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု စောင့်ကြပ် ကြည့်ရှုခြင်း .................................................................................. ၁၂၈
7.8.1 ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးများ တိုင်းတာဆောင်ရွက်မည့် အခြေအနေ .......... 137
7.8.2 ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ဆောင်ရွက်ချက်များအတွက် သုံးစွဲမည့်အသုံးစရိတ် လျာထားချက် ........................................................................................................ 138
7.8.3 ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ထပ်မံထည့်သွင်းရေးဆွဲထားသည့် အစီအစဉ်များ139

၇.၉ **စောင့်ကြပ်စစ်ဆေးမည့်အစီအစဉ်** ........ ၁၄၀
7.9.1 **စီမံကိန်းကာလအလိုက်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်** ........ 141
၇.၁၀ **ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး** ........ ၁၅၀
၇.၁၁ **စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးနှင့် သင်တန်းအစီအစဉ်** ........ ၁၅၀
၇.၁၂ **စက်ရုံပိတ်သိမ်းခြင်း အစီအစဉ်** ........ ၁၅၁
**8.0 လူထုတွေ့ဆုံဆွေးနွေးခြင်းနှင့် အများပြည်သူသဘောထားရယူခြင်း ........ 152**
၈.၁ **နည်းလမ်းသတ်မှတ်မှုနှင့် ချဉ်းကပ်ဆောင်ရွက်မှု** ........ ၁၅၂
8.1.1 **ရည်ရွယ်ချက်** ........ 152
8.1.2 **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးမည့်နည်းလမ်းနှင့် ပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ်** ........ 153
၈.၂ **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း** ........ ၁၅၃
8.2.1 **တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်း** ........ 154
8.2.2 **စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးအကြံပြုချက်များ ရယူခြင်း နှင့် ပြန်လည်ရှင်းလင်းတင်ပြခြင်း** ........ 156
၈.၃ **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ သတင်းအချက်အလက်ထုတ်ပြန်ခြင်းအား လိုအပ်ချက် နှင့်အညီ အချိန်အခါအလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်** ........ ၁၇၀
၈.၄ **ဆွေးနွေးအကြံပြုချက်များနှင့် ပတ်သက်၍ တုန့်ပြန်ဆောင်ရွက်ထားရှိမှု** ........ ၁၇၀
8.4.1 **ဆက်လက်ဆောင်ရွက်မည့်တိုင်ပင်ဆွေးနွေးမှုများ** ........ 170
၈.၅ **ဒေသခံပြည်သူများအတွက် လူမှုရေးအရတာဝန်ယူဆောင်ရွက်ခြင်း** (CSR) **ဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် အသုံးပြုမည့်ရန်ပုံငွေလျာထားချက်** ........ ၁၇၁
**9.0 ကတိကဝတ်များ ........ 173**
၉.၁ **စီမံကိန်းဆောင်ရွက်သူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များ** ........ ၁၇၄
**10.0 နိဂုံးချုပ်နှင့် အကြံပြုချက် ........ 177**
၁၀.၁ **နိဂုံးချုပ်** ........ ၁၇၇
၁၀.၂ **အကြံပြုချက်** ........ ၁၇၈

**ဇယားစာရင်း**


**ဇယား ၁-၁ စက်ရုံအချက်အလက်များ**.................................................................................... ၁

**ဇယား ၂-၁: စီမံကိန်းဆိုင်ရာအချက်အလက်များ** ................................................................... ၁၃

**ဇယား ၂-၂: တတိယအဖွဲ့အစည်း**............................................................................................ ၁၇

**ဇယား ၂-၃ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဆောင်ရွက်သည့် လေ့လာဆန်းစစ်ရေးအဖွဲ့ဝင်များ** ..၁၇

**ဇယား ၃-၁: လိုက်နာဆောင်ရွက်မည့် ဥပဒေနှင့် နည်းဥပဒေများ**.............................................. ၂၃

**ဇယား** ၃-၂: အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘော တူညီချက်များ ............၃၉

**ဇယား ၃-၃ ပလပ်စတစ်လုပ်ငန်းနှင့် သက်ဆိုင်သည့်ကွန်ဗင်းရှင်းများနှင့်** ......................................၄၀

**ဇယား ၃-၄: စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ** (Effluent Levels).....................................၄၁

**ဇယား ၃-၅: ထုတ်လွှတ်အခိုးအငွေ့အဆင့်သတ်မှတ်ချက်များ** (Air Emission Levels) ................ ၄၂

**ဇယား ၃-၆: ဆူညံသံ** (Noise).................................................................................................၄၃

**ဇယား ၄-၁: အဆောက်အအုံအရေအတွက်နှင့် အကျယ်အဝန်း** .................................................၅၀

**ဇယား** ၄-၂ ကုန်ထုတ်လုပ်မှုပမာဏ...........................................................................................၅၃

**ဇယား** ၄-၃ ကုန်ကြမ်းပစ္စည်းသုံးစွဲမှု အမျိုးအစားပြဇယား..........................................................၅၉

**ဇယား** ၄-၄ ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသည့်(ကုန်ကြမ်း) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ..........................................................................................................................................၆၁

**ဇယား** ၄-၅ စက်ရုံတွင်အသုံးပြုသော စက်ပစ္စည်းများ စာရင်း.........................................................၆၃

**ဇယား** ၄-၆ စက်ရုံရှိ လုပ်ငန်းဌာနအသီးသီးမှ လုပ်သားအင်အားစာရင်း.........................................၆၆

**ဇယား ၄-၇: ရေအသုံးပြုမှုပမာဏ** ..............................................................................................၆၇

**ဇယား** ၄-၈ စက်မောင်းဆီ သုံးစွဲမှုစာရင်း.....................................................................................၆၈

**ဇယား** ၅-၁: စက်ရုံအတွင်း/အပြင်ရှိ လေအရည်အသွေး၊ ရေအရည်အသွေး၊ အသံဆူညံမှု အချက်အလက်များကို ကွင်းဆင်းနမူနာ ကောက်ယူခြင်း အချိန်ဇယား ..............................................၇၁

**ဇယား ၅-၂ နှစ်စဉ် မိုးရေချိန်နှင့်အပူချိန်** .....................................................................................၇၂

**ဇယား ၅-၃: လှိုင်သာယာမြို့နယ်ရှိစက်မှုဇုန်များ** ...........................................................................၇၃

**ဇယား ၅-၄: လှိုင်သာယာမြို့နယ်ရှိ မြေအသုံးချမှု ဧရိယာများ** .........................................................၇၃

**ဇယား ၅-၅ လေထုတိုင်းတာခြင်းဆိုင်ရာအချက်အလက်များ** ..........................................................၇၇

**ဇယား ၅-၆ ပထမအကြိမ်လေအရည်အသွေးတိုင်းတာမှုရလဒ်များ**...................................................၇၇

**ဇယား ၅-၇ ဒုတိယအကြိမ်လေအရည်အသွေးတိုင်းတာမှုရလဒ်များ** ...................................................၇၈

**ဇယား ၅-၈ ပထမအကြိမ် အဝီစိတွင်းရေအရည်အသွေးတိုင်းတာမှုရလဒ်များ** ..................................၈၃

**ဇယား ၅-၉ ပထမအကြိမ် စွန့်ပစ်ရေ အရည်အသွေးတိုင်းတာမှုရလဒ်များ**.........................................၈၃

**ဇယား ၅-၁၀ ဒုတိယအကြိမ် စွန့်ပစ်ရေနမူနာရယူနေပုံ**.....................................................................၈၅

**ဇယား ၅-၁၁ စွန့်ပစ်ရေနမူနာရယူသည့် တည်နေရာပြမြေပုံ** (၁၆°၅၀'၃၂.၁၈"N၊ ၉၆° ၄'၅၂.၉၃"E)၈၅

**ဇယား ၅-၁၂ စွန့်ပစ်ရေတိုင်းတာမှုရလဒ်များ**..................................................................................၈၆

**ပုံစာရင်း**


ပုံ ၃-၁: ISO ၉၀၀၁:၂၀၁၅ နှင့် ISO ၂၂၀၀၀:၂၀၀၅ လက်မှတ်များ...........................................၄၅
ပုံ ၄-၁: စီမံကိန်းတည်နေရာပြမြေပုံ ...........................................................................၄၈
ပုံ ၄-၂: စက်ရုံတည်နေရာပြမြေပုံ .............................................................................၄၉
ပုံ ၄-၃: စီမံကိန်းအဆောက်အဦများအား မြင်ရပုံ...................................................................၅၀
ပုံ ၄-၄: စက်ရုံအတွင်းရှိ အဆောက်အဦ နေရာချထားမှုပုံစံ ...................................................၅၁
ပုံ ၄-၅: စက်ရုံအတွင်း ဓာတုပစ္စည်းများ သိုလှောင်ထားရှိ အသုံးပြုပုံ........................................ ၅၂
ပုံ ၄-၆ MPG PVC ပိုက်နှင့် ပိုက်ဆက်ပစ္စည်းစက်ရုံမှ အဓိကထုတ်ကုန်များ..................................၅၄
ပုံ ၄-၇ ယေဘူယျ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်..............................................................၅၅
ပုံ ၄-၈ Hose Pipe ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့် ..........................................................၅၆
ပုံ ၄-၉ FRP ပိုက်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့် .................................................................၅၇
ပုံ ၄-၁၀ PPR/HDPE ပိုက် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့် ....................................................၅၈
ပုံ ၄-၁၁ စက်ရုံတွင်း အသုံးပြုသည့် Transformer နှင့် Generator...........................................၆၈
ပုံ ၄-၁၂: စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေ ထွက်ရှိရာပြမြေပုံ..........................................................၆၉
ပုံ ၅-၁ ၂၀၁၉ခုနှစ်၌ လေအရည်အသွေးတိုင်းတာနေပုံ...........................................................၇၆
ပုံ ၅-၂ ၂၀၂၄ ခုနှစ်၌ လေအရည်အသွေးတိုင်းတာနေပုံ...........................................................၇၆
ပုံ ၅-၃ လေအရည်အသွေးတိုင်းတာသည့်တည်နေရာ (၁၆°၅၀'၃၃.၅၂"N၊ ၉၆° ၄'၅၃.၁၈"E) .........၇၈
ပုံ ၅-၄ ဆူညံသံတိုင်းတာနေပုံ.........................................................................................၇၉
ပုံ ၅-၅ ဆူညံသံတိုင်းတာမှုရလဒ် ......................................................................................၈၀
ပုံ ၅-၆ ဆူညံသံတိုင်းတာသည့်တည်နေရာပြမြေပုံ (၁၆°၅၀'၃၃.၇၇"N, ၉၆° ၄'၅၃.၁၇"E) ............၈၀
ပုံ ၅-၇ ၂၀၂၉ခုနှစ်၌ ပထမအကြိမ်ရေအရည်အသွေးတိုင်းတာရန် နမူနာကောက်ယူနေပုံ.............. ၈၂

## Acronyms and abbreviations

| | |
|---|---|
| ADB | Asia Development Bank |
| ALARP | As low as reasonably practicable |
| CSR | Corporate Social Responsibility |
| DICA | Directorate of Investment and Company Administration |
| ECC | Environmental Compliance Certificate |
| ECD | Environmental Conservation Department |
| EIA | Environmental Impact Assessment |
| EMP | Environmental Management Plan |
| FDA | Food and Drug Administration. |
| GIS | Geographic Information System |
| HSE | Health, Safety and Environment |
| ISO | International Organization for Standardization |
| LAeq | Equivalent Continuous Sound Level A-weighted |
| MOECAF | Ministry of Environmental Conservation and Forestry |
| MONREC | Ministry of Natural Resources and Environmental Conservation |
| NEQEG | National Environmental Quality Emission Guidelines |
| NTMCL | NeoTech Myanmar Company Limited |
| PPE | Personal Protective Equipment |
| TCU | True Color Unit |
| WHO | World Health Organization |

## စီမံကိန်းဆောင်ရွက်သူ အောင်ကမ္ဘာကုမ္ပဏီလီမိတက်၏ ကတိကဝတ်

ဤ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) တွင်ပါရှိသည့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းများနှင့်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စီမံကိန်းဆောင်ရွက်သူကထိရောက်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းဆောင်ရွက်သူအနေဖြင့် အောက်ပါအချက်များအား မှန်ကန်တိကျစွာ ဆောင်ရွက်ကြောင်း ကတိပြုပါသည်-

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာ၍ ပြည့်စုံပါသည်။

(ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်း အပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာလိုက်နာ၍ ရေးဆွဲထားပါသည်။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာဆောင်ရွက်ပါမည်။

(ဃ) လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ကာလအတွင်း အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား တိုးတက်နေသည့်နည်းပညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန်ညွှန်ကြားချက်ရှိလာပါက လိုက်နာဆောင်ရွက်သွားပါမည်။

(င) စီမံကိန်းပိုင်ရှင်အနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ပြင်ဆင်ဖြည့်စွက်လိုပါက တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်ဆောင်ရွက်သွားပါမည်။

(စ) စီမံကိန်းလုပ်ငန်းများပြီးစီး၍ စီမံကိန်းလုပ်ငန်းပိတ်သိမ်းချိန်တွင် လူမှုဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိခိုက်မှုများရှိလာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အစီအမံများ ချမှတ်ဆောင်ရွက်သွားပါမည်။

မန်နေးဂျင်းဒါရိုက်တာ
အောင်ကမ္ဘာကုမ္ပဏီလီမိတက်

## တတိယအဖွဲ့အစည်း၏ ကတိကဝတ်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲသည့် တတိယအဖွဲ့အစည်းအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုဝန်ခံပါသည် -

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာသည် တိကျမှုနှင့် ပြည့်စုံမှုရှိပါသည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပါအဝင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ရေးဆွဲထားပါသည်။

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် လုပ်ငန်းတာဝန်များနှင့် အညီ တိကျစွာ လိုက်နာပြုစုထားပါသည်။

မန်နေးဂျင်းဒါရိုက်တာ
နီယိုတက်ခ်မြန်မာကုမ္ပဏီလီမိတက်

## ၁.၀ အစီရင်ခံစာအကျဉ်းချုပ်

### ၁.၁ စီမံကိန်းနောက်ခံအကြောင်းအရာ

ဤအစီရင်ခံစာသည် Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းမှ ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများအား ဆန်းစစ်လေ့လာ၍ ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန် ရေးဆွဲထားသော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းသည် ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်ပြီး အစုရှယ်ယာရှင် (၃) ဦးတို့ဖြင့် တည်ထောင်ထားရှိကာ ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၁၀၈၃၂၁၃၄၂ ရရှိပြီး လုပ်ငန်းစတင်လည်ပတ်ခဲ့ပါသည်။ အဆိုပါ Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းသည် အမှတ်-၁၀၁၊ တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်၊ မြောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပြီး ဧရိယာအားဖြင့် (၂) ဧက ၁ ကျယ်ဝန်းပါသည်။ လုပ်ငန်းဆောင်ရွက်သူ၏ အကြောင်းအချက်များအား ဇယား တွင် ဖော်ပြထားပြီး စက်ရုံတည်နေရာကို ပုံ တွင် ဖော်ပြထားပါသည်။

**ဇယား ၁-၁ စက်ရုံအချက်အလက်များ**

| စဉ် | အကြောင်းအရာ | ဖော်ပြချက်များ |
|---|---|---|
| ၁။ | စီမံကိန်းအမည် | အောင်ကမ္ဘာကုမ္ပဏီလီမိတက် ပလတ်စတစ်ပိုက်စက်ရုံ |
| ၂။ | စီမံကိန်းပိုင်ရှင်အမည် | ဦးမြင့်သိန်း (၉/မရန(နိုင်)၀၇၉၄၃၉) |
| ၃။ | စီမံကိန်းအမျိုးအစား | ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်း |
| ၄။ | ရင်းနှီးမြှုပ်နှံမှုအမျိုးအစား | ၁၀၀% မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု |
| ၅။ | ရင်းနှီးမြှုပ်နှံမှု ပမာဏ | ကျပ် ၂,၄၈၈.၈၃ (US$၁.၀၈၂သန်း အပါအဝင်) |
| ၆။ | စီမံကိန်းတည်နေရာ နှင့် အကျယ်အဝန်း | အမှတ် (၁၀၁)၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (၁၆°၅၀’၃၄.၀၀” N, ၉၆° ၄’၅၂.၅၇” E), ၂ ဧက |
| ၇။ | ဆက်သွယ်ရန် စက်ရုံတာဝန်ခံ | ဦးအောင်သန်း (စက်ရုံမှူး) ၀၉ ၄၅၀၀၄၅၆၄၀<br>ဦးဖေသက်ပိုင်(စီမံခန့်ခွဲရေးမန်နေဂျာ) ၀၉ ၄၅၂၃၃၃၀၁၂<br>ဖုန်းနံပါတ် ၀၁ ၃၆၈၄၃၄၂၊ ၀၁ ၃၆၈၄၃၄၆<br>အီးမေးလ် admin-hr.agb@aunggabar.com |

### ၁.၁.၁ ရည်ရွယ်ချက်

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းအနေဖြင့် စက်ရုံလည်ပတ်ရာတွင် ပတ်ဝန်းကျင်နှင့် ဒေသခံများအပေါ် အနည်းနှင့်အများ သက်ရောက်မှု ရှိနိုင်သည်ကို ရှေးရှု၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ရေးဆွဲထားပါသည်-

(က) စက်ရုံဝန်းကျင်ရှိ လေထု၊ ရေထု၊ ဆူညံသံ စသည့် ပတ်ဝန်းကျင်အရည်အသွေးများကို သိရှိနိုင်ရန်၊
(ခ) . လုပ်ငန်းလည်ပတ်စဉ်အတွင်း ပတ်ဝန်းကျင်အရည်အသွေးနှင့် ဒေသခံပြည်သူလူထု အပေါ် သက်ရောက်နိုင်မှုများအား ခန့်မှန်းနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန်၊
(ဂ) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ ကန့်သတ်စံချိန်စံညွှန်းထက်ကျော်လွန်နေသည်ကိုတွေ့ရှိပါက လျော့နည်းသက်သာစေမည့် အစီအစဉ်များ ဆောင်ရွက်နိုင်ရန်၊
(ဃ) ကျန်းမာ၍ ဘေးန္တရာယ်ကင်းသော လုပ်ငန်းခွင်တစ်ခုဖြစ်စေရန်၊
(င) စက်ရုံမှ လူထုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

## ၁.၂ မူဝါဒနှင့် ကြီးကြပ်ကွပ်ကဲထိန်းသိမ်းရေး မူဘောင်

အဆိုပါလုပ်ငန်းသည် နိုင်ငံတော်အဆင့် နှင့် ဒေသအဆင့် စံနှုန်းများနှင့် အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပက်သက်သည့် ဒေသအဆင့် စံနှုန်းများ တွင် အောက်ပါတို့ပါဝင်သည် -

-ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)
-ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)
-အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)
-ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)။

စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပြဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် များအား လိုက်နာဆောင်ရွက်ရမည်ကို နားလည်သိရှိသဘောပေါက်ပါသည်။ လုပ်ငန်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ ပြဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များအား အထူးဂရုပြု လိုက်နာသွားမည် ဖြစ်ပါသည်-

-မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)
-မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၇)
-ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)
-ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)
-ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ (၁၉၉၅)
-မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)
-လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)
-အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)
-အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)
-Workmen Compensation Act
-အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)
-ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁)
-အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)
-အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)
-လူမှုဖူလုံရေး ဥပဒေ (၂၀၁၂)
-ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ (၂၀၁၃)
-သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)
-ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈)
-ကုန်သွယ်ခွန်ဥပဒေ (၁၉၉၀)
-ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)
-လျှပ်စစ်ဥပဒေ (၂၀၁၄)
-သက်ဆိုင်ရာအမိန့်ကြော်ငြာစာများ
-စက်မှုဇုန်မှချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေများ နှင့် ညွှန်ကြားချက်များ

## ၁.၃ လုပ်ငန်းအကြောင်းအရာ

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသည် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများ၊ အစိုးရ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေပေးဝေရေး စီမံကိန်းများနှင့် လယ်ယာလုပ်ငန်းသုံး လုပ်ငန်းများ စသည်တို့တွင် အသုံးပြုသည့် ပိုက်များကို ဈေးနှုန်းမှန်ကန်ပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများအား အသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ အဆိုပါ စက်ရုံသည် လုပ်ငန်းမှတ်ပုံတင်နှင့် ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်း

လိုင်စင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ စက်မှုလုပ်ငန်းလိုင်စင်၊ ဓာတုဗေဒပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်အမှတ်စသည့် သတ်မှတ်ထားသော မှတ်ပုံတင်ခြင်း လုပ်ငန်းများ ကို ဆောင်ရွက်ထားရှိပြီး ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် The Quality Management System အသိအမှတ်ပြုလက်မှတ် (ISO 9001: 2015) လည်း ရရှိထားပြီး ဖြစ်ပါ သည်။

| စဉ် | သက်ဆိုင်ရာ လိုင်စင်များ/ မှတ်ပုံတင်များ |
|---|---|
| ၁။ | ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၀၈၃၂၁၃၄၂ |
| ၂။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် မနသ - ၂၅၇/၉၉ |
| ၃။ | The Quality Management System အသိအမှတ်ပြုလက်မှတ် (ISO 9001: 2015) |
| ၄။ | ရန်ကုန် မြို့တော်စည်ပင်သာယာ ရေးကော်မတီ၏ လုပ်ငန်းလိုင်စင် |
| ၅။ | ပုဂ္ဂလိကစက်မှု လုပ်ငန်းမှတ်ပုံတင်အမှတ် - ရက/ကြီး/ ၂၆၃၄၊ ရက/ကြီး/ ၉၀၉ |
| ၆။ | ဓာတုဗေဒပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်အမှတ် - ၀၀၀၆၃၃ |
| ၇။ | ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်အမှတ် - ၁၀၈၃၂၁၃၂ |

အဆိုပါ Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို ၁၉၉၀ ခုနှစ်တွင် လုပ်ငန်းလိုင်စင်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၉၉ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် မနသ - ၂၅၇/၉၉ ဖြင့် ရင်းနှီးမြှုပ်နှံခဲ့ပြီး ယခုအခါတွင် Aung Gabar Co., Ltd. ၏ ရင်းနှီးမြှုပ်နှံသူအနေဖြင့် ဦးမြင့်သိန်း အမည်သို့ ပြောင်းလဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် လုပ်ငန်းအမျိုးအစားအား လယ်ယာသုံးရေစုပ်ပိုက် အကြည်ထုတ်လုပ်ခြင်းလုပ်ငန်းမှ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသို့လည်ကောင်း၊ ရင်းနှီးမတည်ငွေ ကျပ် ၅၆,၀၀၀ သန်းမှ ၄၆၃.၈၃၀ သန်းသို့လည်း ကောင်း တိုးမြှင့်ပြင်ဆင် ခွင့်ပြုချက်ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုပြင်ဆင်ခွင့်ရရှိခဲ့ပါကြောင်း နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။

၂၀၂၃ခုနှစ် ဇွန်လ (၂၄)ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂/၂၀၂၃ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော အောင်ကမ္ဘာကုမ္ပဏီလီမိတက်၏ မတည်ငွေရင်း ပမာဏကို ကျပ် ၂,၄၈၈.၈၃ (US$၁.၀၈၂သန်း အပါအဝင်)သို့ တိုးမြှင့်ပြင်ဆင်ပြီး ဖြစ်ပါသည်။

စီမံကိန်းအား ခွင့်ပြုချက်များနှင့်အညီ နှစ်စဉ်ပုံမှန်သက်တမ်းတိုး၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ သက်ဆိုင်ရာမှခွင့်ပြုချက်များရရှိနေသ၍ ရေရှည်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပြီး၊ ယေဘုယျအားဖြင့် နှစ်ပေါင်း (၅၀) ခန့် ဆောင်ရွက်ရန် လျာထားပါသည်။ လုပ်ငန်းဖျက်သိမ်းရန် လိုအပ်လာပါက ဥပဒေ၊ ညွှန်ကြားသတ်မှတ်ချက်များနှင့်အညီ (၆) လခန့်အတွင်း အပြီးဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းအား ရုံးဝန်ထမ်း (၆၉) ဦး နှင့် စက်ရုံဝန်ထမ်း (၅၄)ဦး၊ စုစုပေါင်း ဝန်ထမ်းအင်အား (၁၂၃)ဦး ဖြင့် လည်ပတ်လျှက်ရှိပါသည်။ နှစ်စဉ်အလုပ်လုပ်ရက် (စက်လည်ပတ်ရက်) အနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ၃၁၂ ရက် သတ်မှတ်ထားပြီး အစိုးရရုံးပိတ်ရက်များ၊ အခါကြီးရက်ကြီးများအား အလုပ်ပိတ်ရက် အဖြစ်သတ်မှတ်ထားပါသည်။

ပိုက်နှင့် ပိုက်ဆက်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်း (၁၅) မျိုးအား အသုံးပြုပြီး တစ်နှစ်လျှင် ကုန်ကြမ်းလိုအပ်ချက်မှာ ကုန်ချောထွက်ရှိမှုပေါ် မူတည်၍ တင်သွင်း လျက်ရှိပါသည်။ လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း/ပြည်ပကုမ္ပဏီများမှ မှာယူ တင်သွင်းလျက်ရှိပြီး ကုန်ကြမ်းပစ္စည်း သိုလှောင်ရုံတွင် ပြည်တွင်းမှ မှာယူနိုင်သော ကုန်ကြမ်း ပစ္စည်းများကို အနည်းဆုံး (၄၅) ရက်စာနှင့် ပြည်ပမှ မှာယူရသော ကုန်ကြမ်းများကို အနည်းဆုံး (၉၀) ရက်နီးပါး သိုလှောင်ထားရှိပါသည်။

အဓိကအားဖြင့်အသုံးပြုသော စက်ပစ္စည်းအမျိုးအစားများကို ကိုရီးယားနိုင်ငံမှ အများဆုံး တင်သွင်းထားခြင်းဖြစ်ပါသည်။ လျှပ်စစ်စွမ်းအင် ရယူသုံးစွဲမှုအတွက် (၁၀၀၀ KVA ၅၀၀ KVA နှင့် ၃၁၅ KVA) Transformer မှ ရယူသုံးစွဲ လျက်ရှိသော်လည်း လျှပ်စစ်မီးပြတ်တောက်ပါက လုပ်ငန်းလည်ပတ် ခြင်းအား ထိခိုက်မှု မရှိစေရန် ၅၀၀ KVA ဝန်အားရှိ မီးစက်အား အရံထား ရှိပါသည်။ စက်ပစ္စည်းနှင့် ယာဉ် ယန္တရားအင်အားစာရင်း အသေးစိတ်အား စီမံကိန်းအကြောင်းအရာဖော်ပြချက်အခန်းတွင် အသေးစိတ် ဖော်ပြထားပါသည်။

## ၁.၄ လုပ်ငန်းတည်နေရာနှင့် မြေနေရာအကျယ်အဝန်း

အဆိုပါ စက်ရုံ၏ ပထဝီဆိုင်ရာ အနေအထားအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်း ခရိုင်၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၁)၊ ဦးထွန်းညိုလမ်း၊ အမှတ်-၁၀၁ တွင် တည်ရှိပြီး မြောက်လတ္တီကျု ၁၆:၅၀'၃၄.၀၀"နှင့် အရှေ့လောင်ဂျီကျု ၉၆° ၄:၅၂.၅၇"တွင် တည်ရှိပါသည်။ စက်ရုံ ၏ ဧရိယာအကျယ်အဝန်းအားဖြင့် ၂ ဧက ကျယ်ဝန်းပါသည်။ ကျယ်ဝန်းပါသည်။ စက်ရုံ၏ အရှေ့ဘက်တွင် Winco (Garment Golf အိတ်ချုပ်စက်ရုံ)၊ အနောက်ဘက်တွင် ဂိုဒေါင် (ပိတ်ထားသည့် ဂိုဒေါင်)၊ ညာဘက်တွင် ငွေသဇင်မင်းစက်ရုံနှင့် ဘယ်ဘက်တွင် Steel Tank စက်ရုံတို့ တည်ရှိပါသည် စက်ရုံတည်နေရာပြမြေပုံအား ပုံတွင် ဖော်ပြထားပါသည်။

## ၁.၅ လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အကြောင်းအရာ

စက်ရုံ ဧရိယာနှင့် စက်ရုံအနီးပတ်လည်တွင် တည်ရှိသော လက်ရှိသဘာဝ ပတ်ဝန်းကျင် နှင့် လူမှုပတ်ဝန်းကျင်အကြောင်းအရာ အခြေအနေများကို လက်ရှိအခန်း (၅) တွင် ဖော်ပြထားပါသည်။

စက်ရုံ အတွင်း/အပြင်ရှိ လေအရည်အသွေး၊ ရေအရည်အသွေး၊ အသံဆူညံမှု စသည့် အခြေခံ တိုင်းတာရသည့် လက်ရှိသဘာဝဝန်းကျင်ဆိုင်ရာ အချက်အလက်များကို နမူနာ ကောက်ယူ၍ ဓာတ်ခွဲခန်းသို့ ပို့ဆောင် စစ်ဆေး ဆောင်ရွက်ခဲ့ပြီး လူမှုပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ခြင်း၊ ကွင်းဆင်းစာရင်း ကောက်ယူခြင်းများ ပြုလုပ်၍ ဆောင်ရွက်ခဲ့ပါသည်။

ဝန်းကျင်အရည်အသွေးစစ်တမ်းကောက်ယူသည့်နေရာနှင့် အချက်အလက်များ

| **Water Quality Testing** | Water sample (wastewater) | Location (Lat:/Long:) | 16°50'32.18"N, 96° 4'52.93"E |
|---|---|---|---|
| **Air Quality Monitoring** | Using Equipment | EPAS Haz scanner, Ozone Meter, Air quality multimeter | |
| | Parameter | $O_3$, CO, $SO_2$, $NO_2$, $PM_{2.5}$, $PM_{10}$, RH, VOC, Humidity, Temperature | |
| | Date and Period | 14.Jun 2019, 14 Sep 2024 (8hours) | |
| | Location | Latitude: 16°50'33.52"N, Longitude: 96° 4'53.18"E | |
| **Noise Level Measurement** | Using Equipment | Digital Noise Meter | |
| | Date and Period | 14.Jun 2019 (24 hours) | |
| | Location | 16°50'33.77"N, 96° 4'53.17"E | |

စက်ရုံပတ်ဝန်းကျင်ဧရိယာအတွင်းရှိ လက်ရှိအနေအထားတွင်ရှိသော မူလလေထု အရည်အသွေးအား သိရှိနိုင်ရန်ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM) ရှိ ကျွမ်းကျင်ပညာရှင်များမှ (၁)ကြိမ်၊ NeoTech Myanmar ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလတွင် တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ် တိုင်းတာခဲ့ပါသည်။ တိုင်းတာရရှိခဲ့သော လေထုအရည်အသွေးနှင့် ဆူညံသံအဆင့်များလည်း လက်ခံနိုင်သော အကန့်အသတ်များအတွင်း ရှိကြောင်း တိုင်းတာသိရှိရပါသည်။

ရေထုအရည်အသွေး တိုင်းတာရန် အတွက် ၃၀-၆-၂၀၂၀ ရက်နေ့တွင် စက်ရုံရှိ အဝီစိတွင်းရေနှင့် စွန့်ပစ်ရေကို နမူနာရယူပြီး စိမ်းလန်းအမိမြေ ဓာတ်ခွဲခန်းသို့ ပထမအကြိမ်၊ ၁၄-၉-၂၀၂၄ ရက်နေ့တွင် စွန့်ပစ်ရေနမူနာ ရယူပြီး **ISO Tech Laboratory** သို့ ပို့ဆောင်ကာ ဒုတိယအကြိမ် ရေအရည်အသွေးစစ်ဆေးခဲ့ပါသည်။

အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅) နှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များနှင့် နှိုင်းယှဉ်ရာ ပထမအကြိမ် တိုင်းတာသည့် ရေအရည်အသွေး ရလဒ်များမှာ လမ်းညွှန်ချက်များ အတွင်းတွင် ရှိကြောင်းတွေ့ရှိရပါသည်။

ဒုတိယအကြိမ် တိုင်းတာသည့် စွန့်ပစ်ရေ အရည်အသွေး ရလဒ်သည်လည်း အမျိုးသား သဘာဝပတ်ဝန်းကျင်ထုတ်လွှတ်မှု လမ်းညွှန်ချက်များ (၂၀၁၅) အတွင်းရှိကြောင်း တွေ့ရှိရပါသည်။

## ၁.၆ ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများ

ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်မှုများအား လေ့လာဆန်းစစ်သည့် နည်းလမ်းနှင့် အဓိကသက်ရောက်မှုနှင့် ၎င်းအပေါ် လျှော့ချမည့် နည်းလမ်း များအား အကျဉ်းချုပ် ထည့်သွင်းဖော်ပြထားပါသည်။

လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းပိတ်သိမ်းခြင်း တို့မှ ထွက်ပေါ်နိုင်သော အန္တရာယ်များနှင့် သက်ရောက်မှုများကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နိုင်ခြင်း၊ အသံဆူညံခြင်း၊ လုပ်သားများမှ စွန့်ပစ်ရေ ထွက်ရှိခြင်း၊ စွန့်ပစ်အမှိုက်ထွက်ရှိခြင်းနှင့် လုပ်သားများ ထိခိုက်ဒဏ်ရာ ရရှိနိုင်ခြင်း စသည်တို့၏ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု ပမာဏများ ကို လေ့လာဆန်းစစ်ထားပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရန်အတွက် ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုအကြိမ်ရေ၊ ဖြစ်နိုင်ခြေရှိမှုအလားအလာ၊ ပြင်းထန်နိုင်မှုအခြေအနေ စသည်တို့အပေါ်တွင် အခြေခံ၍ ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနည်းလမ်းအား အသုံးပြုတွက်ချက်ထားပါသည်။ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖော်ထုတ်ပြီးနောက် လျော့ပါးစေမည့်လုပ်ငန်းများ ဆောင်ရွက်ပြီး ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုလျော့နည်းစေရေးဆောင်ရွက်ရန်မှာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အဆင့်များအား လိုက်နာဆောင်ရွက်ထားပါသည်-

○ အဆင့် ၁ - လှုပ်ရှားမှုများအား ဖော်ထုတ်သတ်မှတ်ခြင်း
○ အဆင့် ၂ - ပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များ ဖော်ထုတ်သတ်မှတ်ခြင်း
○ အဆင့် ၃ - ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ဖော်ထုတ်သတ်မှတ်ခြင်း
○ အဆင့် ၄ -ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၏ သိသာထင်ရှားမှုအား ဆန်းစစ်ခြင်း

ပတ်ဝန်းကျင်နှင့်လူမှုထိခိုက်နိုင်မှုများအား တည်ဆောက်ရေးကာလ နှင့် လုပ်ငန်းလည်ပတ်သည့်ကာလ ခွဲခြား၍ အကျဉ်းချုပ်ဖော်ပြထားပါသည်။

Aung Gabar Co., Ltd. ၏ လုပ်ငန်းလည်ပတ်ခြင်း ကြောင့် ပတ်ဝန်းကျင်အပေါ်တွင် ထိခိုက်နိုင်သည့်သက်ရောက်မှုများအား အောက်ပါအတိုင်း တွေ့ရှိ ရပါသည်။

(က) **လေထုအရည်အသွေး။** အမှုန်အမွှားများထွက်ရှိခြင်း၊ အသုံးပြုသော ယာဉ်များမှ အခိုးအငွေ့ထွက်ရှိခြင်းနှင့် စက်များလည်ပတ်ခြင်းကြောင့် အပူချိန် မြင့်တက်ခြင်း

(ခ) **ရေထုအရည်အသွေး။** ပိုက်များ အအေးခံရန်အတွက် ရေသုံးစွဲမှုရှိပြီး အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် အလုပ်သမားများအသုံးပြုရာမှထွက်ရှိလာသော စွန့်ပစ်ရေများ သာရှိသည့်အတွက် ရေထုအရည်အသွေးအပေါ် များစွာသက်ရောက်မှု မရှိနိုင်ပါ။

(ဂ) **ဆူညံသံ။** ကော်စေ့ထုတ်လုပ်ခြင်း၊ ပိုက်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ပိုက်အတိုအစများအား ကြိတ်ခွဲ၍ ပြန်လည်အသုံးပြုခြင်း စသည့် လုပ်ငန်းစဉ်များမှ ဆူညံသံ ထွက်ပေါ်နိုင်ခြင်း၊ စက်ရုံအတွင်း ယာဉ်များသွားလာခြင်းမှလဲ ဆူညံသံဖြစ်ပေါ်စေနိုင်ခြင်း

(ဃ) **စွန့်ပစ်ပစ္စည်း ထွက်ရှိခြင်း။** လုပ်ငန်းလည်ပတ်ခြင်းမှ စွန့်ပစ်ပစ္စည်း ထွက်ရှိမှုအနေဖြင့် ပီနံအိတ်များနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများ အနည်းငယ်ထွက်ရှိခြင်း၊ ရုံးလုပ်ငန်းမှ စာရေးကိရိယာ စွန့်ပစ်ပစ္စည်းများ၊ အစာကြွင်း အကျန်များ၊ အမှိုက်များ ထွက်ရှိခြင်း၊

(င) **စက်သုံးဆီများယိုဖိတ်ခြင်း။** ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်၊ ယိုဖိတ်နိုင်ခြင်း၊

(စ) **ရေနှင့်စွမ်းအင်သုံးစွဲမှုတိုးလာခြင်း။** လုပ်ငန်းလည်ပတ်ခြင်းနှင့် လုပ်သားများ သုံးရန်အတွက် ရေလိုအပ်ချက်နှင့် လျှပ်စစ်အသုံးပြုမှုများလာနိုင်ခြင်း၊ ယာဉ်၊စက်များ အတွက် စက်မောင်းဆီသုံးစွဲမှုများ တိုးလာနိုင်ခြင်း၊

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး။** သိုလှောင် ထားရှိသော ဓာတုပစ္စည်းများမှ ကျန်းမာရေးကိုထိခိုက်နိုင်ခြင်း၊ ကုန်ပစ္စည်းများ သိုလှောင်ထားရှိသည့်နေရာနှင့် စက်များလည်ပတ်ရာနေရာတွင် မတော်တဆများ ဖြစ်နိုင်ခြင်း၊ မီးလောင်ပေါက်ကွဲခြင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားခြင်းစသည်တို့ ဖြစ်ပေါ် နိုင်ပါသည်။

(ဇ) **အပူချိန်မြင့်တက်မှုခံစားရခြင်း။** ပိုက်ထုတ်လုပ်ရာတွင် လိုအပ်သော ပုံစံရရှိရန် အပူပေး၍ ပုံသွင်းရသည့်အတွက် စက်ရုံအတွင်းလုပ်ကိုင်နေသော အလုပ်သမားများ အနေဖြင့် အပူချိန်မြင့်တက်မှုကို ခံစားရနိုင်ခြင်း၊

Aung Gabar Co., Ltd. ၏ လုပ်ငန်းပိတ်သိမ်းခြင်းကြောင့် ပတ်ဝန်းကျင်အပေါ်တွင် ထိခိုက်နိုင်သည့်သက်ရောက်မှုများအား အောက်ပါအတိုင်း တွေ့ရှိ ရပါသည်။

(က) **လေထုအရည်အသွေး။** လုပ်ငန်းပိတ်သိမ်းရေးလုပ်ငန်းများကြောင့် ဖုန်များထွက်ရှိခြင်း၊ အမှိုက်များကို မီးရှို့ခြင်းနှင့် ယာဉ်များသွားလာမှုကြောင့် လေထုကို ညစ်ညမ်းစေနိုင်ပါသည်။

(ခ) **ရေအရည်အသွေး။** ရေဆိုးထွက်ရှိမှု - အလုပ်သမားများ သုံးစွဲလိုက်သည့် စွန့်ပစ်ရေဆိုးများကြောင့် ရေအရည် အသွေးကို ထိခိုက်နိုင်ပါသည်။

(ဂ) **စွန့်ပစ်အစိုင်အခဲများ။** ဘေးအန္တရာယ်မရှိသော စွန့်ပစ်အမှိုက်များ - အဆောက်အဦဖျက်သိမ်းရာမှ ထွက်ရှိလာသော သံတိုသံစများ၊ သစ်စသစ်နများ၊ ကွန်ကရစ်တုံးများ ထွက်ရှိနိုင်ခြင်း၊ နှင့် ဘေးအန္တရာယ်ရှိသော အရာများ- ပိတ်သိမ်းရေးလုပ်ငန်းတွင် အသုံးပြုသည့် ယာဉ်နှင့်စက်များ ကြောင့် ချောဆီ၊ လောင်စာကဲ့သို့ ဘေးအန္တရာယ်ရှိသော အရာများ ထွက်ရှိနိုင်ခြင်း၊

(ဃ) **လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး။** အလွန်မောပန်းခြင်း၊ ဖျားနာခြင်း၊ မတော်တဆ ထိခိုက်ခြင်း၊

ပတ်ဝန်းကျင်ထိခိုက်နိုင်မှု ပမာဏများပေါ် မူတည်၍ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်း ပိတ်သိမ်းခြင်း တို့မှ ထွက်ပေါ်နိုင်သော အန္တရာယ်များနှင့် သက်ရောက်မှုများကို သတ်မှတ်စံနှုန်းများ၊ လမ်းညွှန်ချက်များအတွင်း အမြဲရှိနေစေရန် လျှော့ချနိုင်မည့် နည်းလမ်းများတွင် ထိန်းချုပ်ရေး ပစ္စည်းကရိယာများ တပ်ဆင်အသုံးပြုခြင်း၊ လုပ်ငန်းခွင်ဘေးကင်းရေး စီမံခန့်ခွဲခြင်း၊ သင်တန်းပေး

ခြင်း၊ စွန့်ပစ်ရေနှင့် စွန့်ပစ်အမှိုက်များ စနစ်တကျ စီမံခန့်ခွဲခြင်း၊ ဓာတုဗေဒပစ္စည်းများ စနစ်တကျ ကိုင်တွယ်အသုံးပြုရန် သင်တန်းပေးခြင်း၊ မီးဘေးကာကွယ်ခြင်းနှင့်တုန့်ပြန်ခြင်း၊ သဘာဝဘေးနှင့် ကြုံရပါက စီမံခန့်ခွဲခြင်း၊ လုပ်သားများ ကျန်းမာရေးအတွက် စီမံခန့်ခွဲခြင်း၊ လုပ်ငန်းတည်ရှိရာ ဒေသ၏ လူမှုစီးပွားကဏ္ဍဖြိုးတိုးတက်ရေးတွင် ပါဝင်ကူညီထောက်ပံ့ခြင်း၊ စသည်တို့ကို ပါဝင်ပါသည်။

အသေးစိတ်အား အခန်း(၆) ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် လျော့နည်းစေရေးနည်းလမ်းများ တွင်ကြည့်ရှုနိုင်ပါသည်။

## ၁.၇ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

အဆိုပြုစီမံကိန်း၏ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အောက်ပါ စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ ထည့်သွင်း ဖော်ပြထားပါသည်။

အဆိုပြုစီမံကိန်း၏ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် စီမံခန့်ခွဲရေးအဖွဲ့နှင့် လုပ်ဆောင်ရေး အဖွဲ့ ဖွဲ့စည်းခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် လုပ်ဆောင်နိုင်ရန် သီးခြား ငွေစာရင်း ဖွင့်ထားခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေး အစီအစဉ်၊ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေး အစီအစဉ်၊ လုပ်ငန်းခွင် ကျန်းမာရေး နှင့် ဝန်ထမ်းများ လူမှုဖူလုံရေး အစီအစဉ်၊ မီးဘေးကာကွယ်ရေး အစီအစဉ်၊ အရေးပေါ် အခြေအနေတုန့်ပြန်ခြင်းနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်၊ စွန့်ပစ် ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်၊ ဒေသ၏လူမှုစီးပွားဆိုင်ရာ ဖွံ့ဖြိုးရေး ကဏ္ဍများတွင် ပါဝင်ကူညီထောက်ပံ့ခြင်း အစီအစဉ်နှင့် လုပ်ငန်းမှထွက်ပေါ်လာနိုင်သည့် ထုတ်လွှတ်မှုများ၊ သက်ရောက်မှုများနှင့် ဘေးအန္တရာယ်များကြောင့် လေထု၊ ရေထု၊ မြေထု စသည့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများအပေါ် သက်ရောက်နိုင်မှုများကို စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ စသည်တို့ ပါဝင်ပါသည်။

စက်ရုံပိုင်ရှင်အနေဖြင့် လုပ်ငန်းကာလတလျှောက်လုံး လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများ ကို လျော့နည်းစေရန်အတွက် အဆိုပြုစီမံကိန်း၏ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များကို မပျက် မကွက် တိကျစွာလိုက်နာဆောင်ရွက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လစဉ် စောင့်ကြပ် ကြည့်ရှုမှတ်သား၍ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနသို့ ၆လတကြိမ် အစီရင်ခံ တင်ပြသွားပါမည်။

အဆိုပြုစီမံကိန်း၏ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အတိုင်း စနစ်တကျ လုပ်ဆောင်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မည့် ဆိုးကျိုးဖြစ်စေသောအရာများကို လျော့ချနိုင်မည် ဖြစ်ပါသည်။ အသေးစိတ်အား အခန်း(၇) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် တွင်ကြည့်ရှုနိုင်ပါသည်။

## ၁.၈ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း

ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း နှင့် ဖွံ့ဖြိုးရေး အစီအစဉ် အကျဉ်းချုပ်တွင် ဆွေးနွေးပွဲရလဒ်များနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း စီမံချက် အကျဉ်းချုပ်ကို ထည့်သွင်း ဖော်ပြရန်၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် အကောင် အထည်ဖော် ဆောင်ရွက်မည့် ပုဂ္ဂိုလ် / အဖွဲ့အစည်း၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ် နှင့် အကောင်အထည် ဖော်ဆောင် ရွက်မည့် ပုဂ္ဂိုလ် / အဖွဲ့အစည်းတို့ အား အကျဉ်းချုပ်ထည့်သွင်း ဖော်ပြရန်၊

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးပွဲအခမ်းအနားအား အောင်ကမ္ဘာကုမ္ပဏီလီမိတက်၏ ရေပိုက်ထုတ်လုပ်ခြင်းလုပ်ငန်းစက်ရုံအနီး ရန်ကုန်တိုင်းဒေသကြီး၊ ရွှေဘဲစားတော်ဆက် (ရောဝတီခန်းမ) ၌ ဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးပွဲကျင်းပခြင်းဖြင့် အောက်ပါ ရလဒ်များ ရရှိခဲ့ပါသည်-

- စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုစီးပွားဆိုင်ရာ ဆောင်ရွက်နေမှုများအား ပွင့်လင်း မြင်သာစွာ ရှင်းလင်းတင်ပြနိုင်ခြင်း
- စီမံကိန်းနှင့်ပတ်သက်၍ တက်ရောက်လာသူများထံမှ အလုပ်အကိုင်များ ဖန်တီး ပေးနိုင်ခြင်း၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်းများအား ကျေနပ်ကြောင်း၊ စီမံကိန်း ဆောင်ရွက်ခြင်းအား ထောက်ခံကြောင်း စသည့် အပေါင်းလက္ခဏာဆောင်သည့် သဘောထားများအား သိရှိရခြင်း၊
- တက်ရောက်လာသူများထံမှ သက်ဆိုင်ရာဝန်ကြီး ဌာန၏ ကြီးကြပ်မှုအပေါ် လိုက်နာ ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား လိုက်နာ ဆောင်ရွက်သွားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ လူမှုရေးဆောင်ရွက်ချက်များအား မပြတ်ဆောင်ရွက်သွားရန်၊ စီမံကိန်းအတွင်းနှင့် အနီးပတ်ဝန်းကျင်အပေါ် ဘေးအန္တရာယ် ကျရောက်မှုမရှိရေး ကာကွယ်ပေးသွားရန် စသည့် ကောင်းမွန်သည့် အကြံဉာဏ်များရရှိခြင်း

ဆွေးနွေးပွဲရလဒ်များအရ အောက်ပါအချက်များအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

- လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းဆိုင်ရာ ကောင်းမွန်သည့် အမူအကျင့်များ အား ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်း၊
- ဒေသခံများနှင့် ကောင်းမွန်သည့် ဆက်ဆံရေးအား ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်း နှင့် အများပြည်သူ၏ သဘောထားများ၊ အကြံဉာဏ်များ အမြဲတမ်း ရရှိနိုင်စေရန် အတွက် ကုမ္ပဏီ လီမိတက်၏ စီမံကိန်း၌ အကြံပြုရန်စီစဉ်ထားရှိဆောင်ရွက်ခြင်း၊
- CSR လုပ်ငန်းများအား စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ခြင်း

## ၁.၉ CSR ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် အသုံးပြုမည့် ရန်ပုံငွေလျာထားချက်

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အစီရင်ခံစာရေးဆွဲရာတွင် သဘာဝ ပတ်ဝန်းကျင် သာမက ဒေသဖွံ့ဖြိုးရေးနှင့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်လည်း ထည့်သွင်းရေးဆွဲထားပါသည်။ သို့ဖြစ်၍ Corporate Social Responsibility (CSR) ဆောင်ရွက်မည့် လုပ်ငန်းများ အတွက် ကုမ္ပဏီလည်ပတ်စဉ်ကာလတလျှောက် ရန်ပုံငွေများ လျာထား၍ သုံးစွဲသွားမည်ဖြစ်ပါသည်။ ဤအစီအစဉ်ကို ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှု ပတ်ဝန်းကျင် အကျိုးပြုနိုင် ရေးအတွက် ရည်ရွယ်ပြီး ရေးဆွဲခြင်းဖြစ်ပါသည်။ CSR လုပ်ငန်း ရန်ပုံငွေမှာ လုပ်ငန်းအခွန်များ၊ စက်ရုံ တိုးတက်ရေးအတွက် ကုန်ကျငွေများ ဆောင်ရွက်ပြီး နောက် လုပ်ငန်း၏အသားတင်အမြတ် ၂% ကို အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁.၁၀ နိဂုံးချုပ်

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသည် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းများ၊ အစိုးရ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာသုံးလုပ်ငန်းများ စသည်တို့တွင် အသုံးပြုသော ပလပ်စတစ်ပိုက်အမျိုးမျိုးတို့ကို ဈေးနှုန်း မှန်ကန်ပြီး အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ရောင်းချလျက် ရှိပါသည်။ စက်ရုံသည် သတ်မှတ်ထားသော မှတ်ပုံတင်ခြင်း လုပ်ငန်း များကို ဆောင်ရွက်ထားသည့်အပြင် The Quality Management System အသိအမှတ်ပြု လက်မှတ် (ISO 9001: 2015) လည်း ရရှိထားပြီး ဖြစ်ပါသည်။

စက်ရုံသည် စက်ရုံလည်ပတ်ရာမှ သက်ရောက်နိုင်သော ဆိုးကျိုးများ၊ လျော့နည်းသက်သာ စေရေးနည်းလမ်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအစဉ်များ အားလုံးကို ခြုံငုံမိစေရန် ဤပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာအား ရေးဆွဲထားခြင်းဖြစ် ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်မှုများအား ဆန်းစစ်လေ့ခြင်းနှင့် လျော့နည်းသက်သာ စေမည့် နည်းလမ်းများကို အခန်း (၆) တွင် လည်းကောင်း၊ စောင့်ကြပ်စစ်ဆေးမည့် အစီအစဉ်များ ကို အခန်း (၇) တွင် လည်းကောင်း၊ လူထုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မည့် ရန်ပုံငွေလျာထားချက် များအား အခန်း(၈) တွင်လည်းကောင်း ထည့်သွင်း ရေးဆွဲ ဖော်ပြထားရှိပါသည်။

ဤအစီရင်ခံစာတွင် Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ် ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းမှ တည်ဆဲဥပဒေများ၊နည်းဥပဒေများနှင့် လမ်းညွှန်ချက်များနှင့် အညီ လိုက်နာရန်ကတိကဝတ်များနှင့် တာဝန်ယူမှု အစီအစဉ်များကိုလည်း လိုက်နာဆောင်ရွက် သွားမည်ဖြစ်ပါသည်။

စက်ရုံဧရိယာအတွင်း လေထု၊ ရေထု နှင့် ဆူညံသံအရည်အသွေးများ တိုင်းတာမှုကိုလည်း ပြုလုပ်ခဲ့ရာ လေထု၊ ရေထု နှင့် ဆူညံသံ အရည်အသွေးတို့သည် EQEG လမ်းညွှန်ချက်ထဲတွင် ရောက်ရှိနေသောကြောင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှု မရှိနိုင်ပါကြောင်း ရေးသား ဖော်ပြအပ်ပါသည်။

ထို့အပြင် စက်ရုံလည်ပတ်ရာတွင် အနီးဝန်းကျင်ရှိ ဒေသခံများ အလုပ်အကိုင်အခွင့်အရေး များ ရရှိခြင်း၊ စက်ရုံမှ လုပ်သားများ၏ စွမ်းရည်မြှင့်တင်ရန် သင်တန်းပေးမှုများရှိခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွါးကို တိုးတက်ဖြစ်ထွန်းစေခြင်း အကျိုးကျေးဇူးများ လည်း ရရှိပါသည်။ Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ် ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးကိစ္စရပ်များအား ဆောင်ရွက်ရန် အတွက် ကတိကဝတ်များကိုလည်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ် ပါသည်။

လုပ်ငန်းလုပ်ဆောင်ခြင်းနှင့် ပိတ်သိမ်းခြင်းမှ ဘေးအန္တရာယ်နှင့်သက်ရောက်မှုများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားကိုထိခိုက်နိုင်မှုများ မရှိကြောင်း သေချာစေရန် လုပ်ငန်း၏ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် လုပ်ဆောင်မှုများ စနစ်တကျ လိုက်နာလုပ်ဆောင်ခြင်းရှိမရှိကိုလည်း ကိုလည်း လစဉ် မှတ်သား စောင့်ကြည့်၍ ဖလတကြိမ် ဦးစီးဌာနသို့ အစီရင်ခံတင်ပြသွားပါမည်။

## ၂.၀ နိဒါန်း

ဤအစီရင်ခံစာသည် Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းမှ ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများအား ဆန်းစစ်လေ့လာ၍ ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန် ရေးဆွဲထားသော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာဖြစ်ပါသည်။

အောင်ကမ္ဘာကုမ္ပဏီလီမိတက် (Aung Gabar Company Limited) မှ ပလတ်စတစ်ပိုက် အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းအား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ စက်မှုဇုန် (၁)၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း၊ အမှတ် (၁၀၁) မြောက်လတ္တီကျူ့ (၁၆°၅၀'၃၄.၀၀"N) အရှေ့ လောင်ဂျီကျူ့ (၉၆° ၄'၅၂.၅၇"E) ၌ (၂) ဧက အကျယ်အဝန်းရှိ မြေနေရာတွင် ဆောင်ရွက်လျက်ရှိပါသည်။

## ၂.၁ စီမံကိန်းနောက်ခံသမိုင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကြောင်းအရာများ

Aung Gabar Co., Ltd. သည် ၁၉၉၀ခုနှစ် ဒီဇင်ဘာလတွင် DICAမှ ကုမ္ပဏီမှတ်ပုံတင် အမှတ် ၁၀၈၃၂၁၃၄၂ ရရှိပြီး လုပ်ငန်းစတင်ခဲ့ရာ၊ ၁၉၉၅ခုနှစ်တွင် လှိုင်သာယာ စက်မှုဇုန် (၁) အဆိုပြု နေရာတွင် စက်မှုလက်မှုမြေငှား ဂရမ်ရရှိပြီးနောက် (၁၉၉၉) ခုနှစ်တွင် ရှိရင်းစွဲ လုပ်ငန်းကို ယခု လက်ရှိ စီမံကိန်း အဆိုပြုနေရာဖြင့် လုပ်ငန်းလုပ်ဆောင်နိုင်ရန် MIC သို့ ခွင့်ပြုချက်လျှောက်ထား ပြီး (၂၀၀၀) ခုနှစ်တွင် MIC ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခဲ့သည်။

**ဇယား ၂-၁: စီမံကိန်းဆိုင်ရာအချက်အလက်များ**

| စဉ် | အကြောင်းအရာ | ဖော်ပြချက်များ |
|---|---|---|
| ၁။ | စီမံကိန်းအမည် | အောင်ကမ္ဘာကုမ္ပဏီလီမိတက် ပလတ်စတစ်ပိုက်စက်ရုံ |
| ၂။ | စီမံကိန်းပိုင်ရှင်အမည် | ဦးမြင့်သိန်း (၉/မရန(နိုင်)၀၇၉၄၃၉) |
| ၃။ | စီမံကိန်းအမျိုးအစား | ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်း |
| ၄။ | ရင်းနှီးမြှုပ်နှံမှုအမျိုးအစား | ၁၀၀% မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု |
| ၅။ | ရင်းနှီးမြှုပ်နှံမှု ပမာဏ | ကျပ်ငွေ ၄၆၃.၈၃၀ သန်း |
| ၆။ | စီမံကိန်းတည်နေရာ နှင့် အကျယ်အဝန်း | အမှတ် (၁၀၁)၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (၁၆°၅၀'၃၄.၀၀" N, ၉၆° ၄'၅၂.၅၇" E), ၂ ဧက |

| | | |
|---|---|---|
| ၇။ | ဆက်သွယ်ရန်<br>စက်ရုံတာဝန်ခံ | ဦးအောင်သန်း (စက်ရုံမှူး) ၀၉ ၄၅၀၀၄၅၆၄၀<br>ဦးဖေသက်ပိုင်(စီမံခန့်ခွဲရေးမန်နေဂျာ) ၀၉ ၄၅၂၃၃၀၁၂<br>ဖုန်းနံပါတ် ၀၁ ၃၆၈၄၃၄၂၊ ၀၁ ၃၆၈၄၃၄၆<br>အီးမေးလ် admin-hr.agb@aunggabar.com |

၁၉၉၉ခုနှစ် ဇွန်လ (၄)ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် မနသ - ၂၅၇/၉၉ ဖြင့် (ရင်းနှီးမြုပ်နှံသူ၏အမည် ဦးရောင်ဝမ်ချင်၊ ရင်းနှီးမြုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား လယ်ယာသုံးရေစုပ်ပိုက် အကြည်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မတည်ငွေရင်းပမာဏ ကျပ်၅၆.၀၀၀သန်း) ခွင့်ပြုချက် ရရှိခဲ့ပါသည်။

၂၀၂၀ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်၏ ၂/၂၀၂၀ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်၏ ၁၉၉၉ခုနှစ် ဇွန်လ (၄)ရက်နေ့ ရက်စွဲပါ ခွင့်ပြုမိန့် အမှတ် မနသ - ၂၅၇/၉၉ တွင် ပြင်ဆင်ချက် ဖြင့် (မူလ ရင်းနှီးမြုပ်နှံသူ၏အမည် ဦးရောင်ဝမ်ချင်မှ သားဖြစ်သူ ဦးမြင့်သိန်း အမည် သို့ လည်းကောင်း၊ ရင်းနှီးမြုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား လယ်ယာသုံးရေစုပ်ပိုက်အကြည် ထုတ်လုပ်ခြင်း လုပ်ငန်းမှ ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းသို့ လည်းကောင်း၊ မတည်ငွေရင်းပမာဏ ကျပ်၅၆.၀၀၀သန်းမှ ကျပ်၄၆၃.၈၃၀သန်းသို့လည်းကောင်း) တိုးမြှင့်ပြင်ဆင် ခွင့်ပြုချက်ကို ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ (၂၃)ရက်နေ့တွင် ရရှိခဲ့ပါသည်။

အထက်ပါ မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်၏ ၂/၂၀၂၀ကြိမ်မြောက် အစည်းအဝေး တွင် တိုးမြှင့်ပြင်ဆင်ခွင့်ပြုချက် ဆုံးဖြတ်ချက်အရ ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ (၂၃)ရက်နေ့ ရက်စွဲပါ စာအမှတ် မရက-၃/မ-၃၅၈/၂၀၂၀ (၀၈၇)ဖြင့် ဦ’ရောင်ဝမ်ချင်၏ အစုရှယ်ယာ(၁၀.၄၂%)အား ဦးအောင်စိန်သို့ အစုရှယ်ယာ (၅.၂၁%) နှင့် ဦးမြင့်သိန်းသို့ အစုရှယ်ယာ (၅.၂၁%) လွှဲပြောင်းခွင့်ပြုပါ သည်။

ရင်းနှီးမြုပ်နှံသူ၏အမည်အား ဦးရောင်ဝမ်ချင်မှ ဦးမြင့်သိန်း ဟုလည်းကောင်း၊ ရင်းနှီးမြုပ်နှံမှု ပြုလုပ်မည့် လုပ်ငန်းအမျိုးအစား လယ်ယာသုံးရေစုပ်ပိုက်အကြည် ထုတ်လုပ်ခြင်းလုပ်ငန်းမှ ပလတ် စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်း ဟုလည်းကောင်း၊ မတည်ငွေရင်းပမာဏ ကျပ်၅၆.၀၀၀သန်းမှ ကျပ်၄၆၃.၈၃၀သန်း ဟုလည်းကောင်း၊ အစုရှယ်ယာထည့်ဝင်မှုအား ဦးအောင်စိန် (၅၄%)၊ ဦးမြင့်သိန်း (၃၆.၀၃%)၊ ဒေါ်ဆိုင်းတောင် (၉.၉၇%) ဟုလည်းကောင်း ပြင်ဆင်ပြီး ဖြစ်ပါသည်။

၂၀၂၃ခုနှစ် ဇွန်လ (၂၄)ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်၏ ၂/၂၀၂၃ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော အောင်ကမ္ဘာကုမ္ပဏီလီမိတက်၏ မတည်ငွေရင်း ပမာဏကို ကျပ် ၂,၄၈၈.၈၃ (US$၁.၀၈၂သန်း အပါအဝင်)သို့ တိုးမြှင့်ပြင်ဆင်ပြီး ဖြစ်ပါသည်။

အဆိုပြုစီမံကိန်းသည် စက်ရုံအဆောက်အဦးရှိပြီးသား စက်မှုဇုန်မြေပေါ်တွင် လိုအပ်သည့် စက်ပစ္စည်းကရိယာများ တပ်ဆင်၍ ပိုက်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်းကို ၁၉၉၈ ခုနှစ်မှစတင်ကာ အောင်ကမ္ဘာကုမ္ပဏီလီမိတက် (Aung Gabar Company Limited) မှ စဉ်ဆက်မပြတ် လုပ်ဆောင်လာခဲ့ပါသည်။ အဆိုပြု စီမံကိန်းကို နှစ်ရှည် (MIC ခွင့်ပြုနေ့မှ ခန့်မှန်း နှစ် ၅၀) လုပ်ဆောင်သွားရန် ရည်မှန်းထားပါသည်။

စီမံကိန်း နှင့်သက်ဆိုင်သည့် ကုမ္ပဏီမှတ်ပုံတင်၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်၊ စည်ပင်လုပ်ငန်းလိုင်စင်၊ စသည့် ခွင့်ပြုချက်/လိုင်စင်တို့အား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့ မှ လျှောက်ထားရယူ၍ လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ ကုမ္ပဏီမှတ်ပုံတင်၊ လိုင်စင်၊ MIC ခွင့်ပြုချက်၊ ECD သဘောထားပြန်ကြားချက် စသည်တို့အား နောက်ဆက်တွဲ (၁) ဖြင့် ဖော်ပြထားပါသည်။

## ၂.၂ စီမံကိန်းဆောင်ရွက်ရသည့်ရည်ရွယ်ချက်

Aung Gabar Co., Ltd. မှ ထုတ်လုပ်သော ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရန်၊ ဘေးဥပါဒ် မဖြစ်စေရန်၊ သုံးစွဲရလွယ်ကူစေရန်၊ သင့်တင့်သော ဈေးနှုန်းဖြင့် သုံးစွဲသူများလက်ဝယ် အချိန်မီရောက်ရှိစေရန်၊ နားလည်တတ်ကျွမ်းသော ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပြီး ဝန်ထမ်းများ စည်းကမ်းကောင်းမွန်စေရန်၊ လုပ်သားများ ဘေးအန္တရာယ် ကင်းရှင်းစေရန် နှင့် သာယာပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းခွင်ဖြစ်စေရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကို ကာကွယ်ရန် နှင့် ပတ်ဝန်းကျင် အခြေအနေကို မြှင့်တင်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း များကို လိုက်နာကျင့်သုံး၍ သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရန် နှင့် ကုမ္ပဏီစဉ်ဆက်မပြတ် တိုးတက်စေရန် တို့ကိုရည်ရွယ်ပါသည်။

## ၂.၃ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာနောက်ခံသမိုင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် စီမံကိန်းသဘောသဘာဝနှင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုပမာဏအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုများအား ဖော်ထုတ်သိရှိရန်နှင့် လုပ်ငန်းအမျိုးအစားအလိုက် ပတ်ဝန်းကျင်ဆိုင်ရာ စိစစ်မှုကို ပြုလုပ်ရန် အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားပါသည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA)
(ခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination – IEE)
(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲခြင်း (Environmental Management Plan - EMP)

ရန်ကုန်တိုင်း ဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၂-၁-၂၀၂၀ ရက်နေ့တွင် အောင်ကမ္ဘာကုမ္ပဏီလီမိတက် (Aung Gabar Company Limited) ၏ ပလတ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးပြီးနောက် အဆိုပြုစီမံကိန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အစီရင်ခံစာ ရေးဆွဲတင်ပြရန် ညွှန်ကြားထားသည့် ၂၀၂၀-၃-၂၆ နေ့စွဲပါ စာအမှတ် ရက-၁/၃/၄ (အီးအိုင်အေ) (၁၈၅၉/၂၀၂၀) ဖြင့် သဘောထားမှတ်ချက် ပြန်ကြားစာ ထုတ်ပြန်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ Aung Gabar Co., Ltd. အနေဖြင့် ပလပ်စတစ်ပိုက် အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အစီရင်ခံစာကို ပတ်ဝန်းကျင်လေ့လာ ဆန်းစစ်မှုဆောင်ရွက်သည့် တတိယအဖွဲ့အစည်းဖြစ်သော နီရိုတက်ခ်မြန်မာကုမ္ပဏီလီမိတက် (NeoTech Myanmar Company Limited) နှင့် လက်တွဲ၍ ရေးသားပြုစုဆောင်ရွက်ခဲ့ပါသည်။

## ၂.၄ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် လေ့လာဆောင်ရွက်ခြင်းရည်ရွယ်ချက်

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းအနေဖြင့် စက်ရုံလည်ပတ်ရာတွင် ပတ်ဝန်းကျင်နှင့် ဒေသခံများအပေါ် အနည်းနှင့်အများ သက်ရောက်မှု ရှိနိုင်သည်ကို ရှေးရှု၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ရေးဆွဲထားပါသည်-

(က) စက်ရုံဝန်းကျင်ရှိ လေထု၊ ရေထု၊ ဆူညံသံ စသည့် ပတ်ဝန်းကျင်အရည်အသွေးများကို သိရှိနိုင်ရန်၊

(ခ) လုပ်ငန်းလည်ပတ်စဉ်အတွင်း ပတ်ဝန်းကျင်အရည်အသွေးနှင့် ဒေသခံပြည်သူလူထု အပေါ် သက်ရောက်နိုင်မှုများအား ခန့်မှန်းနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန်၊

(ဂ) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ ကန့်သတ်စံချိန်စံညွှန်းထက်ကျော်လွန်နေသည် ကိုတွေ့ရှိပါက လျော့နည်းသက်သာစေမည့် အစီအစဉ်များ ဆောင်ရွက်နိုင်ရန်၊

(ဃ) ကျန်းမာ၍ ဘေးန္တရာယ်ကင်းသော လုပ်ငန်းခွင်တစ်ခုဖြစ်စေရန်၊

(င) စက်ရုံမှ လူထုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

## ၂.၅ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်လေ့လာဆန်းစစ်ခြင်းဆောင်ရွက်သည့် တတိယအဖွဲ့အစည်းဆိုင်ရာ အချက်အလက်များ

စီမံကိန်းပိုင်ရှင်သည် စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ ရေးဆွဲဆောင်ရွက်နိုင်ရန်အတွက် တတိယအဖွဲ့အစည်း အဖြစ် ပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသည့် နီရိုတက်ခ်မြန်မာကုမ္ပဏီ လီမိတက် (NeoTech Myanmar Company Limited) အား လုပ်ငန်းအပ်နှံခဲ့ပါသည်။ နီယိုတက်ခ် မြန်မာ ကုမ္ပဏီလီမိတက်သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၀၁၄၀၈၀၂ ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မှ (EIA-CO(A) ၀၁၀/၂၀၂၄) ဖြင့် လုပ်ငန်းလိုင်စင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။

**ဇယား ၂-၂: တတိယအဖွဲ့အစည်း**

| | |
|---|---|
| **ကုမ္ပဏီအမည်** | နီရိုတက်ခ်မြန်မာကုမ္ပဏီလီမိတက်<br>(NeoTech Myanmar Company Limited) |
| **တာဝန်ခံ** | ဒေါ်နုနုဧ<br>ဖုန်း – ၀၉-၅၀၂၆၂၂၁<br>အီးမေးလ် nunuayeygn@gmail.com |
| **ဆက်သွယ်ရန်** | အမှတ် – ၂၁၈၊ ၃၄ ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>ဖုန်း – ၀၁-၅၈၄၁၂၆<br>အီးမေးလ် – neotechmyanmar.pc@gmail.com |

စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာရေးဆွဲရာတွင် နယ်ပယ်အလိုက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ကျွမ်းကျင်သူအဖွဲ့ဖြင့် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ အချက်အလက်များသုံးသပ်ခြင်း နှင့် အစီရင်ခံစာရေးသားခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်–

**ဇယား ၂-၃ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဆောင်ရွက်သည့် လေ့လာဆန်းစစ်ရေးအဖွဲ့ဝင်များ**

| စဉ် | အမည် | ရာထူး | လုပ်ငန်း လိုင်စင် | တာဝန်ယူဆောင်ရွက် သည့် နယ်ပယ် |
|---|---|---|---|---|
| ၁ | ဦးခင်မောင်မျိုး | ခေါင်းဆောင် | EIA-C ၀၃၄/၂၀၂၃ | ဘေးအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းနှင့်စီမံခန့်ခွဲခြင်း |

| | | | | |
|---|---|---|---|---|
| ၂ | ဒေါက်တာဇင်မင်း | အကြံပေး | EIA-C ၀၃၃/၂၀၂၃ | ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲ |
| ၃ | ဒေါက်တာခွန်လှိုင်းမြင့် | အကြံပေး | EIA-C ၀၃၂/၂၀၂၃ | ဘူမိဆိုင်ရာဆန်းစစ်လေ့လာခြင်း |
| ၄ | ဒေါ်နုနုဇေ | အကြံပေး | EIA-C ၀၃၅/၂၀၂၃ | ရေထုညစ်ညမ်းမှုကြိုတင်ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း နှင့် ထိခိုက်မှုကြိုတင်ခန့်မှန်းခြင်း |
| ၅ | ဒေါက်တာတင်နိုင် | အကြံပေး | EIA-AC ၀၃၉/၂၀၂၃ | ကျန်းမာရေး |
| ၆ | ဦးဟိန်းသိုက် | အထောက်အကူပြုကျွမ်းကျင်ပညာရှင် | EIA-AC ၁၁၉/၂၀၂၄ | အထွေထွေပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း |



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Government of the Republic of the Union of Myanmar
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
Ministry of Natural Resources and Environmental Conservation
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
Environmental Conservation Department
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင် (ပုဂ္ဂိုလ်)

**Environmental Impact Assessment License (Individual)**

It is hereby issued that **Dr.Zin Min, 12/AhLaNa(N)000394** has fulfilled the requirements for obtaining an Environmental Impact Assessment License to conduct as an **Consultant** under the Licensing Procedure for the Third Persons or Organizations Undertaking Initial Environmental Examination and Environmental Impact Assessment, approved by the Ministry of Natural Resources and Environmental Conservation.

The areas of expertise, eligible to be conducted, are as follows:

1. ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ (Ecology and Biodiversity)
2.
3.
4.
5.

| | |
|---|---|
| လိုင်စင်နံပါတ် License Number | : EIA-C 033/2023 |
| ထုတ်ပေးသည့် ရက်စွဲ Date of Issue | : 1-12-2023 |
| ကုန်ဆုံးသည့် ရက်စွဲ Date of Expiry | : 30-11-2026 |

(သိန်းတိုး)
ညွှန်ကြားရေးမှူးချုပ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Government of the Republic of the Union of Myanmar
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
Ministry of Natural Resources and Environmental Conservation
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
Environmental Conservation Department
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင် (ပုဂ္ဂိုလ်)

**Environmental Impact Assessment License (Individual)**

It is hereby issued that **U Khin Maung Myo, 12/AhLaNa(N)016117** has fulfilled the requirements for obtaining an Environmental Impact Assessment License to conduct as an **Consultant** under the Licensing Procedure for the Third Persons or Organizations Undertaking Initial Environmental Examination and Environmental Impact Assessment, approved by the Ministry of Natural Resources and Environmental Conservation.

The areas of expertise, eligible to be conducted, are as follows:

1. ဘေးအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲခြင်း (Risk Assessment and Hazard Management)
2.
3.
4.
5.

| | |
|---|---|
| လိုင်စင်နံပါတ် License Number | : EIA-C 034/2023 |
| ထုတ်ပေးသည့် ရက်စွဲ Date of Issue | : 1-12-2023 |
| ကုန်ဆုံးသည့် ရက်စွဲ Date of Expiry | : 30-11-2026 |

(သိန်းတိုး)
ညွှန်ကြားရေးမှူးချုပ်

**Personal Environmental Consultant Licenses**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Government of the Republic of the Union of Myanmar
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
Ministry of Natural Resources and Environmental Conservation
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
Environmental Conservation Department
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင် (ပုဂ္ဂိုလ်)
**Environmental Impact Assessment License (Individual)**

[illegible]

It is hereby issued that **Dr.Khun Hline Myint, 9/MaHtaLa(N)005953** has fulfilled the requirements for obtaining an Environmental Impact Assessment License to conduct as an **Consultant** under the Licensing Procedure for the Third Persons or Organizations Undertaking Initial Environmental Examination and Environmental Impact Assessment, approved by the Ministry of Natural Resources and Environmental Conservation.

လေ့လာဆန်းစစ်နိုင်သည့် ကျွမ်းကျင်မှုနယ်ပယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-
The areas of expertise, eligible to be conducted, are as follows:

1. ဘူမိဆိုင်ရာ ဆန်းစစ်လေ့လာခြင်း (Geological Assessment)
2. 
3. 
4. 
5. 

| | |
|---|---|
| လိုင်စင်နံပါတ် License Number | : EIA-C 032/2023 |
| ထုတ်ပေးသည့် ရက်စွဲ Date of Issue | : 1-12-2023 |
| ကုန်ဆုံးသည့် ရက်စွဲ Date of Expiry | : 30-11-2026 |

(သိန်းတိုး)
ညွှန်ကြားရေးမှူးချုပ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Government of the Republic of the Union of Myanmar
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
Ministry of Natural Resources and Environmental Conservation
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
Environmental Conservation Department
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင် (ပုဂ္ဂိုလ်)
**Environmental Impact Assessment License (Individual)**

[illegible]

It is hereby issued that **Daw Nu Nu Aye, 12/AhLaNa(N)016118** has fulfilled the requirements for obtaining an Environmental Impact Assessment License to conduct as an **Consultant** under the Licensing Procedure for the Third Persons or Organizations Undertaking Initial Environmental Examination and Environmental Impact Assessment, approved by the Ministry of Natural Resources and Environmental Conservation.

လေ့လာဆန်းစစ်နိုင်သည့် ကျွမ်းကျင်မှုနယ်ပယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-
The areas of expertise, eligible to be conducted, are as follows:

1. ရေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ခြင်း ထိန်းချုပ်ခြင်း စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိခိုက်မှုကြိုတင်ခန့်မှန်းခြင်း (Water Pollution Prevention, Control, Monitoring and Prediction of Impacts)
2. 
3. 
4. 
5. 

| | |
|---|---|
| လိုင်စင်နံပါတ် License Number | : EIA-C 035/2023 |
| ထုတ်ပေးသည့် ရက်စွဲ Date of Issue | : 1-12-2023 |
| ကုန်ဆုံးသည့် ရက်စွဲ Date of Expiry | : 30-11-2026 |

(သိန်းတိုး)
ညွှန်ကြားရေးမှူးချုပ်

**Personal Environmental Consultant Licenses**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Government of the Republic of the Union of Myanmar
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
Ministry of Natural Resources and Environmental Conservation
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
Environmental Conservation Department
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင် (ပုဂ္ဂိုလ်)
Environmental Impact Assessment License (Individual)

It is hereby issued that **Dr.Tin Naing, 7/PaTaNa(N)019086** has fulfilled the requirements for obtaining an Environmental Impact Assessment License to conduct as an **Associate Consultant** under the Licensing Procedure for the Third Persons or Organizations Undertaking Initial Environmental Examination and Environmental Impact Assessment, approved by the Ministry of Natural Resources and Environmental Conservation.

လေ့လာဆန်းစစ်ခွင့်ရှိသည့် ကျွမ်းကျင်မှုနယ်ပယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-
The areas of expertise, eligible to be conducted, are as follows:

1. ကျန်းမာရေး (Health (Impact Studies and Analysis))
3.
4.
5.

လိုင်စင်နံပါတ် License Number : EIA-AC 039/2023
ထုတ်ပေးသည့် ရက်စွဲ Date of Issue : 1-12-2023
ကုန်ဆုံးသည့် ရက်စွဲ Date of Expiry : 30-11-2026



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Government of the Republic of the Union of Myanmar
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
Ministry of Natural Resources and Environmental Conservation
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
Environmental Conservation Department
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင် (ပုဂ္ဂိုလ်)
Environmental Impact Assessment License (Individual)

It is hereby issued that **U Hein Thike, 12/DaGaMa(N)025924** has fulfilled the requirements for obtaining an Environmental Impact Assessment License to conduct as an **Associate Consultant** under the Licensing Procedure for the Third Persons or Organizations Undertaking Initial Environmental Examination and Environmental Impact Assessment, approved by the Ministry of Natural Resources and Environmental Conservation.

လေ့လာဆန်းစစ်ခွင့်ရှိသည့် ကျွမ်းကျင်မှုနယ်ပယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-
The areas of expertise, eligible to be conducted, are as follows:

1. အထွေထွေပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း (General Environmental Management)
2.
3.
4.
5.

လိုင်စင်နံပါတ် License Number : EIA-AC 110/2024
ထုတ်ပေးသည့် ရက်စွဲ Date of Issue : 31-10-2024
ကုန်ဆုံးသည့် ရက်စွဲ Date of Expiry : 30-10-2027

**Personal Environmental Consultant License**

# ၃.၀ မူဝါဒ၊ ဥပဒေ၊ မူဘောင်များနှင့် ဖွဲ့စည်းမှုဆိုင်ရာများ

## ၃.၁ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒ

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

- လုပ်ငန်းဆောင်ရွက်ရန်အတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ရေရှည်စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ချဉ်းကပ်မှုအမြင်များဖြင့် ဆောင်ရွက်သွားမည်။
- လုပ်ရှားမှုတိုင်းတွင် လူ့စွမ်းအားနှင့် သယံဇာတသုံးစွဲမှုများ အနည်းဆုံးဖြစ်စေရန် နှင့် လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး စီမံဆောင်ရွက်သွားမည်။
- ဝန်ထမ်းများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေး တို့အတွက် သန့်ရှင်းသော ပတ်ဝန်းကျင် နှင့် ကောင်းမွန်သော လုပ်ငန်းခွင်ဖြစ်စေရန် စီမံဆောင်ရွက်သွားမည်။

## ၃.၂ ဥပဒေ၊ မူဘောင်နှင့် ဖွဲ့စည်းမှုဆိုင်ရာများ

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါစက်ရုံသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ ထားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများနှင့် ပိုက်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သော တည်ဆဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ မူဝါဒများ၊ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များအား အောက်ပါ ဇယား (၂-၁) ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ဇယား ၃-၁: လိုက်နာဆောင်ရွက်မည့် ဥပဒေနှင့် နည်းဥပဒေများ

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၂၀၀၈ | ပုဒ်မ (၃၇) | နိုင်ငံတော်သည်–<br>(က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထု အတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။<br>(ခ) နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွါးရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ် ကဲ ကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေကို ပြဋ္ဌာန်းရမည်။<br>(ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုင်ပိုင်လုပ်ပိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။ |
| | | ပုဒ်မ (၄၅) | နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။ |
| | | ပုဒ်မ (၃၉၀) | နိုင်ငံသားတိုင်းသည်အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်။<br>(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊<br>(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊<br>(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊<br>(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။ |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၂ | ရည်ရွယ်ချက် အပိုဒ်(၃) | (က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | (ခ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှု များပြုနိုင်ရန်၊<br>(ဂ) ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက်ကောင်းမွန်ပြီးသန့်ရှင်းသည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊<br>(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်သော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည် ဖော်ထုတ်ရန်၊<br>(င) သဘာဝသယံဇာတအရင်းအမြစ်များလျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊<br>(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပြန့်ပွားရေးအတွက် ပညာရေး အစီအစဉ်များကို အများပြည်သူတို့သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊<br>(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | (ဖ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။ |
| | | လုပ်ပိုင်ခွင့်များ အပိုဒ် (၇) | (က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊<br>(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လျှော့နည်းပပျောက်ရေးတို့အတွက် လည်းကောင်း၊ အစီအစဉ်များကို ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊<br>(ဆ) စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ အညစ်အကြေးစွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းသို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့် ပစ္စည်းများထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သော စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိပစ္စည်း၏ အမျိုးအစားနှင့်အတန်းအစားများကို သတ်မှတ်ခြင်း၊<br>(ဇ) ပတ်ဝန်းကျင်ကို လက်ငင်း၊ ရေတိုရေရှည်တွင် သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများ သတ်မှတ်ခြင်း၊ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | (ဈ) အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ် အခိုးအငွေ့ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့် စက်ရုံများ၊ စခန်းများတည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်း၊<br>(ည) စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ၊ အဆောက်အအုံများတွင် စွန့်ပစ်ရေသန့်စင်မှုဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်း၊ စက်၊ ယာဉ်၊ ယန္တရားများကို ထုတ်လွှတ်မှုဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း၊<br>(ဋ) အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်သည့်စီမံချက် သို့မဟုတ် လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှု ဆန်းစစ်သည့်စနစ်တရပ် ကို ချမှတ်ဆောင်ရွက်စေခြင်း၊<br>(ဌ) အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ အဏ္ဏဝါကမ်းခြေ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက် ပြန်လာမှုကို လျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှု တိုက်ဖျက်ရေး၊ ပျက်စီးရန်မလွယ်ကူသော ညစ်ညမ်းပစ္စည်းများကိုစီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာ ကိစ္စများအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | ပတ်ဝန်း ကျင် ထိန်းသိမ်းရေး အပိုဒ်(၁၄) | ညစ်ညမ်းမှုမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကိုဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များ အတိုင်းသန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။ |
| | | ပတ်ဝန်းကျင် ထိန်းသိမ်း ရေး အပိုဒ်(၁၅) | ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည်ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန်၊ လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ် ဆောင်ရွက်ရမည်။ |
| | | ပတ်ဝန်းကျင် ထိန်းသိမ်း ရေး အပိုဒ်(၁၆) | (က) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ပြုပြင်သန့်စင်ရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် သက်ဆိုင်ရာစုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန် တာဝန်ရှိသည်၊<br>(ခ) သက်ဆိုင်ရာ စက်မှုနယ်မြေ၊ အထူးစီးပွါးရေးဇုန်နှင့် လုပ်ငန်းအဖွဲ့အစည်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သတ်မှတ်သည့် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျ စရိတ်ကို ထည့်ဝင်ရမည်။ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | (ဂ) သက်ဆိုင်ရာစက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန် သို့မဟုတ် လုပ်ငန်းအလိုက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။ |
| | | ပတ်ဝန်းကျင် ထိန်းသိမ်း ရေး အပိုဒ်(၁၆) | (က) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ပြုပြင်သန့်စင်ရေး အပါအဝင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာစုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန် တာဝန်ရှိသည်၊<br>(ခ) သက်ဆိုင်ရာ စက်မှုနယ်မြေ၊ အထူးစီးပွါးရေးဇုန်နှင့် လုပ်ငန်းအဖွဲ့အစည်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သတ်မှတ်သည့် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျစရိတ်ကို ထည့်ဝင်ရမည်၊<br>(ဂ) သက်ဆိုင်ရာစက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန် သို့မဟုတ် လုပ်ငန်းအလိုက်ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။ |
| **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ** | ၂၀၁၄ | နည်းဥပဒေ (၅၁) | ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ် ချမှတ်ဆောင်ရွက်နိုင်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။ |
| | | နည်းဥပဒေ (၅၂) | ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရမည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားကို သတ်မှတ်ရမည်။ |
| | | နည်းဥပဒေ (၅၃) | ဝန်ကြီးဌာနသည် နည်းဥပဒေ(၅၂) အရ သတ်မှတ်ချက်တွင် မပါဝင်သည့် အဆိုပြု စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုများကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်း |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | စစ်ခြင်းပြုလုပ်ရန် လိုအပ်ခြင်းရှိ/မရှိ စီစစ်နိုင်ရန် ကနဦး ပတ်ဝန်း ကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရမည့် အမျိုးအစားများအဖြစ် သတ်မှတ်နိုင်သည်။ |
| | | နည်းဥပဒေ (၅၄) | စီမံကိန်း၊ စီးပွါးရေးလုပ်ငန်း၊ ဝန်ဆောင်မှုသို့မဟုတ် လုပ်ဆောင်မှုကို ဆောင်ရွက်မည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိ၏ စီမံကိန်း၊ စီးပွါးရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဝန်ကြီးဌာနက လက်ခံသော အရည်အချင်းပြည့်မီသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ရမည်။ |
| | | နည်းဥပဒေ (၅၈) | ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေး အဖွဲ့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။ |
| | | နည်းဥပဒေ (၅၉) | ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာသုံးသပ်ရေးအဖွဲ့တွင် ပြင်ပပုဂ္ဂလိက ကျွမ်းကျင်သူများပါဝင်ပါက ယင်းတို့အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် ထောက်ပံ့ကြေးများကို ပတ်ဝန်းကျင် စီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ |
| | | နည်းဥပဒေ (၆၀) | ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်း ကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် အတည်ပြု ပြန်ကြားနိုင် သည်။ |
| | | နည်းဥပဒေ (၆၁) | ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်း ကျင် စီမံခန့်ခွဲမှု အစီအစဉ်ကို ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် အတည်ပြု ပြန်ကြားနိုင်သည်။ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | နည်းဥပဒေ (၆၉) | (က) မည်သူမျှ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေနှင့် ဤနည်းဥပဒေတစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း သို့မဟုတ် ဘေးအန္တရာယ်ရှိ ပစ္စည်းများကိုလည်းကောင်း၊ အများပြည်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့် နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုရ။<br>(ခ) အများပြည်သူအကျိုးငှာ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရမှတစ်ပါး ဂေဟစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှုများကို မည်သူမျှဆောင်ရွက်ခြင်းမပြုရ။ |
| ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း | ၂၀၁၅ | အပိုဒ် (၈၇/၉၂) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ စည်းကမ်းချက်များနှင့် ယင်းစည်းကမ်းချက်များကို ပြင်ဆင်မှုများ၊ |
| | | အပိုဒ် (၁၀၂/ ၁၀၃/ ၁၀၄/ ၁၀၅) | ဆိုးကျိုးသက်ရောက်မှုများအတွက် တာဝန်၊ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | အပိုဒ်(၁၀၆/ ၁၀၇/ ၁၀၈/၁၁၀) | စီမံကိန်းအဆိုပြုသူမှ စောင့်ကြပ်ကြည့်ရှုခြင်း၊ |
| | | အပိုဒ် (၁၁၃/ ၁၁၅/ ၁၁၇) | ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စောင့်ကြပ်ကြည့်ရှု ခြင်းနှင့် စစ်ဆေးခြင်း။ |
| **အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ** | ၂၀၁၅ | အပိုဒ်(၁) | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များသည် လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှုမဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများထိန်းချုပ်ရေးအတွက် အခြေခံမျဉ်း အဖြစ် သတ်မှတ်ပြဋ္ဌာန်း ခြင်းဖြစ်သည်။ |
| **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်း ဥပဒေ** | ၂၀၁၃ | အပိုဒ်(၈) | (က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ တစ်စုံတစ်ရာ ပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအား ပြောင်းလဲစေခြင်းမပြုရ။<br>(ခ) ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။ |
| | | အပိုဒ်(၂၄) | (ခ) မည်သူမျှ မြစ်ချောင်းအတွင်း ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးနှင့် ရေလမ်းကြောင်း မပြောင်းလဲစေရေးအတွက် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မပြုရ။ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ | ၁၉၇၂ | ပြည်သူတို့၏ ကျန်းမာရေး ကို ကာကွယ်ခြင်း | (၁) ပတ်ဝန်းကျင်ကျန်းမာရေးဆိုရာလုပ်ငန်းများ၊<br>(က) လူအများနေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများ သိမ်းဆည်းစွန့်ပစ်ခြင်း၊<br>(ခ) လူအများအတွက် သောက်သုံးရေများကို အပြည်ပြည်ဆိုင်ရာ စံချိန်မှီ သတ်မှတ် ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊<br>(ဂ) လူအများနေထိုင်ရာ ပတ်ဝန်းကျင်လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေမည့် အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှား၊ ဆူညံသံ၊ ဓာတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း၊<br>(ဃ) မြို့ရွာစည်ပင်သာယာရေး၊ အိမ်ယာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့ သွားလာနေထိုင်အသုံးပြုသည့် အဆောက်အဦး၊ သို့မဟုတ် နေရာများ၏ ကျန်းမာ သန့်ရှင်းရေး အတွက် ဆောင်ရွက်ခြင်း။ |
| ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ | ၂၀၁၃ | အခန်း(၂) အပိုဒ်(၃) ရည်ရွယ်ချက်များ | (က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တ ရာယ်ဖြစ်စေခြင်းနှင့်သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကိုထိခိုက် ပျက်စီးစေခြင်းမှ ကာကွယ်ရန်၊<br>(ခ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်၊ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | (ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသောစနစ်ကို ဆောင်ရွက်ရန်၊<br>(ဃ) လုပ်ငန်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်၊ |
| | | အခန်း(၁၂) | မတော်တဆဖြစ်ပွါးမှု ကာကွယ်ရန်နှင့် လျော့ပါးစေရန် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ |
| | | အခန်း(၁၃) | သယ်ယူပို့ဆောင်ရာတွင် လိုက်နာရမည့်အချက်များ၊ |
| | | အခန်း(၁၄) | သိုလှောင်ရာတွင် လိုက်နာရမည့်အချက်များ၊ |
| | | အခန်း(၁၅) | သုံးစွဲရာတွင်လိုက်နာရမည့် အချက်များ၊ |
| | | အခန်း(၁၆) | စွန့်ပစ်ရာတွင် လိုက်နာရမည့်အချက်များ၊ |
| **အမျိုးသားမြေအသုံးချမှုမူဝါဒ** | ၂၀၁၆ | အပိုဒ်(၆) ရည်ရွယ်ချက်များ | (က) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏ အကျိုးစီးပွါးအလို့ငှာ ရေရှည်တည်တံ့စေမည့် မြေအသုံးချမှုစီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | (ခ) နိုင်ငံတော်၏ မြို့ပြနှင့် ကျေးလက်နေပြည်သူအားလုံး၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စားနပ်ရိက္ခာဖူလုံရေးတို့အတွက်လည်းကောင်း မြေလုပ်ပိုင်ခွင့် ခိုင်မာစေရန်၊<br>(ဂ) တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်၊<br>(ဃ) မြေနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို တရားဥပဒေစိုးမိုးရေးအတွက် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ငွေကြေးအကုန်အကျ သက်သာမှုနှင့် လွတ်လပ်မှုရှိသော ဖြေရှင်းဆုံးဖြတ်သည့် လုပ်ငန်းစဉ်များ ထူထောင်ရန်၊<br>(င) နိုင်ငံတော်၏ စီးပွားရေးညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု၊ အများပြည်သူပါဝင်ဆုံးဖြတ်မှု၊ မြေအရင်းအမြစ်အား အခြေခံသော တာဝန်ရှိမှု၊ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် မြေအသုံးချမှု စီမံခန့်ခွဲမှုတို့ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ |
| ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ | ၁၉၉၀ | အခန်း(၅) အပိုဒ် (၁၁) | (ဂ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ပေးရန် ထောက်ခံချက်ပေးရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-<br>(၁) ပုဂ္ဂလိကစက်မှုလုပ်ငန်း၏ ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်မှုမရှိခြင်း၊<br>(၂) မီးဘေးအန္တရာယ် ကင်းရှင်းခြင်း၊ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | (၃) ပတ်ဝန်းကျင်အား အနှောင့်အယှက်မဖြစ်ခြင်းနှင့် ညစ်ညမ်းမှုမရှိခြင်း၊<br>(၄) ပုဂ္ဂလိကစက်မှုလုပ်ငန်းမှ အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်မှု မရှိသည့် အပြင်အန္တရာယ်ကျရောက်နိုင်မှု မရှိခြင်း၊<br>(၅) တည်ဆဲဥပဒေများကိုလည်း လိုက်နာဆောင်ရွက်မှုရှိခြင်း။ |
| **မော်တော်ယာဉ်ဥပဒေ** | ၂၀၁၅ | အပိုဒ်(၃) ရည်ရွယ်ချက် | (က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာ နေရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊<br>(ဂ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ကာကွယ်ဆောင်ရွက်ရန်၊<br>(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွါးစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံးပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊<br>(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။ |
| | | အပိုဒ် (၆၉) | ဝန်ကြီးဌာနသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူများ အား စစ်ဆေးအရေးယူရန် ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးကို သော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။ |
| | | အပိုဒ်(၇၀) | (က) ရဲဝတ်စုံဝတ်ထားသည့် ရဲအရာရှိသည် အောက်ပါအခြေအနေအရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | (၁) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကိုမောင်းနှင်ခြင်း၊<br>(၂) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊<br>(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း၊<br>(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။ |
| မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ | ၂၀၁၅ | အပိုဒ် (၁၇) | သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့် ထုတ်မပေးမီ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး ဆိုင်ရာ စစ်ဆေး ထောက်ခံချက် ရယူရမည်-<br>(ဂ) စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များ ဆောက်လုပ်ခြင်း၊<br>(ဃ) မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်း အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်ခြင်း၊ |
| | | အပိုဒ် (၁၈) | သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းများ ရေးဆွဲရာတွင် မီးဘေးလုံခြုံရေး ကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူဆောင်ရွက် ရမည်။ |
| မြေအောက်ရေကြီးကြပ်မှု အက်ဥပဒေ | ၁၉၃၀ | အပိုဒ်(၃) | အဝီစိတွင်းတူးခွင့်ရယူခြင်း- |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | | မြေအောက်ရေ ကြီးကြပ်မှုအရာရှိထံမှ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ မြေအောက်ရေရရှိရေးအတွက် ရေပိုက်ချ၍ တူးဖော်ခြင်းမပြုရ၊ |
| **အလုပ်သမားအဖွဲ့ဥပဒေ** | ၂၀၁၁ | အပိုဒ်(၁၈) | အလုပ်ရှင်က အလုပ်သမားတစ်ဦးဦးအား အလုပ်မှ ထုတ်ပယ်ရာတွင် ထိုသို့အလုပ်မှ ထုတ်ပယ်သော အကြောင်းအရင်းများသည် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့်သက်ဆိုင်လျှင်ဖြစ်စေ အလုပ်သမား အဖွဲ့အစည်းသည် ထိုအလုပ်သမားအားအလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာ အလုပ်ရှင်အား တောင်းဆိုခွင့် ရှိသည်။ |
| **ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ** | ၂၀၁၈ | အခန်း(၁) အပိုဒ်(၂) | (က) အခွန်ကောက်ဆိုသည်မှ ဤဥပဒေအရ ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုလိုသည်။<br>(ခ) ဥပဒေဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန် အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုလိုသည်။<br>(ဂ) အခွန်နှုန်းဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသော အခွန်ကောက်နှုန်းကို ဆိုလို သည်။ |
| **ရန်ကုန်မြို့တော်စည်ပင် သာယာရေးဥပဒေ** | ၂၀၁၈ | အပိုဒ် (၁၇၈/ ၁၈၂/ | ပတ်ဝန်းကျင်ရှိ လူထုကို ကျန်းမာရေးနှင့် အသက်အန္တရာယ်တို့ကို မထိခိုက်စေရန် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ |

| ဥပဒေနှင့် နည်းဥပဒေများ | ခုနှစ် | ပုဒ်မ | ဖော်ပြချက်များ |
|---|---|---|---|
| | | ၂၃၅/၂၄၅ /၂၄၇/၃၂၂) | |
| **လူမှုဖူလုံရေးဥပဒေ** | ၂၀၁၂ | အပိုဒ်(၅၃) (က) | အလုပ်ရှင်နှင့်အလုပ်သမားတို့သည် လုပ်ငန်းဌာနများ၌ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပညာရေးလုပ်ငန်းများအပြင် အလုပ်တွင် မတော်တဆဖြစ်ပွါးမှုကိုလည်းကောင်း၊ အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိမှု ရောဂါရရှိမှုနှင့် သေဆုံးမှုဖြစ်ပွား ခြင်းကိုလည်းကောင်း၊ ကာကွယ်ရန်အလို့ငှာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာစီမံချက်များထားရှိခြင်းတို့နှင့် စပ်လျဉ်း၍ လူမှုဖူလုံရေးအဖွဲ့နှင့်ဖြစ်စေ၊ အာမခံ ကိုယ်စားလှယ်ဌာနများနှင့်ဖြစ်စေ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။ |
| **စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ** | ၂၀၁၄ | အခန်း(၆) | စီးပွါးရေးလုပ်ငန်းရှင်၏ တာဝန်များမှာ–<br>(၁) ဝန်ဆောင်မှုအပေါ် ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊<br>(၂) သက်ဆိုင်ရာမှ ဖြေရှင်းနေစဉ် နည်းလမ်းတစ်ခုခုဖြင့် စားသုံးသူများ ထိခိုက်နစ်နာစေရန် ပြုမူခြင်းတို့ကို ရှောင်ရှားရန်၊ |
| | | အခန်း(၇) | စီးပွါးရေးလုပ်ငန်းရှင်တို့သည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသော ကုန်စည် တို့ကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်ခြင်းမပြုရပါ။ |
| **သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ** | ၂၀၁၃ | အခန်း(၂) | (က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ |
| | | | (ခ) သဘာဝဘေးအန္တရယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်။ |

## ၃.၃ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘော တူညီချက်များ

စီမံကိန်း လုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ နည်းဥပဒေများအပြင် အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များအားလည်း ဖောက်ဖျက်ခြင်းမရှိစေဘဲ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်–

**ဇယား ၃-၂: အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘော တူညီချက်များ**

| အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘော တူညီချက်များ | လက်မှတ်ရေးထိုးသည့်နေ့ | အတည်ပြုသည့်နေ့ | အဖွဲ့ဝင်ဖြစ်သည့်နေ့ | ကက်ဘိနက်အတည်ပြုနေ့ |
|---|---|---|---|---|
| ၁. United Nations Framework Convention on Climate Change, New York, ၁၉၉၂ (UNFCCC) | ၁၁-၆-၁၉၉၂ | ၂၅-၁၁-၁၉၉၄ (Ratification) | | ၄၁/၉၄ ၉-၁၁-၁၉၉၄ |
| ၂. Vienna Convention for the Protection of the Ozone Layer, Vienna, ၁၉၈၅ | | ၂၄-၁၁-၁၉၉၃ (Ratification) | ၂၂-၉-၁၉၉၄ | ၄၆/၉၃ |
| ၃. Montreal Protocol on Substances that Deplete the Ozone Layer, Montreal, ၁၉၈၇ | | ၂၄-၁၁-၁၉၉၃ (Ratification) | ၂၂-၉-၁၉၉၄ | ၄၆/၉၃ |
| ၄. London Amendment to the Montreal Protocol on Substances that Deplete the Ozone Layer, London, ၁၉၉၀ | | ၂၄-၁၁-၁၉၉၃ (Ratification) | ၂၂-၉-၁၉၉၄ | ၄၆/၉၃ |
| ၅. ASEAN Agreement on Transboundary Haze Pollution | ၁၀-၆-၂၀၀၂ | ၁၃-၃-၂၀၀၃ (Ratification) | | ၇/၂၀၀၃ (၂၇-၂-၂၀၀၃) |

စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံမှလက်မှတ်ရေးထိုးထားသော ပလပ်စတစ်လုပ်ငန်းနှင့် သက်ဆိုင်သည့်အောက်ပါ ကွန်ဗန်းရှင်းများနှင့် သဘောတူညီချက်များကိုလည်း ဖောက်ဖျက်ခြင်း မရှိစေဘဲ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်–

**ဇယား ၃-၃ ပလပ်စတစ်လုပ်ငန်းနှင့် သက်ဆိုင်သည့်ကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ**

| ပလပ်စတစ်လုပ်ငန်းနှင့် သက်ဆိုင်သည့်ကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ | လက်မှတ်ရေးထိုးသည့်နှစ် |
|---|---|
| Parties to the Basel Convention on the Control of Transboundary Movements of Hazardous Wastes and their Disposal | ၂၀၀၄ |
| The Stockholm Convention on Persistent Organic Pollutants was adopted by the Conference of Plenipotentiaries | ၁၉၉၆ |
| UNEA Resolution on Plastic Pollution | |
| UNEA Resolution on Single-Use Plastics | |

## ၃.၄ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်၊ စံချိန်စံညွှန်းများ

လူသားတို့၏ ကျန်းမာရေးနှင့်ဂေဟစနစ် ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှုမဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ဆူညံသံနှင့်တုန်ခါမှု၊ အခိုးအငွေ့ ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် အခြေခံစည်းမျဉ်းအဖြစ် သတ်မှတ် ပြဋ္ဌာန်းထုတ်ပြန်ထားသည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက်များ (၂၀၁၅)၏ ၂.၃.၇.၄ သတ္တု၊ ပလတ်စတစ်နှင့် ရာဘာထုတ်ကုန်လုပ်ငန်း (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းစီမံကိန်းမှ ညစ်ညမ်းမှုဖြစ်ပေါ်ခြင်းကို လျော့နည်းစေခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှုအား ရှောင်ကြဉ်ရန်၊ အနည်းဆုံးဖြစ်စေရန်နှင့် ထိန်းချုပ်ရန်အတွက် လည်းကောင်း၊ ပြန်လည်သန့်စင်ရန် လိုအပ်သည့် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုကို အနည်းဆုံးဖြစ်စေခြင်းအပါအဝင် စက်မှုလုပ်ငန်းစဉ်များကို လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် အတွက်လည်းကောင်း၊ လိုအပ်ပါက ပြန်လည်သန့်စင်မှု

နည်းပညာများ အသုံးပြုပြီး ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့်အရာတို့၏ ပမာဏကို မစွန့်ထုတ်မီ သို့မဟုတ် မထုတ်လွှတ်မီ လျှော့ချရန်အတွက်လည်းကောင်း စီမံဆောင်ရွက်သွားပါမည်။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင် လိုက်နာရမည့် ထုတ်လွှတ်မှုသတ်မှတ်ချက်များအား သက်ဆိုင်ရာလုပ်ငန်းကဏ္ဍ အလိုက်သတ်မှတ်ထားပါသည်။ အဆိုပြုစီမံကိန်းလုပ်ငန်းအမျိုးအစားမှာ အပိုဒ် ၂.၃.၇.၄ သတ္တု၊ ပလတ်စတစ်နှင့် ရာဘာထုတ်ကုန်လုပ်ငန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ အဆိုပါ အပိုဒ် ၂.၃.၇.၄ ရှိ လမ်းညွှန်ချက် (Guidelines) များ၌ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels) နှင့် ထုတ်လွှတ်အခိုးအငွေ့အဆင့်သတ်မှတ်ချက်များ (Air Emission Levels) ဖော်ပြထားပါသည်။ ထို့ကြောင့် အဆိုပြုစီမံကိန်း၏ စွန့်ပစ်ရေစွန့်ထုတ်မှု နှင့် အခိုးအငွေ့ထွက်ရှိ/ထုတ်လွှတ်မှုကိစ္စရပ်များကို သမားရိုးကျသန့်စင်မှု၊ လျှော့ချမှုစနစ်ဖြင့် ဆောင်ရွက်ပြီး အဆိုပါ အပိုဒ် ၂.၃.၇.၄ ရှိ စွန့်ထုတ်မှုဆိုင်ရာလမ်းညွှန်ချက် သတ်မှတ်တန်ဖိုးများရရှိအောင် လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ဆူညံသံနှင့်တုန်ခါမှု နှင့် အနံ့ ထွက်ရှိမှုသတ်မှတ်ချက်များနှင့်ပတ်သက်၍ အပိုဒ် ၁ အထွေထွေလမ်းညွှန်ချက် (General Guidelines) များရှိ အပိုဒ်ခွဲ ၁.၃ ဆူညံသံအဆင့် (Noise Level) နှင့် အပိုဒ် ၁.၄ အနံ့ လမ်းညွှန်သတ်မှတ်ချက်တို့၏ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာကျင့်သုံးသွားမည် ဖြစ်ပါသည်။

အပိုဒ် ၂.၃.၇.၄ သတ္တု၊ ပလတ်စတစ်နှင့် ရာဘာထုတ်ကုန်လုပ်ငန်း၏ အရည်အသွေး(ထုတ်လွှတ်မှု)အဆင့်သတ်မှတ်ချက်များမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်သည် -

**ဇယား ၃-၄: စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)**

| Parameter | Unit | Guideline Value |
|---|---|---|
| Aluminum | mg/l | 3 |
| Ammonia | mg/l | 10 |
| Adsorbable organic halogens | mg/l | 20 (electroplating) |
| Arsenic | mg/l | 0.1 |
| Cadmium | mg/l | 0.1 |
| Chemical oxygen demand | mg/l | 250 |
| Chromium (hexavalent) | mg/l | 0.1 |
| Chromium (total) | mg/l | 0.5 |
| Copper | mg/l | 0.5 |
| Cyanides (free) | mg/l | 0.2 |
| Cyanides (total) | mg/l | 1 |
| Fluorides | mg/l | 20 |

| | | |
|---|---|---|
| Iron | mg/l | 3 |
| Lead | mg/l | 0.2 |
| Mercury | mg/l | 0.01 |
| Nickel | mg/l | 0.5 |
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Phenols | mg/l | 0.5 |
| Silver | mg/l | 0.2 |
| Sulfide | mg/l | 1 |
| Temperature increase | °C | <3[b] |
| Tin | mg/l | 2 |
| Total nitrogen | mg/l | 15 |
| Total phosphorus | mg/l | 5 |
| Total suspended solids | mg/l | 50 |
| | | 25 (electroplating) |
| Volatile organic halogens | mg/l | 0.1 |
| Zinc | mg/l | 2 |

a Standard unit

b Lower value for pesticide manufacturing, higher value for pesticide formulation

### ဇယား ၃-၅: ထုတ်လွှတ်အခိုးအငွေ့အဆင့်သတ်မှတ်ချက်များ (Air Emission Levels)

| Parameter | Unit | Guideline Value |
|---|---|---|
| Ammonia, gaseous inorganic chlorine compounds | mg/Nm$^{3}$[a] | 30 |
| Bromines, Cyanides, Fluorines, Hydrogen sulfide | mg/Nm$^{3}$ | 3 |
| Chloride | mg/Nm$^{3}$ | 5 |
| Chlorine | mg/Nm$^{3}$ | 3 |
| Particulate matter PM10b | mg/Nm$^{3}$ | 20,5c |
| Total organic carbon | mg/Nm$^{3}$ | 50 |
| Volatile organic compounds | mg/Nm$^{3}$ | 20 |

[a] Milligrams per normal cubic meter at specified temperature and pressure

[b] Particulate matter 10 micrometers or less in diameter

[c] Applicable where very toxic compounds are present

အပိုဒ် ၁ အထွေထွေလမ်းညွှန်ချက်များ (General Guidelines) ပါ အပိုဒ်ခွဲ ၁ ၃.ဆူညံသံအဆင့် (Noise Level) နှင့် အပိုဒ်ခွဲ ၁ ၄.အနံ့ (Odor)) လမ်းညွှန်သတ်မှတ်ချက်တန်ဖိုးများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

**ဇယား ၃-၆: ဆူညံသံ (Noise)**

| Receptor | One Hour LAeq (dBA)a | |
|---|---|---|
| | Daytime 07:00 - 22:00 (10:00 - 22:00 for public holidays) | Nighttime 22:00 - 07:00 (22:00 - 10:00 for public holidays) |
| Residential, institutional, Educational | 55 | 45 |
| Industrial, commercial | 70 | 70 |

[a] Equivalent continuous sound level in decibels

**အနံ့ (Odor)**

စီမံကိန်းလုပ်ငန်းများသည် ထွက်ရှိသော စုစည်းနှင့်ပျံ့လွင့် (Point and Diffuse) အနံ့ကို လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များတွင် ဖော်ပြထားသော အနံ့ထိန်းချုပ်မှု နည်းပညာများ အသုံးပြုပြီး လျှော့ချထိန်းချုပ်မှုပြုရမည်။ စုစည်းအနံ့မှာ ခေါင်းတိုင်မှ ထုတ်လွှတ်သည့် အနံ့ဖြစ်ပြီး စွန့်ပစ်ပစ္စည်း လျှော့ချခြင်းနှင့် ပိုမိုသန့်ရှင်းစွာ ထုတ်လုပ်ရေးဆိုင်ရာစည်းမျဉ်းအသုံးပြုခြင်း သို့မဟုတ် သမားရိုးကျထုတ်လွှတ်မှုထိန်းချုပ်ရေးပစ္စည်းကိရိယာ (Conventional Emission Control Equipment) သုံး၍ထိန်းချုပ်နိုင်သည်။ ဧရိယာ သို့မဟုတ် ထုထည်ရင်းမြစ်မှ ထုတ်လွှတ်သောအနံ့ (ဥပမာ- Intensive Agriculture Activities) သည် ပျံ့လွင့်အနံ့ဖြစ်ပြီး ၎င်းအနံ့ကို ထိန်းချုပ်ရန်မှာ ပိုမိုခက်ခဲသည်။ စီမံ ကိန်းလုပ်ငန်းများအနေဖြင့် ပတ်ဝန်းကျင်ရှိ လူများ လက်မခံနိုင်သည့် ဆိုးရွားသောအနံ့များ မထွက်ရှိ စေရန် ထိန်းချုပ်ဆောင်ရွက်ရမည်။

ယေဘုယျအားဖြင့် စီမံကိန်းလုပ်ငန်းဧရိယာအနားရှိ လူနေထူထပ် သည့် ဧရိယာ အစွန်အဖျားနေရာတွင် အနံ့ယူနစ်၏ ၅ မှ ၁၀ ကို မကျော်သင့်ပါ။ စုစည်းအနံ့ သို့မဟုတ် ပျံ့လွင့်အနံ့ ထုတ်လွှတ်မှုရှိသော သို့မဟုတ် အနံ့ပေါင်းစုံထွက်ရှိနေသော လုပ်ငန်းစီမံကိန်းများအနေဖြင့် အနံ့သက်ရောက်မှုဆန်းစစ်ခြင်း (Odor Impact Assessment) ကို လုပ်ဆောင်၍ မြေပေါ်တွင်ရှိသင့်သည့် အမြင့်ဆုံးသိပ်သည်းပါရှိမှုပမာဏ (Ground-level Maximum Concentration) ကို စိစစ်သတ်မှတ်သင့်သည်။ ယင်းသို့ သတ်မှတ်ရာတွင် လူနေထူထပ်သောနေရာနှင့်နီးကပ်မှုစသောအချက်များကို ထည့်သွင်းတွက်ချက် သင့်သည်။

## ၃.၅ လုပ်ငန်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာ စံနှုန်းများ၊ စည်းကမ်းသတ်မှတ်ချက်များ

စီမံကိန်းသည် ISO ၂၂၀၀၀:၂၀၀၅၊ ISO ၉၀၀၁:၂၀၁၅ စသည့် နိုင်ငံတကာအဆင့်မီလက်မှတ်များ အား ရရှိထားပြီး နိုင်ငံတကာစံချိန်စံညွှန်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကောင်း အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။



CERTIFICATE OF REGISTRATION

The Quality Management Systems of

AUNG GABAR CO., LTD.

No. 101, Twin Thin Teik Wun U Tun Nyo Street, Hlaing Tharyar Township, Yangon, Myanmar

has been audited and found to conform to

ISO 9001:2015

for the following activities

Manufacturing and Distribution of Fibreglass Reinforced Pipe (FRP), Glassfibre Reinforced Pipe (GRP) and Polyvinyl Chloride (PVC Agriculture Hose Pipe and Water Supply Pipe), Polypropylene Random Co-Polymer (PPR-Hot and Warm Water Supply Pipe), High Density Polyethylene (HDPE-Water Supply Pipe), Furniture and Household Products Made Up of Fibre Glass

Date of Issue: 31 August 2016 Date of Expiry: 24 August 2019

Initial Certification: 27 August 2010

Certificate No. 681364

The validity of this certificate can be verified from the following website www.gicg.co.uk

Guardian Independent Certification Ltd

157080



CERTIFICATE OF REGISTRATION

The Management System of

AUNG GABAR CO., LTD.

No. 101, Twin Thin Teik Wun U Tun Nyo Street, Hlaing Tharyar Township, Yangon, Myanmar

has been assessed and complying with

ISO 22000:2005

for the following activities

Manufacturing and Distribution of FRP/GRP Pipes and PVC Hoses, PPR Cold and Warm Pipes

Date of Issue: 05 March 2014 Date of Expiry: 09 February 2017

Initial Certification: 11 February 2011

Certificate No. 682801

The validity of this certificate can be verified from the following website www.gicg.co.uk

Guardian Independent Certification Ltd

116464

ပုံ ၃-၁: ISO ၉၀၀၁:၂၀၁၅ နှင့် ISO ၂၂၀၀၀:၂၀၀၅ လက်မှတ်များ

## ၄.၀ စီမံကိန်းလုပ်ငန်းဆိုင်ရာဖော်ပြချက်များ

### ၄.၁ စီမံကိန်းအကြောင်းအရာ

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသည် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများ၊ အစိုးရ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေပေးဝေရေး စီမံကိန်းများနှင့် လယ်ယာလုပ်ငန်းသုံးလုပ်ငန်းများ စသည်တို့တွင် အသုံးပြုသည့် ပိုက်များကို ဈေးနှုန်းမှန်ကန်ပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများအား အသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ အဆိုပါ စက်ရုံသည် လုပ်ငန်း မှတ်ပုံတင် နှင့် ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလိုင်စင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ စက်မှုလုပ်ငန်းလိုင်စင်၊ ဓာတုဗေဒပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်အမှတ်စသည့် သတ်မှတ်ထားသော မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားရှိပြီး ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် The Quality Management System အသိအမှတ်ပြုလက်မှတ် (ISO ၉၀၀၁: ၂၀၁၅) လည်း ရရှိထားပြီး ဖြစ်ပါသည်။

| စဉ် | သက်ဆိုင်ရာ လိုင်စင်များ/ မှတ်ပုံတင်များ |
|---|---|
| ၁။ | ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၀၈၃၂၁၃၄၂ |
| ၂။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် မနသ - ၂၅၇/၉၉ |
| ၃။ | The Quality Management System အသိအမှတ်ပြုလက်မှတ် (ISO ၉၀၀၁: ၂၀၁၅) |
| ၄။ | ရန်ကုန် မြို့တော်စည်ပင်သာယာ ရေးကော်မတီ၏ လုပ်ငန်းလိုင်စင် |
| ၅။ | ပုဂ္ဂလိကစက်မှု လုပ်ငန်းမှတ်ပုံတင်အမှတ် - ရက/ကြီး/ ၂၆၃၄၊ ရက/ကြီး/ ၉၀၉ |
| ၆။ | ဓာတုဗေဒပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်အမှတ် - ၀၀၀၆၃၃ |
| ၇။ | ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်အမှတ် - ၁၀၈၃၂၁၃၂၂ |

အဆိုပါ Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို ၁၉၉၀ ခုနှစ်တွင် လုပ်ငန်းလိုင်စင်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၉၉ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် မနသ - ၂၅၇/၉၉ ဖြင့် ရင်းနှီးမြှုပ်နှံခဲ့ပြီး ယခုအခါတွင် Aung Gabar Co., Ltd. ၏ ရင်းနှီးမြှုပ်နှံသူအနေဖြင့် ဦးမြင့်သိန်း အမည်သို့ ပြောင်းလဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် လုပ်ငန်းအမျိုးအစားအား လယ်ယာသုံးရေစုပ်ပိုက် အကြည်ထုတ်လုပ်ခြင်းလုပ်ငန်းမှ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသို့လည်ကောင်း၊ ရင်းနှီးမတည်ငွေ ကျပ် ၅၆,၀၀၀ သန်းမှ ၄၆၃.၈၃၀ သန်းသို့လည်း ကောင်း

တိုးမြှင့်ပြင်ဆင် ခွင့်ပြုချက်ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုပြင်ဆင်ခွင့်ရရှိခဲ့ပါကြောင်း နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။


## ၄.၂ စီမံကိန်းအကောင်အထည်ဖော်မည့်ကာလ

စီမံကိန်းဆောင်ရွက်သည့် အောင်ကမ္ဘာကုမ္ပဏီလီမိတက်သည် ၁၉၉၀ခုနှစ် ဒီဇင်ဘာလ (၈)ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၈၃၂၁၃၄၂) ဖြင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၉၉၀ ခုနှစ်မှ စတင်၍ လုပ်ငန်းကို စတင်လည်ပတ်ခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၉၉၉ ခုနှစ် ဇွန်လ ၄ ရက်နေ့ ရက်စွဲပါ ခွင့်ပြုမိန့် အမှတ်၊ မနသ-၂၅၇/၉၉ တွင် ပြင်ဆင်ချက်ဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား-ပလတ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်း၊ မတည် ငွေရင်းပမာဏ-မြန်မာကျပ်ငွေ (၄၆၃.၈၃၀)သန်း၊ ရင်းနှီးမြှုပ်နှံသူ-ဦးမြင့်သိန်းက ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ပါသည်။

စီမံကိန်းအား ခွင့်ပြုချက်များနှင့်အညီ နှစ်စဉ်ပုံမှန်သက်တမ်းတိုး၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ သက်ဆိုင်ရာမှခွင့်ပြုချက်များရရှိနေသ၍ ရေရှည်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပြီး၊ ယေဘုယျအားဖြင့် နှစ်ပေါင်း (၅၀) ခန့် ဆောင်ရွက်ရန် လျာထားပါသည်။ လုပ်ငန်းဖျက်သိမ်းရန် လိုအပ်လာပါက ဥပဒေ၊ ညွှန်ကြားသတ်မှတ်ချက်များနှင့်အညီ (၆) လခန့်အတွင်း အပြီးဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

## ၄.၃ လုပ်ငန်းတည်နေရာနှင့် မြေနေရာအကျယ်အဝန်း

အဆိုပါ စက်ရုံ၏ ပထဝီဆိုင်ရာ အနေအထားအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်း ခရိုင်၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၁)၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း၊ အမှတ်-၁၀၁၊ တွင် တည်ရှိပြီး မြောက်လတ္တီကျူ ၁၆၅၀'၃၄.၀၀နှင့် အရှေ့လောင်ဂျီကျူ ၉၆° ၄'၅၂.၅၇"တွင် တည်ရှိပါသည်။ စက်ရုံ ၏ ဧရိယာအကျယ်အဝန်းအားဖြင့် ၂ ဧက ကျယ်ဝန်းပါသည်။ စက်ရုံ၏ အရှေ့ဘက်တွင် Winco Garment Golf အိတ်ချုပ်စက်ရုံ၊ အနောက် ဘက်တွင် ဂိုဒေါင်(ပိတ်ထားသည့် ဂိုဒေါင်)၊ညာဘက်တွင် ငွေသဇင်မင်းစက်ရုံနှင့် ဘယ်ဘက်တွင် Steel Tank စက်ရုံတို့ တည်ရှိပါသည်။ စက်ရုံတည်နေရာပြမြေပုံအား ပုံ(၄-၁) တွင် ဖော်ပြထားပါသည်။





ပုံ ၄-၁: စီမံကိန်းတည်နေရာပြမြေပုံ




**ပုံ ၄-၂။ စက်ရုံတည်နေရာပြမြေပုံ**

## ၄.၄ ထုတ်လုပ်မှုဆိုင်ရာအဆောက်အဦးများနှင့် ဆက်စပ်အဆောက်အဦးများ

စီမံကိန်းအား အဓိက ကုန်ထုတ်လုပ်မှုဆိုင်ရာ အဆောက်အဦ နှစ်ခု (Steel Structure) နှင့် အခြားဆက်စပ်အဆောက်အဦများဖြင့်ဖွဲ့စည်းထားပါသည်။ အဆိုပါစက်ရုံတွင် လုပ်ငန်းလည်ပတ်ရန်အတွက် ပိုက်နှင့် ပိုက်ဆက်ပစ္စည်း ထုတ်လုပ်မှု ဆိုင်ရာ အဆောက်အဦ၊ ရေပိုက်များ သိုလှောင်သည့် နေရာ၊ Mixer Room ပစ္စည်းများ သိုလှောင် ထားရှိသည့် နေရာ၊ စက်ရုံ၏လုံခြုံရေးဂိတ်၊ ရုံးခန်း စသည်တို့နှင့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဓာတုပစ္စည်းများ သိုလှောင်ထားရှိပုံတို့ကို အောက်ပါပုံများတွင် အသေးစိတ်ဖော်ပြထားရှိပါသည်။





ပုံ ၄-၄: စက်ရုံအတွင်းရှိ အဆောက်အဦ နေရာချထားမှုပုံစံ

ဇယား ၄-၁: အဆောက်အရေအတွက်နှင့် အကျယ်အဝန်း

| စဉ် | အဓိကအဆောက်အဦနှင့် ဆက်စပ်အဆောက်အဦများ | အကျယ်အဝန်း (ပေ) |
|---|---|---|
| ၁ | Main Building ၁ | ၇၅ x ၃၁၀ |
| ၂ | Main Building ၂ | ၇၀ x ၃၈၉ |
| ၃ | Generator House | ၁၅ x ၁၅ |
| ၄ | Security House | ၁၁ x ၁၁ |
| ၅ | Hostel | ၃၅ x ၆၃ |
| ၆ | PPR Store | ၁၈ x ၆၃ |
| ၇ | SPC Store | ၆၀ x ၆၃ |
| ၈ | Factory Manager Hostel | ၁၅ x ၆၃ |
| ၉ | M&E Control Room | ၂၀ x ၃၀ |




ပုံ ၄-၃: စီမံကိန်းအဆောက်အဦများအား မြင်ရပုံ





**ပုံ ၄-၅: စက်ရုံအတွင်း ဓာတုပစ္စည်းများ သိုလှောင်ထားရှိ အသုံးပြုပုံ**

## ၄.၅ Aung Gabar Co.,Ltd.၏ ထုတ်လုပ်မည့် ထုတ်ကုန်နှင့် ထွက်ရှိမှု

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းမှ တစ်ရက်လျှင် PVC Hose Pipe, PPR Hot & Cold-Water Pipe, HDPE Water Pipe, Glass fiber Reinforce Pipe (GRP) ဟူ၍ ရေပိုက်အမျိုးအစား (၄) မျိုး ထုတ်လုပ်လျက်ရှိပါသည်။ ထုတ်ကုန်ပစ္စည်း (၄) မျိုးအား အရွယ်အစားအမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိပြီး တစ်လလျှင် (၇၅) တန်ခန့် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း အောက်ပါဇယား တွင် အသေးစိတ် ဖော်ပြထားပါသည်။ ဆက်လက်၍ စက်ရုံ၏ ကုန်ထုတ်လုပ်မှုပမာဏနှင့် ထုတ်ကုန်များအား နောက်ဆက်တွဲဖြင့် ဖော်ပြ ထားပါသည်။

## ဇယား ၄-၂ ကုန်ထုတ်လုပ်မှုပမာဏ

| စဉ် | ကုန်ပစ္စည်းအမျိုးအစား | ခန့်မှန်းထွက်ရှိမှုပမာဏ (ကီလိုဂရမ်) |
|---|---|---|
| | | တစ်ရက် |
| ၁။ | PVC Hose Pipe (PVC ပိုက်) | ၁,၅၀၀ |
| ၂။ | PPR Hot & Cold-Water Pipe (ရေပူ/ရေအေးပိုက်), HDPE Water Pipe | ၁,၀၀၀ |
| ၃။ | Glass fiber Reinforce Pipe (GRP) | အော်ဒါလက်ခံ ရရှိသည့်ပေါ် မူတည်ပါသည်။ |
| စုစုပေါင်း | | ၂,၅၀၀ |

| | |
|---|---|
|   |   |
| PVC Hose Pipe (PVC ပိုက်) | PPR Hot & Cold-Water Pipe (ရေပူ/ရေအေးပိုက်) |




HDPE Water Pipe





Glass fiber Reinforce Pipe (GRP)


**ပုံ ၄-၆ MPG PVC ပိုက်နှင့် ပိုက်ဆက်ပစ္စည်းစက်ရုံမှ အဓိကထုတ်ကုန်များ**

## ၄.၆ ထုတ်လုပ်မှုလုပ်ငန်းစဉ်


အဆိုပါစက်ရုံသည် PVC ပိုက်အမျိုးမျိုးထုတ်လုပ်၍ မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချ လျက်ရှိပါသည်။ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အဓိကအားဖြင့် စက်အမျိုးအစား (၆) မျိုးကို အသုံးပြုထားပြီး စက်ပစ္စည်းများကို ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တင်သွင်းပါသည်။ ထုတ်ကုန်များကို စနစ်တကျ ခေတ်မီနည်းပညာများဖြင့် ရောစပ်၍ ထုတ်လုပ်ထားပြီး ကုန်ပစ္စည်း တစ်မျိုးစီ၏ ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့်ကို အောက်ပါ အတိုင်းဖော်ပြအပ်ပါသည်။





ပုံ ၄-၇ ယေဘူယျ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်




ပုံ ၄-၈ Hose Pipe ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်




ပုံ ၄-၉ FRP ပိုက်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်




**ပုံ ၄-၁၀ PPR/HDPE ပိုက် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်**

## ၄.၇ ကုန်ကြမ်းပစ္စည်းသုံးစွဲမှုနှင့် သိုလှောင်ထားရှိ

ပိုက်နှင့် ပိုက်ဆက်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်း (၁၅) မျိုးအား အသုံးပြုပြီး တစ်နှစ်လျှင် ကုန်ကြမ်းလိုအပ်ချက်မှာ ကုန်ချောထွက်ရှိမှုပေါ် မူတည်၍ တင်သွင်း လျက်ရှိပါသည်။ လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း/ပြည်ပကုမ္ပဏီများမှ မှာယူ တင်သွင်းလျက်ရှိပြီး ကုန်ကြမ်းပစ္စည်း သိုလှောင်ရုံတွင် ပြည်တွင်းမှ မှာယူနိုင်သော ကုန်ကြမ်း ပစ္စည်းများကို အနည်းဆုံး (၄၅) ရက်စာနှင့် ပြည်ပမှ မှာယူရသော ကုန်ကြမ်းများကို အနည်းဆုံး (၉၀) ရက်နီးပါး သိုလှောင်ထားရှိပါသည်။ ကုန်ကြမ်းပစ္စည်း သိုလှောင်ထားရှိပုံအား ပုံတွင် ဖော်ပြထားရှိပါသည်။

**ဇယား ၄-၃** ကုန်ကြမ်းပစ္စည်းသုံးစွဲမှု အမျိုးအစားပြဇယား

| စဉ် | သုံးစွဲသည့်ကုန်ကြမ်းပစ္စည်းများ | တင်သွင်းသည့်နိုင်ငံ | မှတ်ချက် |
|---|---|---|---|
| **A.** | **For PVC Hose Pipe Product** | | |
| ၁။ | PVC Resin | ကိုရီးယားနိုင်ငံ/ အင်ဒိုနီးရှားနိုင်ငံ | |
| ၂။ | Dioctyl Phthalate (DOP) Resin | ကိုရီးယားနိုင်ငံ | |
| ၃။ | CHLORINATED POLYETHYLENE (CPE) Stabilizer | ပြည်တွင်း | |
| ၄။ | BCZ Stabilizer | ပြည်တွင်း | |
| ၅။ | PVC Stabilizer | မလေးရှားနိုင်ငံ | |
| ၆။ | Epoxidized Soya Bean Oil | ထိုင်ဝမ် | |
| ၇။ | Calcium Carbonate | ပြည်တွင်း | |
| **B.** | **PPR Hot & Cold-Water Pipe** | | |
| ၁။ | Polypropylene Random Copolymer (PPR Resin) | ကိုရီးယားနိုင်ငံ | |
| ၂။ | PP Color Masterbatch - White | ကိုရီးယားနိုင်ငံ/ တရုတ်နိုင်ငံ | |
| ၃။ | PP Color Masterbatch - Red | ကိုရီးယားနိုင်ငံ/ တရုတ်နိုင်ငံ | |
| ၄။ | PP Color Masterbatch - Blue | ကိုရီးယားနိုင်ငံ/ တရုတ်နိုင်ငံ | |

| | | | |
|---|---|---|---|
| **C. HDPE Water Pipe** | | | |
| ၁။ | High-Density Polyethylene (HDPE Resin) | ကိုရီးယားနိုင်ငံ/ ထိုင်းနိုင်ငံ | |
| ၂။ | HDPE Color Masterbatch - Blue | ကိုရီးယားနိုင်ငံ/ ထိုင်းနိုင်ငံ | |
| **D. Glass fiber Reinforce Pipe (GRP)** | | | |
| ၁။ | Fiberglass Resin (Inner/ Structure Resin) | ကိုရီးယားနိုင်ငံ | |
| ၂။ | Fiberglass Raw Materials | တရုတ်နိုင်ငံ | |

## ၄.၈ ဓာတုပစ္စည်းသုံးစွဲမှုနှင့် သိုလှောင်ထားရှိမှု

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းတွင် ပိုက်များထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ အသုံးပြုရာတွင် အဓိက ဓာတု ပစ္စည်းနှင့် ဆက်စပ် ပစ္စည်း (၅) မျိုးကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုချက်ရရှိထားပြီး တစ်နှစ်လျှင် တင်သွင်းအသုံးပြုခွင့် အား ခန့်မှန်းပမာဏ (ကီလိုဂရမ်အားဖြင့်) အား ဇယား တွင် ဖော်ပြထားရှိပါသည်။ ဓာတု (ကုန်ကြမ်း) ပစ္စည်းများ သုံးစွဲရာတွင် Material Safety Data Sheet (MSDS) စံချိန်စံညွှန်းများနှင့် အညီ သုံးစွဲလျက် ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။ Material Safety Data Sheet (MSDS) စံချိန်စံညွှန်းများအား ပူးတွဲတွင်ဖော်ပြထားပါသည်။

**ဇယား ၄-၄ ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသည့်(ကုန်ကြမ်း) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ**

| စဉ် | ဓာတုပစ္စည်း အမျိုးအမည် | စံချိန်စံညွှန်း | ထုတ်ပိုးသည့်ပုံစံ အမျိုးအစား | နှစ်အလိုက် လိုအပ်ချက် ခန့်မှန်း (ကီလိုဂရမ်) |
|---|---|---|---|---|
| ၁။ | Dioctyl Phthalate (D.O.P) | MSDS | ပီပါ | ၃၂၀,၀၀၀ |
| ၂။ | Epoxidized Soybean | MSDS | ပလတ်စတစ်ပီပါ | ၃၂၀,၀၀၀ |
| ၃။ | Stabilizer | MSDS | ပီနမ် | ၄၀,၀၀၀ |
| ၄။ | Stearic Acid | MSDS | ပီနမ်/စက္ကူ | ၁၇,၀၀၀ |
| ၅။ | Unsaturated Polyester Resin (Structure Resin) | MSDS | ပီပါ | ၅၃,၀၀၀ |
| စုစုပေါင်း | | | | ၄၆၂,၀၀၀ |


DIOCTYL PHTHALATE (D.O.P)


STABILIZER (LIQUID)


CHLORINATED POLYETHYLENE (CPE)


STEARIC ACID




စက်ရုံအတွင်း ဓာတုကုန်ကြမ်းပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိပုံ

## ၄.၉ စက်ရုံတွင်အသုံးပြုသော စက်ပစ္စည်းနှင့်ယန္တရားများ

အဆိုပါစက်ရုံတွင် ထုတ်လုပ်ရေးအတွက် အဓိကအားဖြင့်အသုံးပြုသော စက်ပစ္စည်း အမျိုးအစားများကို ကိုရီးယားနိုင်ငံမှ အများဆုံး တင်သွင်းထားခြင်းဖြစ်ပါသည်။ ကုန်ကြမ်း/ ကုန်ချော ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ၃ တန်အထက်သယ်ဆောင်နိုင်သော ကားကြီးနှင့်၁.၅တန် အောက်သယ်ဆောင်နိုင်သော ကားအသေးများ ထားရှိပါကြောင်း ဇယား တွင် အသေးစိတ် ဖော်ပြထားပါသည်။ လျှပ်စစ်စွမ်းအင် ရယူသုံးစွဲမှုအတွက် (၁၀၀၀ KVA ၅၀၀ KVA နှင့် ၃၁၅ KVA) Transformer မှ ရယူသုံးစွဲ လျက်ရှိသော်လည်း လျှပ်စစ်မီးပြတ်တောက်ပါက လုပ်ငန်းလည်ပတ်

ခြင်းအား ထိခိုက်မှု မရှိစေရန် ၅၀၀ KVA ဝန်အားရှိ မီးစက်အား အရံထား ရှိပါသည်။ စက်ပစ္စည်းနှင့် ယာဉ် ယန္တရားအင်အားစာရင်း အသေးစိတ်အား အောက်ပါဇယားများ တွင် အသေးစိတ် ဖော်ပြထားပါသည်။

**ဇယား ၄-၅** စက်ရုံတွင်အသုံးပြုသော စက်ပစ္စည်းများ စာရင်း

| Sr | Description | Quantities | Model | Brand | Internal Mach. Code |
|---|---|---|---|---|---|
| **Hose Pipe Machine Line** | | | | | |
| 1 | Rigid Mixer Machine | 1 Set | | Korea | |
| 2 | Soft Mixer Machine | 1 Set | | Korea | |
| 3 | Mixer Machine | 1 Set | | Korea | |
| 4 | Rigid Seed Machine | 1 Set | | Korea | |
| 5 | Soft Seed Machine | 1 Set | | Korea | |
| 6 | Seed Machine | 1 Set | | Korea | |
| 7 | 1.5" & 2" Suction Pipe Machine | 1 Set | | Korea | |
| 8 | 3" Suction Pipe Machine | 1 Set | | Korea | |
| 9 | 4"Suction Pipe Machine | 1 Set | | Korea | |
| 10 | 5" & 6" & 8" Suction Pipe Machine | 1 Set | | Korea | |
| 11 | Chipper Machine for Rigid | 1 Set | | Korea | |
| 12 | Chipper Machine for Rigid | 1 Set | | Korea | |
| 13 | Chipper Machine for Soft | 1 Set | | Korea | |
| **HDPE/PPR Pipe Machine Line** | | | | | |
| 14 | HDPE/PPR Pipe Extrusion Line (16-63mm) | 1 set | GMP-63 | JURRY | PPR Line-1 |
| 15 | HDPE/PPR Pipe Extrusion Line (63-160mm) | 1 set | JYH-60 | JURRY | PPR Line-2 |
| 16 | Crusher Machine (16-63mm) | 1 unit | PC-400 | JURRY | PPR CRM-1 |
| 17 | Logo Printing Machine | 1 unit | CJ-400 | Coda-Tech | PM-1 |
| 18 | Logo Printing Machine | 1 unit | CJ-5900 | Coda-Tech | PM-2 |
| | | | | | |

| Sr | Description | Quantities | Model | Brand | Internal Mach. Code |
|---|---|---|---|---|---|
| GRP/FRP Machine Line (600-1200 mm) | | | | | GRP Line-1 |
| 19 | Lining | 1 set | JC-2000 | ZT | |
| 20 | Winding | 1 set | JC-2000 | ZT | |
| 21 | Solidifying | 1 set | JC-2000 | ZT | |
| 22 | Timing | 1 set | JC-2000 | ZT | |
| 23 | Strip Machine | 1 set | JC-2000 | ZT | |
| 24 | Filament winding machine | 1 set | JC-2000 | ZT | |
| 25 | Resin mixing system | 1 set | JC-2000 | ZT | |
| 26 | Curing station | 1 set | JC-2000 | ZT | |
| 27 | Mould DN 1400mm | 3 units | | | Mould-1 |
| 28 | Mould DN 1200mm | 6 units | | | Mould-2 |
| 29 | Mould DN 1000mm | 3 units | | | Mould-3 |
| 30 | Mould DN 900mm | 2 units | | | Mould-4 |
| 31 | Mould DN 600mm | 4 units | | | Mould-5 |
| GRP/FRP Machine Line (50-300 mm) | | | | | GRP Line-2 |
| 32 | Multi-mould frame with extractor | 1 Set | DN-2000 | WD | |
| 33 | Filament winding machine | 1 Set | DN-2000 | WD | |
| 34 | Resin mixing system | 1 Set | DN-2000 | WD | |
| 35 | Calibration machine | 1 Set | DN-2000 | WD | |
| 36 | Hydro testing machine (simple type) | 1 Set | DN-2000 | WD | |
| 37 | DN 50 | 6 units | | | |
| 38 | DN 100 | 6 units | | | |
| 39 | DN 150 | 6 units | | | |
| 40 | DN 200 | 6 units | | | |
| 41 | DN 250 | 6 units | | | |
| 42 | DN 300 | 6 units | | | |

| Sr | Description | Quantities | Model | Brand | Internal Mach. Code |
|---|---|---|---|---|---|
| 43 | Pressure Test Machine | 1 set | | ZT | PTM-1 |
| 44 | Overhead Crane | 1 set | | ZT | OVC-1 |
| **Other Equipment** | | | | | |
| 45 | Digital Cater 300g | 1 unit | | Cetra | |
| 46 | Kohler Generator | 1 unit | | | |
| 47 | Forklift (3) MT | 1 unit | | | |

| စဉ် | ယာဉ်အမျိုးအစား | ယာဉ်နံပါတ် | အသုံးပြုသည့် ဌာန |
|---|---|---|---|
| ၁။ | TOYOTA Town ace | 6I-9456 | PPR |
| ၂။ | Mazda Bongo | 4G-1012 | PPR |
| ၃။ | TOYOTA Town ace | 6I-9423 | HOSE |
| ၄။ | Mitsubishi Canter | 5E-9542 | HOSE |
| ၅။ | Mitsubishi Canter | 2J-8531 | PPR |
| ၆။ | Nissan Venetta | 6G-9300 | HOSE |
| ၇။ | Suzuki Carry | 6G-9292 | SPC |
| ၈။ | Mitsubishi Canter | 7G-8531 | HOSE |
| ၉။ | Suzuki Carry | 7G-6279 | Office |
| ၁၀။ | BAIC BJ640013R | 4H-5894 | Office |
| ၁၁။ | TOYOTA Lite ace | 5D-8093 | SPC |
| ၁၂။ | TOYOTA Town ace | 9F-8074 | Office |
| ၁၃။ | Mitsubishi Fuso | 7D-8936 | HOSE |
| ၁၄။ | TOYOTA Lite ace | 2E-4484 | SPC |
| ၁၅။ | BAIC E Series | 4I-9869 | SPC |
| ၁၆။ | BAIC MZ45 (HTY) | 9M-7342 | Office |

## ၄.၁၀ လုပ်သားအရေအတွက်

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း စက်ရုံရှိ ရုံးဝန်ထမ်းနှင့် စက်ရုံဝန်ထမ်းအင်အား စာရင်းအား ကျား၊ မ ခွဲခြား၍ အောက်ပါဇယား (၄-၄) တွင် အသေးစိတ် ဖော်ပြအပ်ပါသည်-

**ဇယား ၄-၆ စက်ရုံရှိ လုပ်ငန်းဌာနအသီးသီးမှ လုပ်သားအင်အားစာရင်း**

| စဉ် | ဌာန | ဝန်ထမ်းဦးရေ | | စုစုပေါင်း |
|---|---|---|---|---|
| | | ကျား | မ | |
| ၁။ | စက်ရုံဝန်ထမ်း | ၆၁ | ၈ | ၆၉ |
| ၂။ | ရုံးဝန်ထမ်း | ၃၂ | ၂၂ | ၅၄ |
| စုစုပေါင်း | | ၉၃ | ၃၀ | ၁၂၃ |

## ၄.၁၁ တစ်နှစ်အလုပ်လုပ်ရက်နှင့် အလုပ်ချိန်သတ်မှတ်ချက်

Aung Gabar Co., Ltd. သည် နှစ်စဉ်အလုပ်လုပ်ရက်(စက်လည်ပတ်ရက်) အနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ၃၁၂ ရက် သတ်မှတ်ထားပြီး အစိုးရရုံးပိတ်ရက်များ၊ အခါကြီးရက်ကြီးများအား အလုပ်ပိတ်ရက်အဖြစ်သတ်မှတ်ထားပါသည်။

အလုပ်ချိန်အနေဖြင့် ရုံးနှင့်စက်ရုံကိုသီးခြားခွဲထားပြီး ရုံးအလုပ်ချိန်မှာ နံနက် ၉းဝဝ မှ ညနေ ၁၇:ဝဝ၊ ထမင်းစားချိန်မှာ နေ့လည် ၁၁းဝဝ-၁၂းဝဝ၊ စက်ရုံအလုပ်ချိန်မှာ နံနက် ၇းဝဝ-၁၅းဝဝ၊ ထမင်းစားချိန်မှာ နေ့လည် ၁၁းဝဝ-၁၃းဝဝ စသည်ဖြင့် အလှည့်ကျစနစ်ဖြင့် စီစဉ်ထားပါသည်။စက်ရုံ၏ ညဆိုင်းအချိန်မှာ ည ၁၉းဝဝ-ဝ၂းဝဝ၊ ထမင်းစားချိန်မှာ ည ၂၃းဝဝ-ဝ၁းဝဝ စသည်ဖြင့် အလှည့်ကျစီစဉ်ထားပါသည်။

## ၄.၁၂ ရေလိုအပ်ချက်နှင့် ရေရယူသုံးစွဲမှု

အဆိုပါစက်ရုံတွင် လုပ်ငန်းလည်ပတ်ရန်အတွက် အသုံးပြုရန်လိုအပ်သည့် ရေကို အဝီစိတွင်းမှ Pump ဖြင့် မောင်းတင်ပြီး Under Ground Tank မှတဆင့် ရေဂါလံ (၃၅ဝဝ-၅ဝဝဝ) ခန့် ဝင်ဆံ့သည့် ရေလှောင်ကန်အတွင်းသို့ ရောက်ရှိစေပါသည်။ ရေလှောင်ကန်အတွင်း Cooling Tower ဖြင့် အအေးပေးကာ စက်ရုံအတွင်းရှိ စက်လိုင်းယူနစ်များသို့ အအေးပေးခြင်းနှင့် ၎င်းမှ ပြန်လာသော ရေများကို ရေလှောင်ကန်အတွင်းသို့ ပြန်လည်မောင်းတင်ပြီး အအေးပေးခြင်းဖြင့် တစ်နေ့လျှင် ရေဂါလံ (၃,ဝဝဝ)ခန့်ကို လည်ပတ်အသုံးပြုလျက်ရှိပါသည်။

သုံးရေကိုမူ အဝိစီတွင်းမှ ရေ ဂါလံ၂၀၀ ဆံ့သော Tank ၂ ခု အတွင်းတွင် သိုလှောင်ပြီး နေ့စဉ် သုံးစွဲလျက်ရှိပါသည်။ သောက်ရေကို ပြင်ပမှ မှာယူသုံးစွဲလျက် ရှိပါသည်။

**ဇယား ၄-၇: ရေအသုံးပြုမှုပမာဏ**

| စဉ် | ရေအသုံးပြုမှု | ပမာဏ(နေ့စဉ်) |
|---|---|---|
| ၁။ | လုပ်ငန်းလည်ပတ်မှု | ၃၀၀၀ ဂါလန် |
| ၂။ | ဝန်ထမ်းများရေသုံးစွဲမှု | ၃၀၀ ဂါလန် |
| **စုစုပေါင်း** | | **၃၃၀၀ ဂါလန်** |

## ၄.၁၃ စွမ်းအင်လိုအပ်ချက်နှင့် ရယူသုံးစွဲမှု

အဆိုပါစက်ရုံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် တစ်လလျှင် (၁၇၀,၀၀၀)ယူနစ်ခန့် သုံးစွဲလျက်ရှိပြီး (၃၁၅KVA, ၅၀၀KVA, ၁၀၀၀KVA) Transformer မှ ရယူသုံးစွဲလျက်ရှိပါသည်။ လျှပ်စစ်မီး ပြတ်တောက် ပါက လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးအတွက် ၅၀၀ KVA ဝန်အားရှိ မီးစက်အား အရံထားရှိ သုံးစွဲလျက်ရှိပါသည်။ မီးစက်များမောင်းနှင်ရန်နှင့် ကုန်တင်ယာဉ်များ၊ ပစ္စည်းတင်/ချယာဉ်များနှင့် အထွေထွေအသုံးပြုရန်အတွက် တစ်လလျှင် ဓာတ်ဆီနှင့် ဒီဇယ်ဆီ (၄၀၀-၅၀၀) ဂါလံခန့် သုံးစွဲ လျက်ရှိပါသည်။ စက်သုံးဆီ သုံးစွဲမှုအား အောက်ပါဇယား (၄-၇) တွင် အသေးစိတ် ဖော်ပြထား ရှိပါ သည်။ အဆိုပါ စက်သုံးဆီများအား ပီပါများဖြင့် စနစ်တကျ သိုလှောင်ထားရှိပြီး သိုလှောင်မှုပမာဏ မှာ ဂါလံ(၅၀၀) ဆန့် ပီပါအလုံး (၁၀) လုံးခန့် ထားရှိပါသည်။

ဇယား ၄-၈ စက်မောင်းဆီ သုံးစွဲမှုစာရင်း

| စဉ် | ယာဉ်အမျိုးအစား | စက်မောင်းဆီ အမျိုးအစား | (၁) လ သုံးစွဲဂါလံ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မော်တော်ယာဉ် | ဒီဇယ်ဆီ | ၂၀၅ | ကုန်ပစ္စည်းများသယ်ယူ ပို့ဆောင်ခြင်း |
| ၂။ | မီးစက် | ဒီဇယ်ဆီ | ၂၅၀ | လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အသုံးပြုခြင်း |
| ၃။ | Forklift (PD) | ဒီဇယ်ဆီ | ၃၀ | ပစ္စည်းအတင်အချပြုလုပ်ခြင်း |
| ၄။ | အထွေထွေ | ဓာတ်ဆီ | - | စက်ပစ္စည်းများ ဆေးကြောခြင်း |
| စုစုပေါင်း | | | ၄၈၅ | |





ပုံ ၄-၁၁ စက်ရုံတွင်း အသုံးပြုသည့် Transformer နှင့် Generator

## ၄.၁၄ စွန့်ပစ်ပစ္စည်းထွက်ရှိမှု

Aung Gabar Co., Ltd.၏ပလပ်စတစ်ပိုက် အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းမှအဓိကအားဖြင့် အရည်အသွေးမမှီသော ပိုက်တို/ပိုက်စများ၊ ကော်ပျော်များ၊ ပိုက်ကြိတ်ခွဲစက် Crusher Mic) မှထွက်ရှိသော chipperအမှုန့်များ၊ ရုံးလုပ်ငန်းများမှထွက်ရှိသော လုပ်ငန်းသုံးစာရွက်များနှင့် အိတ်ခွံအမှိုက်များ၊ လူနေဆောင်များမှ စားကြွင်းစားကျန်အမှိုက်များ၊ ပိုက်ထုတ်လုပ်ရာမှ ထွက်ရှိသော ပိုက်ပျက်အတိုအဆများ၊ ကော်ပျော်များအစရှိသည်တို့ကို Crusher M/C ဖြင့် သေးငယ်သော chipper အတုံးအခဲ လေးများဖြစ်အောင် ကြိတ်ခွဲပြီး ပိုက်ထုတ်လုပ်ရာတွင် ပြန်လည်ရောစပ် အသုံးပြုပါသည်။ အခြားသောရုံးလုပ်ငန်း နှင့် လူနေဆောင်များမှထွက်ရှိသော

စွန့်ပစ်ပစ္စည်းများကိုမူ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ချိတ်ဆက်၍ သတ်မှတ်ထားသောနေရာတွင် တစ်ပတ် ၂ ကြိမ် အမှိုက်ကားဖြင့်သွားရောက်စွန့်ပစ်လျက်ရှိပါသည်။ ၁လလျှင် ထွက်ရှိသော အစိုင်အခဲ စွန့်ပစ်ပစ္စည်းပမာဏမှာ (၅) တန်ခန့်စွန့်ပစ်လျက်ရှိပါသည်။




**ပုံ ၄-၁၂: စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေ ထွက်ရှိရာပြမြေပုံ**

| စဉ် | ပါရာမီတာ | မြောက်လတ္တီကျု့ | လောင်ဂျီကျု့ |
|---|---|---|---|
| ၁ | စွန့်ပစ်ရေစွန့်ထုတ်သည့်နေရာ | ၁၆°၅၀'၃၂.၁၃"N | ၉၆° ၄'၅၂.၉၁"E |
| ၂ | စွန့်ပစ်ပစ္စည်းစုဆောင်းသည့်နေရာ | ၁၆°၅၀'၃၂.၄၀"N | ၉၆° ၄'၅၄.၀၃" |
| ၃ | စွန့်ပစ်ပစ္စည်းစွန့်ပစ်သည့်နေရာ | ၁၆°၅၀'၃၆.၈၀"N | ၉၆° ၄'၅၃.၅၆"E |

## ၅.၀ လက်ရှိဝန်းကျင်ဆိုင်ရာအကြောင်းအရာများ

### ၅.၁ နိဒါန်း

စက်ရုံ ဧရိယာနှင့် စက်ရုံအနီးပတ်လည်တွင် တည်ရှိသော လက်ရှိသဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အကြောင်းအရာ အခြေအနေများကို လက်ရှိအခန်း (၅) တွင် ဖော်ပြထားပါသည်။ ၎င်းလုပ်ငန်းစဉ်ကို စက်ရုံ၏ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့မှ ၂၀၂၀ခုနှစ်၊ မတ်လ အတွင်း တစ်ကြိမ်၊ NeoTech Myanmar ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလတွင် တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ် ပြုလုပ်ခဲ့ ပါသည်။ စက်ရုံ အတွင်း/အပြင်ရှိ လေအရည်အသွေး၊ ရေအရည်အသွေး၊ အသံဆူညံမှု စသည့် အခြေခံတိုင်းတာရသည့် လက်ရှိသဘာဝဝန်းကျင်ဆိုင်ရာ အချက်အလက်များကို နမူနာကောက် ယူ၍ ဓာတ်ခွဲခန်းသို့ ပို့ဆောင် စစ်ဆေးဆောင်ရွက်ခဲ့ပြီး လူမှုပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက် များကို သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ခြင်း၊ ကွင်းဆင်းစာရင်း ကောက်ယူခြင်းများ ပြုလုပ်၍ ဆောင်ရွက်ခဲ့ပါသည်။

### ၅.၂ နယ်နမိတ်သတ်မှတ်ချက်

စက်ရုံလွှမ်းခြုံနယ်မြေတွင် စက်ရုံအတွင်းနှင့် ၎င်း၏အနီးပတ်လည်တို့ ပါဝင်ပါသည်။ စက်ရုံ ၏ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့မှ လေအရည်အသွေး၊ ဆူညံသံထုတ်လွှတ်မှုများ၊ စွန့်ပစ်ပစ္စည်း စွန့်ထုတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို စက်ရုံအနီးပတ်လည်တွင် ရှိနိုင် သည်ဟု ယူဆထားပါသည်။

### ၅.၃ အချက်အလက်ကောက်ယူခြင်း၊ ခွဲခြားဆန်းစစ်ခြင်း နည်းလမ်းနှင့် ရည်ရွယ်ချက်

စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှု–စီးပွား မထိခိုက်စေရန်အတွက် ပတ်ဝန်းကျင် နှင့် လူမှု–စီးပွားကို ဗဟိုပြုချဉ်းကပ်သည့်နည်းလမ်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်ရွယ်ချက်ဖြင့် အနီးပတ်ဝန်းကျင်အား လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့ပါသည်။

စီမံကိန်းဝန်းကျင်ရှိ လူမှု-စီးပွားနှင့်သက်ဆိုင်သည့် မူလသတင်းအချက်အလက်များ ကို ကွင်းဆင်းလေ့လာစာရင်းကောက်ယူခြင်း၊ ဒေသခံများနှင့်တွေ့ဆုံ၍စုံစမ်းမေးမြန်းခြင်း စသည့် နည်းလမ်းများဖြင့် ရယူဆောင်ရွက်ခဲ့ပါသည်။

စီမံကိန်းနှင့်သက်ဆိုင်သည့်တစ်ဆင့်ခံသတင်းအချက်အလက်များကို အစိုးရတရားဝင် ဝက်ဘ်ဆိုဒ်များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအသိအမှတ်ပြု သုတေသနစာတမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာန၏ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ ၂၀၂၃) အစရှိသည်တို့ထံမှ စုဆောင်းရယူခဲ့ပါသည်။

စက်ရုံဧရိယာနှင့် စက်ရုံအနီးပတ်လည်တွင် တည်ရှိသော လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အကြောင်းအရာ ကောက်ယူခြင်း အချိန်ဇယားကို ဇယား (၅-၁) တွင် ဖော်ပြထား ရှိပါသည်။

**ဇယား ၅-၁: စက်ရုံအတွင်း/အပြင်ရှိ လေအရည်အသွေး၊ ရေအရည်အသွေး၊ အသံဆူညံမှု အချက်အလက်များကို ကွင်းဆင်းနမူနာ ကောက်ယူခြင်း အချိန်ဇယား**

| နေ့ရက် | ဆောင်ရွက်ချက် | ဆောင်ရွက်သည့်အဖွဲ့အစည်း |
|---|---|---|
| ၃၀.၆.၂၀၂၀ | ရေအရည်အသွေးကောက်ယူခြင်း | စက်ရုံ၏ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့ |
| ၁၈.၆.၂၀၂၀ | လေအရည်အသွေးကောက်ယူခြင်း | |
| ၁၈.၆.၂၀၂၀ | ဆူညံသံကောက်ယူခြင်း | |
| ၁၄.၉.၂၀၂၄ | ရေအရည်အသွေးကောက်ယူခြင်း | NeoTech Myanmar ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့ |
| ၁၄.၉.၂၀၂၄ | လေအရည်အသွေးကောက်ယူခြင်း | |

## ၅.၄ မြေမျက်နှာသွင်ပြင်၊ နယ်နမိတ်နှင့်ရေဆင်း

အဆိုပါစက်ရုံသည် ရန်ကုန်စက်မှုဇုန်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း တည်ရှိပါသည်။ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်သည် ၁၂.၀၅ စတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နှင့်လည်းကောင်း၊ အနောက်ဘက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နှင့် လည်းကောင်း၊ တောင်ဘက်တွင် တွံတေးမြို့နယ်နှင့် မြောက်ဘက်တွင် ရွှေပြည်သာမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၏ မြေမျက်နှာသွင်ပြင်မှာ ညီညာပြန့်ပြူးလျက်ရှိပါသည်။ အဆိုပါ မြို့နယ်တွင် ပန်းလှိုင်မြစ်သည် အနောက်မှ အရှေ့သို့ စီးဆင်းလျက်ရှိပြီး မြောက်မှ တောင်သို့ စီးဆင်းသော လှိုင်မြစ်အတွင်းသို့ ပေါင်းဆုံပါသည်။ ပန်းလှိုင်မြစ်သည် တိမ်ကောနေပြီဖြစ်သဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် မြစ်ကြောင်းပြန်လည်တူးဖော်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက် စက်လှေများ သွားလာနိုင်ပြီ ဖြစ်ပါသည်။

**(ကိုးကား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ ၂၀၂၃)**

## ၅.၅ ရာသီဥတုနှင့်မိုးလေဝသ

စက်ရုံတည်ရှိရာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျှမ်းမျှ အမြင့် (၁၀၀) ပေ အကြားတွင် တည်ရှိပြီး ပူအိုက်စွတ်စိုသောရာသီဥတုရှိသည်။ အမြင့်ဆုံးအပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၂၆ ဒီဂရီဆဲလ်စီးယပ် ဖြစ်ပါသည်။ လှိုင်သာယာမြို့နယ် ၏ နှစ်စဉ် ပျမ်းမျှ အပူချိန်နှင့် မိုးရေချိန်ကို အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်။

**ဇယား ၅-၂ နှစ်စဉ် မိုးရေချိန်နှင့်အပူချိန်**

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန်(လက်မ) | နွေရာသီ(°C) | ဆောင်းရာသီ(°C) |
| | | | | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၁ | ၂၀၁၉ | ၁၁၂ | ၁၀၂/၁၁ | ၃၉ | ၂၆ |
| ၂ | ၂၀၂၀ | ၁၀၁ | ၉၆.၇၂ | ၄၀ | ၂၆ |
| ၃ | ၂၀၂၁ | ၁၀၉ | ၉၈.၀၇ | ၃၉ | ၂၅ |
| ၄ | ၂၀၂၂ | ၁၁၀ | ၉၉.၀၈ | ၄၀ | ၂၉ |
| ၅ | ၂၀၂၃ | - | - | ၄၁ | ၂၉ |

**(ကိုးကား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ ၂၀၂၃)**

## ၅.၆ မြေအသုံးချမှု

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်သည် စက်မှုဇုန်များ တည်ရှိရာ မြို့နယ်ဖြစ်ပြီး အဓိက လမ်းပန်း ဆက်သွယ်ရေးအနေဖြင့် အောင်ဇေယျတံတားနှင့် ဘုရင့်နောင် တံတားနှစ်စင်း ဖြင့် လှိုင်မြစ်အား ဖြတ်သန်းစေပြီး စီးပွားရေးအရ အချက်အခြာကျသော မြို့နယ်တစ်ခုလည်း ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီးသို့ လွယ်ကူစွာ သွားရောက်နိုင် သော အဝေးပြေးကားဝန်း လည်း တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအားဖြင့် ကောင်းမွန်သော မြို့နယ်တစ်ခုဖြစ်ပါသည်။ စက်ရုံတည်ရှိရာ မြို့နယ်သည် စုစုပေါင်း ဧရိယာ (ဧက) ၇၇၁၂ ရှိပြီး ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ် တော ဧရိယာ နှင့် လယ်ယာမြေပိုင်ဆိုင်ခြင်းများ မရှိကြောင်း တွေ့ရှိရပါသည်။ လှိုင်သာယာမြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧရိယာဧက များမှာ ဇယား (၅-၃) တွင် ဖော်ပြထားပါသည်။

## ဇယား ၅-၃: လှိုင်သာယာမြို့နယ်ရှိစက်မှုဇုန်များ

| စဉ် | စက်မှုဇုန်အမည် | စက်ရုံအရေအတွက် |
|---|---|---|
| ၁ | ဇုန် ၁ | ၁၀၈ |
| ၂ | ဇုန် ၂ | ၅၁ |
| ၃ | ဇုန် ၃ | ၆၆ |
| ၄ | ဇုန် ၄ | ၁၀၇ |
| ၅ | ဇုန် ၆ | ၁၃ |
| ၆ | ဇုန် ၇ | ၄၂ |
| ၇ | ရွှေလင်ပန်းစက်မှုဇုန် | ၃၀၆ |

(ကိုးကား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ ၂၀၂၃)

## ဇယား ၅-၄: လှိုင်သာယာမြို့နယ်ရှိ မြေအသုံးချမှု ဧရိယာများ

| စဉ် | မြေအမျိုးအစား | ဧရိယာ (ဧက) |
|---|---|---|
| ၁ | အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း | ၇၇ |
| | (က) လယ်မြေဧရိယာ | - |
| | (ခ) ယာမြေ | - |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | ၇၇ |
| | (င) တောင်ယာမြေ | - |
| ၂ | လှပ်ထားမြေဧရိယာ | - |
| ၃ | စားကျက်မြေ | - |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | ၁၅၃၈ |
| ၅ | မြို့ ရွာ နှင့် အခြားမြေ | ၄၄၀၁ |
| ၆ | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောဧရိယာ | - |
| ၇ | တောရိုင်း | - |
| ၈ | မြေရိုင်း | - |
| ၉ | စိုက်ပျိုးခြင်းမပြုနိုင်သော မြေဧရိယာ | ၁၆၉၆ |

(ကိုးကား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ ၂၀၂၃)

## ၅.၇ လေထုအရည်အသွေး

လေထုအရည်အသွေးတိုင်းတာရခြင်း ရည်ရွယ်ချက်မှာစက်ရုံဧရိယာရှိ လေထုအရည်အသွေး အခြေအနေအား သိရှိနိုင်ရန် ဖြစ်ပါသည်။ လေထုအရည်အသွေး တိုင်းတာရာတွင် ဓာတ်ငွေ့ ထုတ်လွှတ်ခြင်း၊ အမှုန်အမွှားပါဝင်မှု စသည်တို့ကို အဓိကထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး အပူချိန်/ စိုထိုင်းဆတို့ကိုလည်း တိုင်းတာရမည်ဖြစ်ပါသည်။ အန္တရာယ်ရှိသော ဓာတ်ငွေ့များနှင့် အမှုန်အမွှား များ လေထုအတွင်း ပါဝင်မှု ပမာဏများပါက အောက်ပါအတိုင်း သက်ရောက်နိုင်သည့်အတွက် လျော့နည်းသက်သာစေမည့် အစီအစဉ်များ ရေးဆွဲနိုင်ရေးအတွက် လေတိုင်းတာဆန်းစစ်မှုကို ပြုလုပ်ရမည် ဖြစ်ပါသည်။

### (က) အမှုန်အမွှားပါဝင်မှု

အမှုန်အမွှားပါဝင်မှုဟုဆိုရာတွင် $PM_{2.5}$ နှင့် $PM_{10}$ ဟူ၍ (၂) မျိုးပါဝင်ပါသည်။ ပတ်ဝန်းကျင် လေထုထဲတွင် $PM_{2.5}$ ပါဝင်မှုပမာဏများနေပါက လူတို့၏ အဆုတ်ကိုထိခိုက်စေနိုင်ပြီး $PM_{10}$. ပါဝင်မှု ပမာဏသည် EQEG. သတ်မှတ်စံညွှန်းထက်ကျော်လွန်နေပါက လူတို့၏ အသက်ရှူခြင်းဆိုင်ရာ ပြဿနာများကို ဖြစ်စေနိုင်ပါသည်။

### (ခ) ဓာတ်ငွေ့ထုတ်လွှတ်ခြင်း

ဓာတ်ငွေ့ ထုတ်လွှတ်ခြင်းတွင် ကျောက်မီးသွေး၊ စက်သုံးဆီနှင့် အခြားလောင်စာများ လောင်ကျွမ်းခြင်းနှင့် အချို့သော ဓာတုပစ္စည်းအသုံးပြုခြင်း လုပ်ငန်းစဉ်၊ ရေဆိုးသန့်စင် ခြင်း လုပ်ငန်းစဉ် အစရှိသည်တို့မှ Sulfur Dioxide ($SO_2$) ထွက်ပေါ်ခြင်း ပါဝင်ပါသည်။ အဆိုပြု စက်ရုံသည် စက်မှုဇုန် ဧရိယာအတွင်း တည်ရှိသည့်အတွက် အခြားအနီးရှိ စက်ရုံများမှ အထက်ဖော်ပြပါ လုပ်ငန်းစဉ်များ ပြုလုပ်ခြင်းကြောင့် စက်ရုံဧရိယာ လေထုထဲ တွင် $SO_2$ ထွက်ရှိခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။ Sulfur Dioxide ($SO_2$) ထွက်ရှိမှု ပမာဏများပါက သက်ရှိတို့၏ အသက်ရှူ လမ်းကြောင်းနှင့် အဆုတ်တို့ကို ထိခိုက်စေနိုင် ပါသည်။ ထုတ်လွှတ်မှုကို ထိန်းချုပ်ပေးသည့် စက်ပစ္စည်းများ တပ်ဆင်ခြင်း၊ လောင်စာ အသုံးပြုရသော စက်ပစ္စည်း၊ ယာဉ် /ယန္တရားများအား အမြဲပြုပြင် ထိန်းသိမ်းပေးခြင်းဖြင့် $SO_2$ ထွက်ရှိခြင်းကို လျော့ချနိုင်ပါသည်။

Nitrogen Dioxides ($NO_2$) ကိုလည်း ဓာတ်ငွေ့ထုတ်လွှတ်ခြင်းတွင် ထည့်သွင်း စဉ်းစားရ မည် ဖြစ်ပါသည်။ $NO_2$ သည် လောင်စာဆီများလောင်ကျွမ်းခြင်း၊ ယာဉ်များ သွားလာခြင်းမှ အဓိက ထွက်ရှိပါသည်။ လေထုထဲတွင် $NO_2$ ပါဝင်မှုပမာဏများလာပါက အဆုတ်၏ လုပ်ဆောင်ချက်များကို လျော့ကျစေပါသည်။

Carbon Monoxide (CO) နှင့် Carbon dioxide ($CO_2$) တို့သည်လည်း $SO_2$ နှင့် $NO_2$ ထုတ်လွှတ်သည့် အရင်းအမြစ်များမှ အလားတူ ထွက်ရှိပြီး အဆိပ်အတောက်ဖြစ်စေသော ဓာတ်ငွေ့များ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၏ Governmental Industrial Hygienists (ACGIH)

Guidelines ၂၀၁၃ အရ လေထုအတွင်း $CO_2$ ပါဝင်မှုသည် ပျမ်းမျှကာလ (၈) နာရီ အတွင်း ၅,၀၀၀ ppm ထက် မကျော်လွန်သင့်ပါ။ အခြားထုတ်လွှတ်မှုများဖြစ်သော Volatile Organic Compounds (VOC)၊ နှင့် အပူချိန်၊ စိုထိုင်းဆ အစရှိသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

စက်ရုံပတ်ဝန်းကျင်ဧရိယာအတွင်းရှိ လက်ရှိအနေအထားတွင်ရှိသော မူလလေထု အရည်အသွေးအား သိရှိနိုင်ရန်ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM) ရှိ ကျွမ်းကျင်ပညာရှင်များမှ (၁)ကြိမ်၊ NeoTech Myanmar ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလတွင် တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ် တိုင်းတာခဲ့ပြီး လေအရည်အသွေး တိုင်းတာစစ်ဆေးမှု အချက်အလက်များနှင့် ရလဒ်များအား အောက်ပါအတိုင်း ရေးသားဖော်ပြအပ်ပါသည်။

## ၅.၇.၁ လေတိုင်းတာမှုဆိုင်ရာအချက်အလက်များ

စက်ရုံဧရိယာအတွင်း လေအရည်အသွေးတိုင်းတာသည့် နေရာအား ထိခိုက်နိုင်ခြေများသည့် နေရာအပေါ်မူတည်၍ ရွေးချယ်ထားပါသည်။ အဆိုပြုစက်ရုံသည် ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းထုတ်လုပ်သည့် လုပ်ငန်းဖြစ်သည့်အတွက် စက်ရုံအတွင်းတွင် အမှုန်အမွှား ထွက်ရှိမှု အနည်းငယ်ထွက်ရှိနိုင်ပြီး လုပ်ငန်းလည်ပတ်ရာတွင် လျှပ်စစ်ကိုသာ အဓိက အသုံးပြုသည့်အတွက် အန္တရာယ်ရှိသော အခိုးအငွေ့ ထွက်ရှိနိုင်မှုလည်း နည်းပါးမည်ဟု ခန့်မှန်းသိရှိရပါသည်။ သို့ရာတွင် ပိုက်ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများရောစပ်ခြင်း၊ ပိုက်အစအနများအား ပြန်လည်အသုံးပြုရန် ကြိတ်ခွဲခြင်း စသည့် လုပ်ငန်းစဉ်များတွင် အမှုန်များ ထွက်ရှိနိုင်သည့်အတွက် စက်ရုံဝန်းအတွင်း ပိုက်ထုတ်လုပ်သည့် အဆောက်အဦးအနီးတွင် (၈) နာရီ ကြာလေ တိုင်းတာမှုပြုလုပ်ခဲ့ပါသည်။ ပုံ (၅-၁ နှင့် ၅-၂) တွင် စက်ရုံဝန်းအတွင်း လေထုအရည်အသွေး တိုင်းတာနေမှုနှင့် ပုံ (၅-၃) တွင် တိုင်းတာသည့်တည်နေရာအား ဖော်ပြထားပါသည်။ တိုင်းတာသည့် အမျိုးအစားများ၊ တိုင်းတာခြင်းဆိုင်ရာ အချက်အလက် များကို ဇယား (၅-၅) တွင် ဖော်ပြထားပြီး ရရှိလာသော ရလဒ်များအား ဇယား (၅-၆ နှင့် ၅-၇)တွင် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅) (NEQG -၂၀၁၅) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ လမ်းညွှန်ချက်များဖြင့်နှိုင်းယှဉ်၍ ရေးသား ထားခြင်း ဖြစ်ပါသည်။ ဆက်လက်၍ တိုင်းတာရရှိသည့် အဖြေရလဒ်များကို နောက်ဆက်တွဲဖြင့် ဖော်ပြထားရှိပါသည်။



ပုံ ၅-၁ ၂၀၁၉ခုနှစ်၌ လေအရည်အသွေးတိုင်းတာနေပုံ




ပုံ ၅-၂ ၂၀၂၄ ခုနှစ်၌ လေအရည်အသွေးတိုင်းတာနေပုံ

### ဇယား ၅-၅ လေထုတိုင်းတာခြင်းဆိုင်ရာအချက်အလက်များ

| အကြောင်းအရာ | လေအရည်အသွေးစောင့်ကြည့်လေ့လာခြင်း |
|---|---|
| တိုင်းတာရန်အသုံးပြုခဲ့သည့် စက်ပစ္စည်း | EPAS Haz-scanner, Ozone Meter |
| Parameter | $O_3$, CO, $SO_2$, $NO_2$, PM 2.5, PM 10, Relative Humidity |
| ပထမအကြိမ်တိုင်းတာသည့်နေ့စွဲ | ၁၈ ဇွန်လ ၂၀၁၉ |
| ဒုတိယကြိမ်တိုင်းတာသည့်နေ့စွဲ | ၁၄ စက်တင်ဘာလ ၂၀၂၄ |
| ကြာချိန် | ၈ နာရီ |
| တည်နေရာ | အဆောက်အဦးအနီး |
| လတ္တီကျူ၊ လောင်ဂျီကျူ | 16°50'33.52"N 96° 4'53.18"E |

### ဇယား ၅-၆ ပထမအကြိမ်လေအရည်အသွေးတိုင်းတာမှုရလဒ်များ

| အရည်အသွေး | ပျမ်းမျှကာလ | ရလဒ် | ယူနစ် | NEQG Value | WHO Value |
|---|---|---|---|---|---|
| နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် ($NO_2$) | 1 yr/hr | ၁၈၁.၃၈ | µg/m³ | ၂၀၀ | ၂၀၀ |
| $PM_{10}$ | 8 yr/hr | ၃၁.၄၉ | µg/m³ | ၅၀ | ၅၀ |
| $PM_{2.5}$ | 8 yr/hr | ၉.၄၅. | µg/m³ | ၂၅ | ၂၅ |
| ဆာလဖာဒိုင်အောက်ဆိုဒ် ($SO_2$) | 10 min/hr | ၁၂၄.၅၉ | µg/m³ | ၅၀၀ | ၅၀၀ |
| အိုဇုန်း | 8 yr/hr | ၄၉.၄၁ | µg/m³ | ၁၀၀ | ၁၀၀ |
| ကာဗွန်ဒိုင်အောက်ဆိုဒင် ($CO_2$) | 8 yr/hr | ၄၇.၂၂ | ppb | NG | NG |
| ကာဗွန်မိုနောက်ဆိုဒ် (CO) | 8 yr/hr | ၁၅၃.၉၃ | ppm | NG | NG |

မှတ်ချက်။ ။တိုင်းတာရရှိခဲ့သော စက်ရုံပတ်ဝန်းကျင်ရှိ လေအရည်သွေးတန်ဖိုးများမှာ သတ်မှတ်ထား သည့် ပမဏအတွင်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဇယား ၅-၇ ဒုတိယအကြိမ်လေအရည်အသွေးတိုင်းတာမှုရလဒ်များ**

| Parameter | NEQEG General Guidelines | | Results |
|---|---|---|---|
| | Averaging Period | Value µg/m$^3$ | |
| Ozone | 8-hour daily maximum | 100 | 0.01 µg/m$^3$ |
| Carbon monoxide | - | - | 145.97 µg/m$^3$ |
| Nitrogen dioxide | 1 hour | 200 | 28.36 µg/m$^3$ |
| Sulphur dioxide | 10 minutes | 500 | 18.74µg/m$^3$ |
| Particulate matter 10 | 24 hours | 50 | 44.44 µg/m$^3$ |
| Particulate matter 2.5 | 24 hours | 25 | 19.97 µg/m$^3$ |
| Relative Humidity | - | - | 59.8 % |

မှတ်ချက်။ ။တိုင်းတာရရှိခဲ့သော စက်ရုံပတ်ဝန်းကျင်ရှိ လေအရည်သွေးတန်ဖိုးများမှာ သတ်မှတ်ထား သည့် ပမဏအတွင်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။





**ပုံ ၅-၃ လေအရည်အသွေးတိုင်းတာသည့်တည်နေရာ (၁၆°၅၀'၃၃.၅၂"N၊ ၉၆° ၄'၅၃.၁၈"E)**

## ၅.၈ ဆူညံသံ

ဆူညံသံတိုင်းတာမှုကို စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ စက်ရုံအတွင်း ပိုက်ထုတ်လုပ်သည့် အဆောက်အဦး၌ တိုင်းတာခဲ့ပါသည်။ အောက်ပါပုံများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအား လုပ်ဆောင်သည့်အဖွဲ့မှ ဆူညံသံတိုင်းတာပုံနှင့် ဆန်းစစ်တွက်ချက်ထားသော ဆူညံသံတိုင်းတာမှုရလဒ်ဂရက်ဖ်အားဖော်ပြထားပါသည်။



**ပုံ ၅-၄ ဆူညံသံတိုင်းတာနေပုံ**



ပုံ ၅-၅ ဆူညံသံတိုင်းတာမှုရလဒ်




ပုံ ၅-၆ ဆူညံသံတိုင်းတာသည့်တည်နေရာပြမြေပုံ (၁၆°၅၀'၃၃.၇၇"N, ၉၆° ၄'၅၃.၁၇"E)

## ၅.၉ ရေအရည်အသွေး

အဆိုပါစက်ရုံတွင် သုံးရေအတွက် စက်ရုံရှိအဝီစိတွင်းမှ ရယူပြီး သောက်ရေကိုမူ အဓိကအား ဖြင့် ပြင်ပမှ ရေသန့်ရေဘူးများမှာယူ သောက်သုံးလျက်ရှိပါသည်။ အဆိုပါ အဝီစိတွင်းရေကို ရေသန့်စက်ဖြင့် သန့်စင်၍ သောက်သုံးမှုအနည်းငယ်သာရှိပါသည်။ စွန့်ပစ်အရည်အနေဖြင့် လုပ်ငန်း လည်ပတ်ရာမှ ထွက်ရှိသော ရေမှာ (၁) လလျှင် (၁) ကြိမ် ရေလဲလှယ်ရာမှ ထွက်ရှိသော စွန့်ပစ်အရည် သာထွက်ရှိပြီး မီးဖိုဆောင်၊ လူနေအဆောင်၊ အိမ်သာနှင့် ရုံးခန်း အသုံးပြုခြင်းမှ ထွက်ရှိသော စွန့်ပစ်အရည် အနည်းငယ်သာ ရှိပါသည်။ စွန့်ပစ်ရေထွက်ရှိမှုခန့်မှန်းပမာဏမှာ တစ်နေ့လျှင် ၂၅၀ ဂါလန်ခန့်ဖြစ်ပါသည်။

### ၅.၉.၁ ပထမအကြိမ်ရေအရည်အသွေးတိုင်းတာခြင်း

ပထမအကြိမ်ရေထုအရည်အသွေး တိုင်းတာရန် အတွက် စက်ရုံတွင် အများဆုံးအသုံးပြုလျက်ရှိသော အဝီစိတွင်းရေအား ၃၀-၆-၂၀၂၀ ရက်နေ့တွင် နမူနာကောက်ယူပြီး စိမ်းလန်းအမိမြေ ဓာတ်ခွဲခန်းသို့ ပို့ဆောင် စစ်ဆေးခဲ့ပါသည်။ အဝီစိတွင်းမှ ပန့်ဖြင့် ရေလှောင်ကန်အတွင်း စုပ်တင် ထားသောရေကို နမူနာကောက်ယူသည့်ပုံအား ပုံ(၅-၅) တွင် ဖော်ပြထားပါသည်။ ဆက်လက်၍ ဓာတ်ခွဲခန်း ရလဒ်အဖြေများကို နောက်ဆက်တွဲဖြင့် ဖော်ပြထားရှိပါသည်။







**ပုံ ၅-၇ ၂၀၁၉ခုနှစ်၌ ပထမအကြိမ်ရေအရည်အသွေးတိုင်းတာရန် နမူနာကောက်ယူနေပုံ**

စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဓာတ်ခွဲခန်းမှ ရရှိလာသော စက်ရုံရှိ သောက်ရေ၊ သုံးရေနှင့် စွန့်ပစ်ရေတို့၏ အရည်အသွေး စစ်ဆေးခြင်းရလဒ်များအား အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ရလဒ်များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များဖြင့်နှိုင်းယှဉ်၍ ဇယား (၅-၈ ၅-၉)တွင် သုံးသပ်ထားခြင်း ဖြစ်ပါသည်။ ဆက်လက်၍ ဓာတ်ခွဲခန်း ရလဒ်အဖြေများကို နောက်ဆက် တွဲဖြင့် ဖော်ပြထားရှိပါသည်။

## ဇယား ၅-၈ ပထမအကြိမ် အဝီစိတွင်းရေအရည်အသွေးတိုင်းတာမှုရလဒ်များ

| စဉ် | တိုင်းတာသည့် အရည်အသွေးများ | ရလဒ် | ယူနစ် | သောက်သုံးရေ စံသတ်မှတ်ချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | PH | ၆.၇ | S. U | ၆.၅ - ၈.၅ (b) | ပုံမှန် |
| ၂။ | Turbidity | < ၅ | FAU | ≤၅(b) | ပုံမှန် |
| ၃။ | Conductivity | ၂ | mS/cm | ≤ ၂.၅ (b) | ပုံမှန် |
| ၄။ | Hardness | ၈၀ | mg/L | ≤ ၅၀၀ (c) | - |
| ၅။ | Chloride | ၁၉.၂ | mg/L | ≤ ၂၅၀ (b) | ပုံမှန် |
| ၆။ | Sulfate | ၁၁.၅ | mg/L | ≤ ၂၅၀ (b) | ပုံမှန် |

## ဇယား ၅-၉ (က) ပထမအကြိမ် စွန့်ပစ်ရေ အရည်အသွေးတိုင်းတာမှုရလဒ်များ

| စဉ် | တိုင်းတာသည့် အရည်အသွေးများ | ရလဒ် | ယူနစ် | သောက်သုံးရေ စံသတ်မှတ်ချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | PH | ၆.၆၅ | S. U | ၆ - ၉ (d) | ပုံမှန် |
| ၂။ | Temperature | ၂၄ | °C | ≤ +၃ (d) | - |
| ၃။ | Total Suspended Solid (TSS) | ၂ | mg/L | ≤ ၅၀ (d) | ပုံမှန် |
| ၄။ | Biological Oxygen Demand (BOD) | ၂၀ | mg/L | ≤၅၀ (d) | ပုံမှန် |
| စဉ် | တိုင်းတာသည့် အရည်အသွေးများ | ရလဒ် | ယူနစ် | သောက်သုံးရေ စံသတ်မှတ်ချက် | မှတ်ချက် |
| ၅။ | Chemical Oxygen Demand (COD) | ၅၃ | mg/L | ≤ ၂၅၀ (d) | ပုံမှန် |
| ၆။ | Copper | ND | mg/L | ≤ ၀.၅ (d) | LOD=0.02 |
| ၇။ | Lead | ND | mg/L | ≤ ၀.၁ (d) | LOD=0.1 |

ဇယား ၅-၁၀-(ခ) ပထမအကြိမ် စွန့်ပစ်ရေ အရည်အသွေးတိုင်းတာမှုရလဒ်များ

| Sr. | Parameter | Result | Unit | NEQEG (General Guidelines) | Remark |
|---|---|---|---|---|---|
| 1 | pH | 6.65 | S.U | 6-9 | Acceptable |
| 2 | Temperature | 24 | °C | <3 | Acceptable |
| 3 | Total Suspended Solids | 2 | mg/l | 50 | Acceptable |
| 4 | BOD | 21 | mg/l | 50 | Acceptable |
| 5 | COD | 53 | mg/l | 250 | Acceptable |

အထက်ဖော်ပြပါ ပထမအကြိမ် ရေ အရည်အသွေးတိုင်းတာမှုရလဒ်များအရ သောက်ရေစံနှုန်း သတ်မှတ်ချက်နှင့် NEQEG လမ်းညွှန်ချက်အတွင်းသာရှိကြောင်း တွေ့ရှိရပါသည်။ နမူနာ ကောက်ယူခဲ့သည့် အဝီစိတွင်းရေကို စက်ရုံတွင် လုပ်သားများ ခြေလက်ဆေးကြောခြင်း၊ အိမ်သာ အသုံးပြုခြင်း စသည်တို့အတွက်သာ အသုံးပြုခြင်း၊ သောက်ရေအတွက် အစိုးရ အသိအမှတ်ပြု သောက်ရေသန့်များကိုသာ ဝယ်ယူ သောက်သုံးခြင်းဖြစ်သည့်အတွက် အန္တရာယ်မရှိနိုင်ကြောင်း သုံးသပ် ဖော်ပြအပ်ပါသည်။

## ၅.၉.၂ ဒုတိယအကြိမ်ရေအရည်အသွေးတိုင်းတာခြင်း

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် NeoTech Myanmar ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့မှ စီမံကိန်းသို့ ကွင်းဆင်း၍ စွန့်ပစ်ရေနမူနာတစ်ခု ရယူခဲ့ပါသည်။ ရေနမူနာများကို **"Grab Sampling Technique"** ကို အသုံးပြု၍ကောက်ယူခဲ့ကာ နမူနာရယူသည့် တည်နေရာများအား ဂျီပီအက်စ်ဖြင့်မှတ်သား၍ ဓါတ်ပုံမှတ်တမ်းရယူခဲ့ ပါသည်။ ထို့နောက် ရေနမူနာများကို **ISO Tech Laboratory** သို့ ပို့ဆောင်ကာ ရေအရည် အသွေးစစ်ဆေးခဲ့ပါသည်။



ပုံ၅-၈ ၂၀၂၄ ခုနှစ်၌ ဒုတိယအကြိမ် စွန့်ပစ်ရေနမူနာရယူနေပုံ




ပုံ၅-၉ စွန့်ပစ်ရေနမူနာရယူသည့် တည်နေရာပြမြေပုံ (၁၆°၅၀'၃၂.၁၈"N၊ ၉၆° ၄'၅၂.၉၃"E)

ဇယား ၅-၁၁

| Parameter | Analysis Method |
|---|---|
| pH | Instrumental Analysis |
| Colour (True) | APHA Platin u m Cobalt Unit |
| Turbidity | Instrumental Analysis |
| Conductivity | Instrumental Analysis |
| Total Hardness | EDTA Titrimetric Method |
| Calcium Hardness | EDTA Titrimetric Method |
| Magnesium Hardness | EDTA Titrimetric Method |
| Total Alkalinity | Titration Method |
| Phenolphthalein Alkalinity | Titration Method |
| Carbonate ($CaCO_3$) | Calculation of Alkalinity Relationships |
| Bicarbonate ($HCO_3$) | Calculation of Alkalinity Relationships |
| Iron | Phenanthroline Method |
| Chloride (as Cl) | Argentometric Method |
| Sodium Chloride (as NaCl) | Argentometric Method |
| Sulphate (as $SO_4$) | 4500-504 E. Turbidimetric Method |
| Total Solids | Calculation Method |
| Total Suspended solids | Photometric Method |
| Total dissolved solids | Instrumental Analysis |
| Temperature °C | Laboratory and Field Methods |

## ဇယား ၅-၁၂ စွန့်ပစ်ရေတိုင်းတာမှုရလဒ်များ

| Sr. | Parameter | Result | Unit | NEQEG (General Guidelines) | Remark |
|---|---|---|---|---|---|
| 1 | pH | 7.4 | S.U | 6-9 | Acceptable |
| 2 | Temperature | 25 | °C | <3 | Acceptable |
| 3 | Total suspended Solids | 28 | mg/l | 50 | Acceptable |
| 4 | COD | 64 | mg/l | 250 | Acceptable |
| 5 | BOD (5days at 20°C) | 20 | mg/l | 50 | Acceptable |
| 6 | Color (True) | 40 | TCU | - | |

| | | | | | |
|---|---|---|---|---|---|
| 7 | Turbidity | 55 | NTU | - | |
| 8 | Conductivity | 2060 | µS/cm | - | |
| 9 | Dissolved Oxygen (DO) | 6.2 | mg/l | - | |
| 10 | Total Solids | 1058 | mg/l | - | |
| 11 | Phosphate | 3.8 | mg/ | - | |
| 12 | Salinity | 1.0 | ppt | - | |
| 13 | Nitrate ($NO_3$) | 2.2 | mg/l | - | |

အထက်ဖော်ပြပါ ရေ အရည်အသွေးတိုင်းတာမှုရလဒ်အရ စွန့်ပစ်ရေ၏ အရည်အသွေးသည် NEQEG လမ်းညွှန်ချက်အတွင်းတွင်ရှိ၍ အန္တရာယ်မရှိနိုင် ဟု သုံးသပ်ပါသည်။

## ၅.၁၀ တုန်ခါမှု၊ အလင်း၊ အပူချိန်

စက်ရုံအတွင်း ၁၄၊၉၊၂၀၂၄ ကွင်းဆင်းစစ်ဆေးချိန်တွင် သိသာထင်ရှားသည့် ပြင်းထန်သော တုန်ခါမှုများ မရှိပါ။ လုပ်ငန်းခွင်တွင် အလင်းရောင် ၃၅၀.၅ LUX (အလင်းယူနစ်)နှင့် စက်ရုံအတွင်းလေထု အပူချိန် ၃၄.၇°C ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။

Instrument - HT603 Digital Light Meter & Instrument – DFTU-200 Air Quality Multimeter






ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd), Consultant (Y.C.D.C), LWSE 001,
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 2 of 2

WW0924 086

## WATER QUALITY TEST RESULTS FORM

Client: Aung Gabar
Nature of Water: Wastewater (Outlet)
Location: Hlaing Thar Yar Township
Date and Time of collection: 14.9.2024 (12:00 PM)
Date and Time of arrival at Laboratory: 16.9.2024
Date and Time of commencing examination: 17.9.2024
Date and Time of completing: 22.9.2024

**Results of Water Analysis**

| | | | |
|---|---|---|---|
| Temperature (°C) | 25.0 | °C | |
| Fluoride (F) | | mg/l | |
| Lead (as Pb) | | mg/l | |
| Arsenic (As) | | mg/l | |
| Nitrate (N.$NO_3$) | 2.2 | mg/l | |
| Chlorine (Residual) | | mg/l | |
| Ammonia Nitrogen ($NH_3$) | | mg/l | |
| Ammonium Nitrogen ($NH_4$) | | mg/l | |
| Dissolved Oxygen (DO) | 6.2 | mg/l | |
| Chemical Oxygen Demand (COD) | 64 | mg/l | |
| Biochemical Oxygen Demand (BOD) (5 days at 20 °C) | 20 | mg/l | |
| Cyanide (CN) | | mg/l | |
| Zinc (Zn) | | mg/l | |
| Copper (Cu) | | mg/l | |
| Silica ($SiO_2$) | | mg/l | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature: Heina
Name: Zaw Hein Oo
B.Sc (Chemistry)
Sr.Chemist
ISO Tech Laboratory

**Approved by**
Signature:
Name: Thinzar Theint Theint
B.E (Civil)
Assistant Technical Officer
ISO Tech Laboratory

(a division of WEG Co., Ltd.)
No.18, Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-880100172, 09-880100173, 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd), Consultant (Y.C.D.C), LWSE 001,
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 1 of 2

WW0924 086

## WATER QUALITY TEST RESULTS FORM

Client: Aung Gabar
Nature of Water: Wastewater (Outlet)
Location: Hlaing Thar Yar Township
Date and Time of collection: 14.9.2024 (12:00 PM)
Date and Time of arrival at Laboratory: 16.9.2024
Date and Time of commencing examination: 17.9.2024
Date and Time of completing: 22.9.2024

**Results of Water Analysis**

| | | | |
|---|---|---|---|
| pH | 7.4 | | |
| Colour (True) | 40 | TCU | |
| Turbidity | 55 | NTU | |
| Conductivity | 2060 | micro S/cm | |
| Total Hardness | | mg/l as $CaCO_3$ | |
| Calcium Hardness | | mg/l as $CaCO_3$ | |
| Magnesium Hardness | | mg/l as $CaCO_3$ | |
| Total Alkalinity | | mg/l as $CaCO_3$ | |
| Phenolphthalein Alkalinity | | mg/l as $CaCO_3$ | |
| Carbonate ($CaCO_3$) | | mg/l as $CaCO_3$ | |
| Bicarbonate ($HCO_3$) | | mg/l as $CaCO_3$ | |
| Iron | | mg/l | |
| Chloride (as CL) | | mg/l | |
| Sodium Chloride (as NaCL) | | mg/l | |
| Sulphate (as $SO_4$) | | mg/l | |
| Total Solids | 1058 | mg/l | |
| Total Suspended Solids | 28 | mg/l | |
| Total Dissolved Solids | | mg/l | |
| Manganese | | mg/l | |
| Phosphate | 3.8 | mg/l | |
| Phenolphthalein Acidity | | mg/l | |
| Methyl Orange Acidity | | mg/l | |
| Salinity | 1.0 | ppt | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature: Heina
Name: Zaw Hein Oo
B.Sc (Chemistry)
Sr.Chemist
ISO Tech Laboratory

**Approved by**
Signature:
Name: Thinzar Theint Theint
B.E (Civil)
Assistant Technical Officer
ISO Tech Laboratory

(a division of WEG Co., Ltd.)
No.18, Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-880100172, 09-880100173, 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

## ၅.၁၁ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်

ဇီဝမျိုးစုံ ထိန်းသိမ်းရေးကာကွယ်ရေး ဧရိယာအနေဖြင့် လှိုင်သာယာမြို့နယ်အတွင်း၌ ကြိုးဝိုင်း /ကြိုးပြင်တောများ ထိန်းသိမ်းကာကွယ်ထားရှိခြင်းမရှိသောကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် အပေါ်သက်ရောက်နိုင်ချေ မရှိကြောင်း တွေ့ရှိရပါသည်။

## ၅.၁၂ လူမှုစီးပွားဆိုင်ရာ အချက်အလက်များ

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်သည် စီးပွားရေးအတော်အသင့်ဖွံ့ဖြိုးတိုးတက်သည့် မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်သည် လျှပ်စစ်ဓါတ်အားကို နိုင်ငံတော်မှခွဲဝေပေးသော ပင်မဓါတ်အားလိုင်းမှတဆင့် ရယူသုံးစွဲပါသည်။ ဒေသခံအနည်းငယ်မှာ ဝန်ထမ်းများဖြစ်ပြီး အများစုမှာ စက်ရုံလုပ်သားများအဖြစ် လုပ်ကိုင်ကြပါသည်။ အချို့မှာ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း၊ အစားအသောက်/ ကုန်စည်ရောင်းချခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုပေးသည့် လုပ်ငန်း များကို လုပ်ကိုင်ကြပါသည်။

၂၀၂၂-၂၀၂၃ ခုနှစ်စာရင်းများအရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများနေထိုင်ကြပြီး စုစုပေါင်းလူဦးရေ ၃၀၂၁၄၉ ဦး ဖြစ်ကာ အများစုမှာ ဗမာလူမျိုးဖြစ်ပါသည်။ အိမ်ခြေ ၄၉၀၈၁ခု ရှိပြီး အိမ်ထောင်စု ၉၃၃၁၁ ခု ရှိပါသည်။ လူဦးရေလျော့နှုန်းမှာ ၁၄.၆၁ ရာခိုင်နှုန်းဖြစ်၍ ကျား/မ အချိုးအနေဖြင့် ၁:၁.၂၉ ဖြစ်ပါသည်။ မွေးဖွား၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက် လူဦးရေ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | မူလလူဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်းဝင် ဦးရေ | ပြောင်းထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|
| ၁ | ၃၅၃၈၆၁ | ၁၂၂၀ | ၉၁၆ | ၁၀၇၆၁ | ၆၂၇၇၇ | ၃၀၂၁၄၉ |

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုရာခိုင်နှုန်းမှာ ၄၁.၂၇% ရှိပြီး၊ အသက်၁၅နှစ်အထက် စာတတ်မြောက်မှုရာခိုင်းနှုန်းမှာ ၁၀၀% ဖြစ်ပါသည်။ အခြေခံပညာအထက်တန်းကျောင်း (၈) ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း (၁) ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၀) ကျောင်း၊ မူလတန်းကြို ကျောင်း (၃)ကျောင်း နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၇)ကျောင်း တည်ရှိ ပါသည်။ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုရာနိုင်နှုန်းမှာ ၇၉.၀၂ ရာခိုင်နှုန်း ဖြစ်သည်။

(ကိုးကား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ ၂၀၂၃)

## ၅.၁၃ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ

လှိုင်သာယာမြို့နယ်အတွင်း အစိုးရပိုင် လှိုင်သာယာမြို့နယ်ဆေးရုံ နှင့် ရွှေလင်ပန်း တိုက်နယ်ဆေးရုံ၊ ပုဂ္ဂလိကပိုင်အနေဖြင့် ပန်းလှိုင်ဆေးရုံ နှင့် ထွန်းဖောင်ဒေးရှင်း၊ ဆေးပေး ခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ တည်ထောင်လည်ပတ်၍ ကျန်းမာရေး စောင့်ရှောက်မှု ကောင်းမွန်သည့် မြို့နယ်တစ်ခုဖြစ်ပါသည်။ ဒေသအတွင်းအများဆုံး ဖြစ်ပွား တတ်သော ရောဂါများမှာ ၂၀၂၂-၂၀၂၃ ခုနှစ် စာရင်းဇယားများအရ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | မြို့နယ် | ရောဂါအမျိုးအစား | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ငှက်ဖျား | | ဝမ်းလျှော | | တီဘီ | | ဝမ်းကိုက် | | အသည်းရောင် | |
| | | ဖြစ် | သေ | ဖြစ် | သေ | ဖြစ် | သေ | ဖြစ် | သေ | ဖြစ် | သေ |
| ၁ | လှိုင်သာယာ | - | - | ၁၂၀ | - | ၁၁၁ | - | - | - | - | - |

(ကိုးကား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ ၂၀၂၃)

## ၅.၁၄ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အချက်အလက်များ

လှိုင်သာယာမြို့နယ်၌ ဗုဒ္ဓဘာသာဆိုင်ရာ စေတီ (၃) နှင့် ဘုန်းကြီးကျောင်း (၁၇၅) ကျောင်း၊ သီလရှင်ကျောင်း (၇) ကျောင်း၊ ဓမ္မာရုံ (၃)ခု တည်ရှိပါသည်။ ထင်ရှားသည့် ဘုရား/စေတီပုထိုးများအနေဖြင့် အောင်မြေသာယာဘုရား၊ ရွှေရင်အေးဘုရား နှင့် မဟာတေဇမုနိဘုရား တို့ဖြစ်ကြပါသည်။ လှိုင်သာယာမြို့နယ်၌ သမိုင်းဝင်ထင်ရှားသည့် အဆောက်အဦးများ မရှိပါ။

(ကိုးကား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ ၂၀၂၃)

## ၆.၀ ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် လျော့နည်းစေရေးနည်းလမ်းများ

### ၆.၁ နိဒါန်း

ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) အစီရင်ခံစာရေးဆွဲခြင်းသည် လုပ်ငန်းလည်ပတ်မှုသဘောသဘာဝများအား အခြေခံ၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့်ဆိုးကျိုး သက်ရောက်နိုင်မှုများကို ဆန်းစစ်ဖော်ထုတ်ပြီး ဆိုးကျိုးသက်ရောက်မှုများရှိပါက လျော့နည်းသက်သာစေမည့်နည်းလမ်း များကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ လက်ရှိပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များနှင့် အရည်အသွေးတိုင်းတာခြင်း ရလဒ်များအား ဆန်းစစ်ဖော်ထုတ်သည့်အခါ အောက်ဖော်ပြပါအချက်များပေါ် သက်ရောက်မှုရှိနိုင်ကြောင်း တွေ့ရှိရပြီး လျော့နည်းသက်သာစေမည့် နည်းလမ်းများကိုလည်း ဆက်လက်ဖော်ပြထားပါသည်-

- လေထုအရည်အသွေး
- ရေထုအရည်အသွေး
- မြေထုအရည်အသွေး
- ဆူညံသံ
- စွန့်ပစ်ပစ္စည်းများ
- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး
- မတော်တဆထိခိုက်နိုင်မှုများ

### ၆.၂ ရည်ရွယ်ချက်

ဤလေ့လာဆန်းစစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝ ပတ်ဝန်းကျင်နှင့် လူသားများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်း ကောင်း သက်ရောက်မှုများဖြစ်စေသည့် အကြောင်းအချက်များကို နည်းလမ်းများဖြင့် နှိုင်းယှဉ် လေ့လာ ဖော်ထုတ်ရန်နှင့် ဖော်ထုတ်ရရှိသည့် ထိခိုက်မှုများကို လျှော့ချနိုင်သည့် နည်းလမ်းများဖြင့် ဖော်ပြရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နိုင်ချေများအား လေ့လာရာတွင် များသောအားဖြင့် အောက် ဖော်ပြပါနယ်ပယ်များဖြင့် လေ့လာကြပါသည်-

လေ့လာမည့်နယ်ပယ်ကာလ (၃) မျိုးမှာ-

(က) လုပ်ငန်းစတင်တည်ဆောက်ခြင်းကာလ

(ခ) လုပ်ငန်းအကောင်အထည်ဖော် လုပ်ဆောင်သည့်ကာလ

(ဂ) လုပ်ငန်းပိတ်သိမ်းသည့်ကာလ စသည်တို့ဖြစ်ပါသည်။

**(က) လုပ်ငန်းစတင်တည်ဆောက်ခြင်းကာလ**

Aung Gabar Co., Ltd. သည် (၂၀၀၀) ခုနှစ်ကတည်းကပင် စတင်လည်ပတ်လျက်ရှိသောကြောင့် အဆိုပါပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း အကောင်အထည်ဖော်သည့်ကာလတွင် ပေါ်ပေါက်လာနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို အစီရင်ခံစာတွင် ရေးသားဖော်ပြမည်ဖြစ်ပါသည်။

**(ခ) လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်သည့်ကာလလုပ်ငန်း**

အကောင်အထည်ဖော်လုပ်ကိုင်နေသည့် ကာလအတွင်း ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကို ဆက်လက်၍ ဆန်းစစ်အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

**(ဂ) လုပ်ငန်းပိတ်သိမ်းသည့်ကာလ**

လုပ်ငန်းပိတ်သိမ်းသည့်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ကြိုတင်ခန့်မှန်းဖော်ထုတ်၍ ထိခိုက်မှုများရှိလာပါက လျော့ပါးစေရန် ခန့်မှန်းဖော်ပြမည်ဖြစ်ပါသည်။

## ၆.၃ ဖြစ်နိုင်ချေရှိသော ပတ်ဝန်းကျင်ထိခိုက်မှုများအား ဖော်ထုတ်သတ်မှတ်ခြင်း

စီမံကိန်းတစ်ခုတည်ဆောက်လည်ပတ်ဖြတ်သိမ်းရာတွင် ယင်းစီမံကိန်း၏ ဆောင်ရွက်ချက်များအလိုက် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားအပေါ် သိသာထင်ရှားသည့် သက်ရောက်နိုင်မှုများ နှင့် သိသာထင်ရှားခြင်းမရှိသည့် သက်ရောက်နိုင်မှုများ ဖြစ်ပွားနိုင်ပါသည်။ ထိုသို့ စီမံကိန်းတည်ဆောက်ခြင်းကာလ၊ လည်ပတ်ခြင်းကာလ နှင့် ဖျက်သိမ်းခြင်းကာလတို့တွင် ပတ်ဝန်းကျင် နှင့် လူမှုစီးပွားအပေါ် သက်ရောက်သည့် သက်ရောက်နိုင်မှုများအား အောက်ဖော်ပြပါအတိုင်း ဖော်ထုတ်သတ်မှတ်ထားပါသည်-

| သက်ရောက်နိုင်မှုများ | | |
|---|---|---|
| လူသားများအပေါ် သက်ရောက်ခြင်း | ပတ်ဝန်းကျင်အပေါ် သက်ရောက်ခြင်း | စွန့်ပစ်ခြင်း/ထုတ်လွှတ်ခြင်းများ |
| လူမှုရေးဆိုင်ရာ | လေထု | စွန့်ပစ်ပစ္စည်း အစိုင်အခဲများ |
| ကျန်းမာရေးဆိုင်ရာ | ရေထု | စွန့်ပစ် အရည်များ |
| စီးပွားရေးဆိုင်ရာ | မြေထု | ထုတ်လွှတ် အခိုးအငွေ့များ |
| ဘေးအန္တရာယ်ဆိုင်ရာ | ဆူညံသံ / တုန်ခါမှု | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ |

## ၆.၄ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် သိသာထင်ရှားမှုများ

လုပ်ငန်းလည်ပတ်ရန် ဆောင်ရွက်မှုများဖြစ်သည့် အဆောက်အဦဒီဇိုင်း၊ မီးစက်၊ လေမှုတ်စက်မောင်းနှင်ခြင်း၊ ဓာတုပစ္စည်းသုံးစွဲခြင်း၊ စွန့်ပစ်ပစ္စည်းစုပုံခြင်း၊ ရေမြောင်းနှင့် တမံများ၊

ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ ဝန်ထမ်းများ၏ဆောင်ရွက်ခြင်းနှင့်၎င်းတို့ကိုယ်တိုင်စီမံခန့်ခွဲမှု စသည့် ဆောင်ရွက်ချက် အမျိုးမျိုးကြောင့် သက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရန်အတွက် ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုအကြိမ်ရေ၊ ဖြစ်နိုင်ခြေရှိမှုအလားအလာ၊ ပြင်းထန်နိုင်မှုအခြေအနေ စသည်တို့အပေါ်တွင် အခြေခံ၍ ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနည်းလမ်းအား အသုံးပြုတွက်ချက်ထားပါသည်။ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖော်ထုတ်ပြီးနောက် လျော့ပါးစေမည့်လုပ်ငန်းများ ဆောင်ရွက်ပြီး ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုလျော့နည်းစေရေးဆောင်ရွက်ရန်မှာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အဆင့်များအား လိုက်နာဆောင်ရွက်ထားပါသည်-

- အဆင့် ၁ - လှုပ်ရှားမှုများအား ဖော်ထုတ်သတ်မှတ်ခြင်း
- အဆင့် ၂ - ပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များ ဖော်ထုတ်သတ်မှတ်ခြင်း
- အဆင့် ၃ - ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ဖော်ထုတ်သတ်မှတ်ခြင်း
- အဆင့် ၄ -ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၏ သိသာထင်ရှားမှုအား ဆန်းစစ်ခြင်း

**ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအကဲဖြတ်ဇယား**


| အမျိုးအမည် | အခေါ် အဝေါ် | သတ်မှတ်ချက် | ရှင်းလင်းချက် |
|---|---|---|---|
| သက်ရောက်မှု အမှတ် ပေးခြင်း | အကြိမ်ရေ (Frequency-F) | အဆက်မပြတ် - ၅<br>ဖြစ်လေ့ရှိ - ၄<br>ဖြစ်လေ့နည်း - ၃<br>ရှားပါး - ၂<br>တစ်ကြိမ်သာ - ၁ | နေ့စဉ်<br>၁၀ ကြိမ်အထက် (သို့) ၅၀ % အထက်<br>၅ ကြိမ်နှင့် ၁၀ ကြိမ်ကြား (သို့) ၁၀ % အထက်<br>၅ ကြိမ်အောက် (သို့) ၁၀ % အောက်<br>စီမံကိန်းကာလအတွင်း ၁ ကြိမ်သာ |
| | ဖြစ်နိုင်ခြေ (Likelihood-L) | သေချာ - ၁<br>ဖြစ်နိုင်ခြေမြင့် - ၀.၇၅<br>အသင့်တင့် - ၀.၂၅<br>ဖြစ်နိုင်ခြေနည်း - ၀.၁<br>လုံးဝမဖြစ်နိုင် - ၀ | သက်ရောက်မှု ဖြစ်နိုင်ခြေ ရာနှုန်းပြည့်<br>သက်ရောက်မှုဖြစ်နိုင်ခြေ ၅၀% အထက် ၁၀၀%အောက်<br>သက်ရောက်မှုဖြစ်နိုင်ခြေ ၂၀% အထက် ၅၀%အောက်<br>သက်ရောက်မှုဖြစ်နိုင်ခြေ ၀% အထက် ၂၀%အောက်<br>သက်ရောက်မှုဖြစ်နိုင်ခြေမရှိ |
| | ပြင်းအား (Magnitude-M) | အထူးနည်း- ၁<br>နည်းပါး - ၂<br>အသင့်တင့် - ၃<br>မြင့်မား- ၄<br>အလွန်မြင့်- ၅ | သတ်မှတ်ချက် < ၁၀ % ကန့်သတ်စံနှုန်း<br>သတ်မှတ်ချက် ၁၀ – ၅၀ % ကန့်သတ်စံနှုန်း<br>သတ်မှတ်ချက် ၅၀ – ၁၀၀ % ကန့်သတ်စံနှုန်း<br>သတ်မှတ်ချက် ၁၀၀ – ၂၀၀% ကန့်သတ်စံနှုန်း<br>သတ်မှတ်ချက် > ၂၀၀ % ကန့်သတ်စံနှုန်း |
| သိသာ ထင်ရှားမှု (Potential Significant) | သိသာ ထင်ရှားမှု (Significant-S) | လျစ်လျူရှု < ၂<br>နည်းပါး - ၂ - ၄<br>အသင့်အတင့် - ၅ - ၉<br>ပြင်းထန် - ၁၀ -၁၆<br>အလွန်ပြင်းထန်-၁၇+ | အကြိမ်ရေ (Frequency) x ဖြစ်နိုင်ခြေ (Likelihood) x ပြင်းအားပမာဏ (Magnitude) |

| | | | |
|---|---|---|---|
| သက်ရောက်မှု ဖော်ပြချက် | အကျယ် အဝန်း (Extent-E) | စီမံကိန်းအတွင်း ဒေသတွင်း နိုင်ငံအတွင်း အခြားနိုင်ငံများအထိ | ၂ ကီလိုမီတာအတွင်း<br>၂ ကီလိုမီတာ အထက် ဒေသအတွင်း<br>အခြားတိုင်းနှင့်ပြည်နယ်များအထိ<br>မြန်မာနိုင်ငံအပြင်ဘက်ထိ |
| | ကြာချိန် (Duration-D) | ခဏတာ အသင့်တင့် အလွန်ကြာ | စီမံကိန်းကာလ၊ ၃၀+၆၀ ရက်အတွင်း<br>စီမံကိန်းကာလအပြီး ၆ လထိမကျော်<br>၆ လ ကျော်သည်အထိ |
| သက်ရောက်မှု အမျိုးအစား | ဆောင် ရွက်ချက် | တိုက်ရိုက် သွယ်ဝိုက်၍ | စီမံကိန်းဧရိယာအတွင်းသက်ရောက်ခြင်း<br>စီမံကိန်းဧရိယာပြင်ပသို့ပါ သက်ရောက်ခြင်း |

## ၆.၄.၁ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုသိသာထင်ရှားမှု တွက်ချက်ခြင်း

ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများအပေါ် သိသာထင်ရှားသည့်သက်ရောက်မှု တန်ဖိုး တွက်ချက်ရာတွင် အောက်ပါ ပုံသေနည်းဖြင့် တွက်ချက်ပါသည်။

**သိသာထင်ရှားသည့် သက်ရောက်မှုတန်ဖိုး (SP) = (ပမာဏ+ကြာချိန်+နေရာအကျယ်အဝန်း) × ဖြစ်တန်စွမ်း**




သိသာထင်ရှားသည့် သက်ရောက်မှုတန်ဖိုးအပေါ်မူတည်၍ အောက်ပါအတိုင်း အဆင့် ခွဲခြားသတ်မှတ်နိုင်ပါသည်-

| သိသာထင်ရှားသည့် သက်ရောက်မှုတန်ဖိုးရမှတ် | သိသာထင်ရှားမှု |
|---|---|
| ≥ ၁၇ | အလွန်ပြင်းထန် |
| ၁၁ – ၁၆ | ပြင်းထန် |
| ၆ – ၁၀ | အသင့်အတင့် |
| ၂ – ၅ | နည်းပါး |
| <၂ | လျစ်လျူရှု |

## ၆.၄.၂ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ကောင်းကျိုးသက်ရောက်နိုင်မှုများ (Positive Impact)

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း လည်ပတ်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်အပေါ်တွင် ကောင်းကျိုးသက်ရောက်မှုများအား အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(က) အလုပ်အကိုင်အခွင့်အလမ်း။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အဆိုပါစက်ရုံသည် ဝန်ထမ်းအင်အား (၁၂၃) ဦးဖြင့် လည်ပတ်လျက်ရှိရာ အနီးဝန်းကျင်ရှိဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရရှိစေနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားစေရန်အတွက် အထောက်အကူဖြစ်မည် ဖြစ်ပါသည်။

(ခ) နိုင်ငံတော်ဝင်ငွေတိုးပွားခြင်း။ အဆိုပါစက်ရုံသည် လုပ်ငန်းလုပ်ကိုင်ခြင်းအတွက် ပေးဆောင်ရန်လိုအပ်သော အခွန်အခများ၊ မှတ်ပုံတင်ခြင်းများ၊ လိုင်စင်ယူခြင်းများကို ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ထားသည့်အတွက် နိုင်ငံတော်ဝင်ငွေရရှိမှုအား တဖက်တလမ်းမှ အထောက်အကူပြု လျက် ရှိပါသည်။

(ဂ) အခြားတိုးတက်မှုများ။ အဆိုပါစက်ရုံသည် လူထုအကျိုးပြုလုပ်ငန်း (Corporate Social Responsibility - CSR) လုပ်ငန်းများ လုပ်ဆောင်ရန်အတွက်လည်း အစီအစဉ်များ ရေးဆွဲထားသည့်အတွက် စက်ရုံဝန်းကျင်ဧရိယာရှိ ကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ ရေရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု အစရှိသည့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ရရှိလာနိုင်မည် ဖြစ်ပါသည်။

## ၆.၄.၃ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှု များ (Negative Impact)

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက် အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း လည်ပတ်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ်တွင် ထိခိုက်နိုင်သည့်သက်ရောက်မှုများအား အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**(က) လေထုအရည်အသွေး။** လုပ်ငန်းလည်သဘောသဘာဝအရ ပိုက်များ ထုတ်လုပ်ရာတွင် အမှုန်အမွှားများထွက်ရှိခြင်း၊ ကုန်ကြမ်း/ကုန်ချောပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းအတွက် အသုံးပြုသော ယာဉ်များမှ အခိုးအငွေ့ထွက်ရှိခြင်းနှင့် စက်များလည်ပတ်ခြင်းကြောင့် အပူချိန် မြင့်တက်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

**(ခ) ရေထုအရည်အသွေး။** အဆိုပါစက်ရုံသည် ပိုက်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်တွင် ပိုက်များ အအေးခံရန်အတွက် ရေသုံးစွဲမှုရှိပြီး စွန့်ပစ်ရေအနေဖြင့် အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် အလုပ်သမားများအသုံးပြုရာမှထွက်ရှိလာသော စွန့်ပစ်ရေများသာ ရှိသည့်အတွက် ရေထုအရည်အသွေးအပေါ်များစွာသက်ရောက်မှု မရှိနိုင်ပါ။

(ဂ) **ဆူညံသံ။** ကော်စေ့ထုတ်လုပ်ခြင်း၊ ပိုက်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ပိုက်အတိုအစများအား ကြိတ်ခွဲ၍ ပြန်လည်အသုံးပြုခြင်း အစရှိသည့် လုပ်ငန်းစဉ်များမှ ဆူညံသံ ထွက်ပေါ်နိုင်ပြီး စက်ရုံအတွင်း ယာဉ်များသွားလာခြင်းမှလဲ ဆူညံသံဖြစ်ပေါ်စေနိုင် ပါသည်။

(ဃ) **စွန့်ပစ်ပစ္စည်း ထွက်ရှိခြင်း။** လုပ်ငန်းလည်ပတ်ရာမှ ထွက်ရှိလာသော အရည်အသွေး မပြည့်မှီသော ပိုက်များ၊ ပိုက်အတိုအစများနှင့် မီးကျွမ်းပိုက်များအား ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ရောင်းချခြင်းများရှိသည့်အတွက် လုပ်ငန်းလည်ပတ်ခြင်းမှ စွန့်ပစ်ပစ္စည်း ထွက်ရှိမှုအနေဖြင့် ပီနံအိတ်များနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများ အနည်းငယ်ထွက်ရှိပြီး ရုံးလုပ်ငန်းမှ စာရေးကိရိယာ စွန့်ပစ်ပစ္စည်းများ၊ အစာကြွင်းအကျန်များ၊ အမှိုက်များ ထွက်ရှိပါသည်။

(င) **စက်သုံးဆီများယိုဖိတ်ခြင်း။** စက်ရုံရှိ မော်တော်ယာဉ်များ၊ မီးစက်များအတွက် အသုံးပြုသော ဒီဇယ်ဆီ နှင့် ဓာတ်ဆီများ ယိုဖိတ်နိုင်ပြီး စက်များတွင် အသုံးပြုသော ချောဆီများ၊ အင်ဂျင်ဝိုင်များ မတောတဆယိုဖိတ်မှုများ ရှိနိုင်ပါသည်။

(စ) **ရေနှင့်စွမ်းအင်သုံးစွဲမှုတိုးလာခြင်း။** လုပ်ငန်းလည်ပတ်ခြင်းနှင့် လုပ်သားများ အသုံးပြုရန်အတွက် ရေလိုအပ်ချက်နှင့် လျှပ်စစ်အသုံးပြုမှုများလာနိုင်ပြီး သယ်ယူပို့ဆောင်ရေး ယာဉ်များအတွက် စက်မောင်ဆီသုံးစွဲမှုများ တိုးလာနိုင်ပါသည်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး။** ပိုက်ပြုလုပ်ရန် သိုလှောင်ထားရှိသော ဓာတုပစ္စည်းများမှ ကျန်းမာရေးကိုထိခိုက်နိုင်ခြင်း၊ ကုန်ပစ္စည်းများ သိုလှောင်ထားရှိသည့်နေရာနှင့် စက်များလည်ပတ်ရာနေရာတွင် မတော်တဆများ ဖြစ်နိုင်ခြင်း၊ မီးဘေးအန္တရာယ် ဖြစ်ပွားခြင်းစသည်တို့ ဖြစ်ပေါ် နိုင်ပါသည်။

(ဇ) **အပူချိန်မြင့်တက်မှုခံစားရခြင်း။** ပိုက်ထုတ်လုပ်ရာတွင် လိုအပ်သော ပုံစံရရှိရန် အပူပေး၍ ပုံသွင်းရသည့်အတွက် စက်ရုံအတွင်းလုပ်ကိုင်နေသော အလုပ်သမားများ အနေဖြင့် အပူချိန် မြင့်တက်မှုကို ခံစားရနိုင်ပါသည်။

## ၆.၅ လုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်ရန် အလားအလာရှိသော သက်ရောက်မှုများ၏ ကောင်းကျိုးသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများအား ရေးသား ဖော်ပြထားပါသည်-

စီမံကိန်းတည်ဆောက်ခြင်းကာလမှာ ဆောင်ရွက်ပြီးဖြစ်သဖြင့်၊ လုပ်ငန်းလည်ပတ်ခြင်း ကာလ နှင့် စီမံကိန်းဖျက်သိမ်းခြင်း ကာလများအတွက် အထက်ဖော်ပြပါ သက်ရောက်မှု တွက်ချက်သည့် နည်းလမ်းများနှင့်အညီ ပတ်ဝန်းကျင်အပေါ်သက်ရောက်နိုင်မှု အခြေအနေများအား တွက်ချက်ခဲ့ပါသည်။ သက်ရောက်မှုများနှင့် လျှော့ချနိုင်မည့်နည်းလမ်းများအား အောက်ဖော်ပြပါ ဇယားတွင် တွက်ချက်ဖော်ပြထားပါသည် -

## ဇယား (၆.၁) စီမံကိန်းလည်ပတ်ခြင်းကာလ နှင့် စီမံကိန်းဖျက်သိမ်းခြင်းကာလများအတွင်း ပတ်ဝန်းကျင်အပေါ်သက်ရောက်နိုင်မှု နှင့် လျော့ကျစေရန်ဆောင်ရွက်မည့် အခြေအနေများ

### စီမံကိန်း လည်ပတ်သည့်ကာလ

| ဆောင်ရွက်ချက် | ကဏ္ဍ | သက်ရောက်မှု | စီမံကိန်းဆောင်ရွက်ချက်များ | သက်ရောက်မှု F | L | M | S | သိသာထင်ရှားမှု | လျော့ကျစေရေးဆောင်ရွက်ခြင်း | သက်ရောက်မှု F | L | M | S | သိသာထင်ရှားမှု |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သယ်ယူပို့ဆောင်ခြင်း | ပတ်ဝန်းကျင် | လေထုညစ်ညမ်း ခြင်း | မော်တော်ယာဉ်များ မှ ထွက်ရှိသည့် ဓါတ်ငွေ့များ နှင့် အမှုန်အမွှားများ | ၃ | ၀.၇၅ | ၃ | ၆.၇၅ | အသင့်အတင့် | ပုံမှန်ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ခြင်း<br>ယာဉ်သုံးစွဲမှု အနည်းဆုံးဖြစ်စေရေး စီမံခြင်း | ၂ | ၀.၃၅ | ၃ | ၂.၁ | နည်းပါး |
| | | လမ်းပိတ်ဆို့ခြင်း | မော်တော်ယာဉ်များ မောင်းနှင်သွားလာခြင်း | ၃ | ၀.၃၅ | ၃ | ၃.၁၅ | နည်းပါး | ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်း<br>မော်တော်ယာဉ်၌တည်နေရာနှင့်အရှိန်ပြကိရိယာ တပ်ဆင်၍ထိန်းချုပ်ရေးဌာနမှစောင့်ကြပ်ကြည့်ရှုခြင်း | ၂ | ၀.၃၅ | ၃ | ၂.၁ | နည်းပါး |
| | လူမှုရေး | ဘေးကင်းရေး | မတော်တဆထိခိုက်ဒဏ်ရာရခြင်း | ၃ | ၀.၃၅ | ၄ | ၄.၂ | နည်းပါး | တစ်ကိုယ်ရေလုံခြုံရေးကိရိယာများ ဝတ်ဆင်အသုံးပြုစေခြင်း<br>ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း | ၂ | ၀.၃၅ | ၄ | ၂.၈ | နည်းပါး |
| သိမ်းဆည်းခြင်း / သိုလှောင် ခြင်း | လူမှုရေး | လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေး | မီးဘေးအန္တရာယ် | ၂ | ၀.၇၅ | ၄ | ၆ | အသင့်အတင့် | မီးသတိပေးဆိုင်းဘုတ်များ နှင့် ကိရိယာများ ထားရှိခြင်း<br>မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးခြင်း<br>မီးဘေးစီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်း | ၂ | ၀.၃၅ | ၃ | ၂.၁ | နည်းပါး |
| | | | မတော်တဆထိခိုက်မှု | | | | | | တစ်ကိုယ်ရေလုံခြုံရေးကိရိယာများ ဝတ်ဆင်အသုံးပြုစေခြင်း<br>ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း | | | | | |
| ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း | ပတ်ဝန်းကျင် | ရေထုညစ်ညမ်းခြင်း | လုပ်ငန်းလည်ပတ်ရာတွင် သုံးစွဲပြီးနောက် စွန့်ပစ်သည့်ရေ | ၃ | ၀.၇၅ | ၃ | ၆.၇၅ | အသင့်အတင့် | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (လမ်းညွှန်ချက်) များနှင့်အညီ စွန့်ပစ်နိုင်စေရန် ရေဆိုးသန့်စင်ခြင်းနည်းလမ်း ဆောင်ရွက်ခြင်း | ၃ | ၀.၃၅ | ၃ | ၃.၁၅ | နည်းပါး |
| | | အသံဆူညံခြင်း | လုပ်ငန်းလည်ပတ်ခြင်းကြောင့် ဆူညံသံများထွက်ပေါ်ခြင်း | ၄ | ၀.၇၅ | ၃ | ၉ | အသင့်အတင့် | လိုအပ်သည့် အကာအကွယ်များ ထားရှိခြင်း<br>ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း | ၄ | ၀.၃၅ | ၂ | ၂.၈ | နည်းပါး |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | လေထုညစ်ညမ်း ခြင်း | ထုတ်လုပ်ရေးလုပ်ငန်းမှ ထွက်ရှိသည့် ဓါတ်ငွေ့များ နှင့် အမှုန်အမွှားများ | ၄ | ၀.၇၅ | ၂ | ၆ | အသင့်အတင့် | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (လမ်းညွှန်ချက်) များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက်ခြင်း | ၃ | ၀.၃၅ | ၂ | ၂.၁ | နည်းပါး |
| | | မြေထုညစ်ညမ်း ခြင်း | စွန့်ပစ်ပစ္စည်းများ မြေထုအတွင်း စွန့်ပစ်ခြင်း | ၄ | ၀.၇၅ | ၂ | ၆ | အသင့်အတင့် | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၃ | ၀.၃၅ | ၂ | ၂.၁ | နည်းပါး |
| | | လည်ပတ်ရာမှ အစိုင်အခဲ စွန့်ပစ်ပစ္စည်း ထွက်ရှိခြင်း | ရုံးသုံး/လုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများ | ၃ | ၀.၇၅ | ၂ | ၄.၅ | နည်းပါး | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၃ | ၀.၃၅ | ၂ | ၂.၁ | နည်းပါး |
| | | | ထုတ်ပိုးပစ္စည်းများ | | | | | | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | | | | |
| | လူမှုရေး | လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး | လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ | ၄ | ၀.၇၅ | ၃ | ၉ | အသင့်အတင့် | တစ်ကိုယ်ရေလုံခြုံရေးကိရိယာများ ဝတ်ဆင် အသုံးပြုစေခြင်း ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း | ၄ | ၀.၃၅ | ၂ | ၂.၈ | နည်းပါး |
| | | | ကူးစက်ရောဂါဖြစ်ပွားမှုများ (ရာသီပေါ်တုတ်ကွေး) | | | | | | ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း | | | | | |
| စီမံကိန်းအား ပြုပြင် ထိန်းသိမ်းခြင်း | ပတ်ဝန်းကျင် | အထွေထွေ စွန့်ပစ်ပစ္စည်း | ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရာမှ ထွက်ရှိသည့် ပစ္စည်းများ | ၄ | ၀.၇၅ | ၃ | ၉ | အသင့်အတင့် | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း YCDC နှင့်ဆက်သွယ်စွန့်ပစ်ခြင်း | ၃ | ၀.၃၅ | ၃ | ၃.၁၅ | နည်းပါး |
| အရည်အသွေး ထိန်းသိမ်းခြင်း နှင့် ထုတ်ပိုးခြင်း | ပတ်ဝန်းကျင် | အထွေထွေ စွန့်ပစ်ပစ္စည်း | စံချိန်မမှီသည့် ကုန်ပစ္စည်းများ | ၄ | ၀.၃၅ | ၂ | ၂.၈ | နည်းပါး | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း YCDC နှင့်ဆက်သွယ်စွန့်ပစ်ခြင်း | ၃ | ၀.၃၅ | ၂ | ၂.၁ | နည်းပါး |
| | | | ထုတ်ပိုးထားခြင်းများမှ ထွက်ရှိသည့် ပစ္စည်းများ | | | | | | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | | | | |
| နေထိုင်ခြင်း | ပတ်ဝန်းကျင် | မိလ္လာနှင့် စွန့်ပစ်ရေ | နေထိုင်သူများမှ စွန့်ပစ်သည့် မိလ္လာနှင့် သုံးစွဲပြီးရေများ | ၄ | ၀.၇၅ | ၃ | ၉ | အသင့်အတင့် | YCDC နှင့်ဆက်သွယ်စွန့်ပစ်ခြင်း | ၃ | ၀.၃၅ | ၂ | ၂.၁ | နည်းပါး |
| | | အထွေထွေ စွန့်ပစ်ပစ္စည်း | ကုန်ပစ္စည်းသုံးစွဲမှုများမှ ထွက်ရှိသည့် ပစ္စည်းများ | ၄ | ၀.၇၅ | ၂ | ၆ | အသင့်အတင့် | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း YCDC နှင့်ဆက်သွယ်စွန့်ပစ်ခြင်း | ၃ | ၀.၃၅ | ၂ | ၂.၁ | နည်းပါး |
| | လူမှုရေး | လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး | တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရေသန့် | ၃ | ၀.၇၅ | ၃ | ၆.၇၅ | အသင့်အတင့် | ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း ရေသန့်စင်စက်တင်ဆင်ပေးခြင်း | ၃ | ၀.၃၅ | ၃ | ၃.၁၅ | နည်းပါး |
| | | | မီးဘေးအန္တရာယ် ဖြစ်ပွားနိုင်မှု | | | | | | မီးသတိပေးဆိုင်းဘုတ်များ နှင့် ကိရိယာများ ထားရှိခြင်း၊ မီးဘေးအန္တရာယ်တားဆီး | | | | | |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | ကာကွယ်ရေး အသိပညာပေးခြင်း<br>မီးဘေးစီမံချက်ရေးဆွဲအကောင်အထည်ဖော် ခြင်း | | | | | |
| | | ပဋိပက္ခ | နေထိုင်သူအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း<br>ပြင်ပနှင့်ခိုက်ရန်ဖြစ်ပွားခြင်း | ၃ | ၀.၁ | ၄ | ၁.၂ | လျစ်လျူရှု | အဆောင်နေစည်းကမ်းများ ချမှတ်ခြင်း<br>အဆောင်နေစည်းကမ်းများ ချမှတ်ခြင်း | ၂ | ၀.၁ | ၄ | ၀.၈ | လျစ်လျူရှု |
| စီမံကိန်း ဆောင်ရွက်ခြင်း | လူမှု-စီးပွား | အလုပ်အကိုင်၊ ဝင်ငွေ နှင့် အခွန်အခများ ရရှိခြင်း | ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာခြင်း<br>လူ့စွမ်းအားအရင်းမြစ်၌ ကျွမ်းကျင်မှုမြင့်မားလာခြင်း<br>နိုင်ငံတော်၏ဘဏ္ဍာငွေ၊ အခွန်အခများ ရရှိခြင်း<br>CSR လုပ်ငန်းများဆောင်ရွက်သဖြင့် ဒေသဖွံ့ဖြိုးမှုအား အထောက်အပံ့ပေး နိုင်ခြင်း | - | - | - | - | ကောင်းကျိုးဖြစ်ထွန်းခြင်း | | - | - | - | - | ကောင်းကျိုးဖြစ်ထွန်းခြင်း |

## စီမံကိန်း ဖျက်သိမ်းသည့် ကာလ

| ဆောင်ရွက်ချက် | ကဏ္ဍ | သက်ရောက်မှု | စီမံကိန်းဆောင်ရွက်ချက်များ | သက်ရောက်မှု | | | | သိသာထင်ရှားမှု | လျော့ကျစေရေးဆောင်ရွက်ခြင်း | သက်ရောက်မှု | | | | သိသာထင်ရှားမှု |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | F | L | M | S | | | F | L | M | S | |
| ဖျက်သိမ်းခြင်း | ပတ်ဝန်းကျင် | အမှုန်အမွှားများ | ဖြိုဖျက်ခြင်းလုပ်ငန်းများမှ အမှုန်အမွှားများ ထွက်ရှိခြင်း | ၁ | ၁ | ၄ | ၄ | နည်းပါး | ရေဖြန်းခြင်း<br>ဖျက်သိမ်းခြင်းစီမံချက် ရေးဆွဲ ဆောင်ရွက်ခြင်း | ၁ | ၀.၇၅ | ၄ | ၃ | နည်းပါး |
| | | အသံဆူညံခြင်း | ဖျက်သိမ်းခြင်းလုပ်ငန်းများကြောင့် အသံဆူညံမှုများ | ၁ | ၁ | ၄ | ၄ | နည်းပါး | ဆူညံမှုများပြားသည့် နေ့အချိန်တွင်သာ ဆောင်ရွက်ခြင်း<br>ဖျက်သိမ်းခြင်းစီမံချက် ရေးဆွဲ ဆောင်ရွက်ခြင်း | ၁ | ၀.၇၅ | ၄ | ၃ | နည်းပါး |
| | | အထွေထွေ စွန့်ပစ်ပစ္စည်း | ဖျက်သိမ်းခြင်းမှ ထွက်ရှိသည့် ပစ္စည်းများ | ၁ | ၁ | ၄ | ၄ | နည်းပါး | ဖျက်သိမ်းခြင်းစီမံချက် ရေးဆွဲ ဆောင်ရွက်ခြင်း<br>ပြန်လည်သုံးစွဲသူများထံ ရောင်းချခြင်း | ၁ | ၀.၇၅ | ၄ | ၃ | နည်းပါး |
| | | လမ်းပိတ်ဆို့ခြင်း | သယ်ယူပို့ဆောင်ရေးလှုပ်ရှားမှုများ | ၁ | ၁ | ၃ | ၃ | နည်းပါး | ယာဉ်သုံးစွဲမှုစနစ်တကျဆောင်ရွက်၍ သုံးစွဲမှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက် ခြင်း<br>ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နှင့်အညီ ဆောင်ရွက်ခြင်း | ၁ | ၀.၇၅ | ၃ | ၂.၂၅ | နည်းပါး |
| | လူမှုရေး | ပြည်သူ့ ကျန်းမာရေး | အမှုန်အမွှားများ၊ ဆူညံသံများကြောင့် အနှောင့်အယှက်ဖြစ်ခြင်း | ၁ | ၁ | ၄ | ၄ | နည်းပါး | အမှုန်အမွှားများမဖြစ်စေရန် ရေဖြန်းခြင်း၊ နောက်ခံအသံဆူညံမှုများပြားသည့် နေ့အချိန်တွင်သာ ဆောင်ရွက်ခြင်း | ၁ | ၀.၇၅ | ၄ | ၃ | နည်းပါး |
| | | | အသက်ရှုလမ်းကြောင်း နှင့် အမြင်ဆိုင်ရာ ကျန်းမာရေး ပြဿနာများ ဖြစ်ပွားခြင်း | | | | | | ရေဖြန်းခြင်း<br>ဖျက်သိမ်းခြင်းစီမံချက် ရေးဆွဲ ဆောင်ရွက်ခြင်း | | | | | |
| | | လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး | မတော်တဆထိခိုက်ဒဏ်ရာရခြင်း | ၁ | ၁ | ၃ | ၃ | နည်းပါး | တစ်ကိုယ်ရေလုံခြုံရေးကိရိယာများ ဝတ်ဆင် အသုံးပြုစေခြင်း<br>ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း | ၁ | ၀.၇၅ | ၃ | ၂.၂၅ | နည်းပါး |
| သယ်ယူ ပို့ဆောင်ခြင်း | ပတ်ဝန်းကျင် | လေထုညစ်ညမ်း ခြင်း | မော်တော်ယာဉ်များမှ ထွက်ရှိသည့် ဓါတ်ငွေ့များ | ၁ | ၁ | ၃ | ၃ | နည်းပါး | မော်တော်ယာဉ်များအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း<br>သယ်ယူပို့ဆောင်မှု အနည်းဆုံးဖြစ်စေရန် စီမံခြင်း | ၁ | ၀.၇၅ | ၃ | ၂.၂၅ | နည်းပါး |
| | | လမ်းပိတ်ဆို့ခြင်း | သယ်ယူပို့ဆောင်ရေးလှုပ်ရှားမှုများ | ၁ | ၁ | ၃ | ၃ | နည်းပါး | ယာဉ်သုံးစွဲမှုစနစ်တကျဆောင်ရွက်၍ သုံးစွဲမှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက် ခြင်း<br>ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နှင့်အညီ ဆောင်ရွက်ခြင်း | ၁ | ၀.၇၅ | ၃ | ၂.၂၅ | နည်းပါး |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လူမှုရေး | ဘေးကင်းရေး | မတော်တဆထိခိုက်ဒဏ်ရာရခြင်း | ၁ | ၁ | ၃ | ၃ | နည်းပါး | ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နှင့်အညီ ဆောင်ရွက်ခြင်း | ၁ | ၀.၇၅ | ၃ | ၂.၂၅ | နည်းပါး |
| အလုပ်မှ နုတ်ပယ်ခြင်း | လူမှုရေး | ပဋိပက္ခ | ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း | ၁ | ၁ | ၅ | ၅ | အသင့်အတင့် | ဝန်ထမ်းများအား ကြိုတင်အသိပေး၍ ညှိနှိုင်းဆောင်ရွက်ခြင်း | ၁ | ၀.၇၅ | ၃ | ၂.၂၅ | နည်းပါး |
| | | | နစ်နာကြေးပေးအပ်မှုမရှိခြင်း | | | | | | ဥပဒေနှင့်အညီလုပ်ခ ခံစားခွင့်များ ဆောင်ရွက်ပေးခြင်း | | | | | |
| | | | အစားထိုးအလုပ်အကိုင်ရှာဖွေ မပေးခြင်း | | | | | | အစားထိုးအလုပ်အကိုင်များ ကူညီရှာဖွေပေးခြင်း | | | | | |

| ဖြစ်နိုင်ဖွယ်အလားအလာရှိသော သက်ရောက်မှုများ | ပြဋ္ဌာန်းထားသောသက်ရောက်မှု (သတ်မှတ်ချက်များ) | | | | | လျော့ကျစေရေးဆောင်ရွက်ပြီးနောက်ကျန်ရှိသောသက်ရောက်မှု | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | လျစ်လျူရှု (<၂) | နည်းပါး (၂-၅) | အသင့်အတင့် (၆-၁၀) | မြင့်မား (၁၁-၁၆) | အလွန်မြင့် (≥ ၁၇) | လျစ်လျူရှု (<၂) | နည်းပါး (၂-၅) | အသင့်အတင့် (၆-၁၀) | မြင့်မား (၁၁-၁၆) | အလွန်မြင့် (≥ ၁၇) |
| စီမံကိန်း လည်ပတ်သည့်ကာလ | | | | | | | | | | |
| ရူပပတ်ဝန်းကျင် | – | ၂ | ၅ | - | - | – | ၇ | - | - | - |
| လူမှုရေး နှင့် ယဉ်ကျေးမှု | ၁ | ၁ | ၁ | - | - | ၁ | ၂ | - | - | - |
| ပြည်သူ့ကျန်းမာရေး နှင့် လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးကင်းရေး | - | ၁ | ၄ | - | - | – | ၅ | - | - | - |
| အန္တရာယ် (သဘာဝ နှင့် လူလုပ်) | - | - | ၁ | - | - | - | ၁ | - | - | - |

| ဖြစ်နိုင်ဖွယ်အလားအလာရှိသော သက်ရောက်မှုများ | ပြဌာန်းထားသောသက်ရောက်မှု (သတ်မှတ်ချက်များ) | | | | | လျော့ကျစေရေးဆောင်ရွက်ပြီးနောက်ကျန်ရှိသောသက်ရောက်မှု | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | လျစ်လျူရှု (<၂) | နည်းပါး (၂-၅) | အသင့်အတင့် (၆-၁၀) | မြင့်မား (၁၁-၁၆) | အလွန်မြင့် (≥ ၁၇) | လျစ်လျူရှု (<၂) | နည်းပါး (၂-၅) | အသင့်အတင့် (၆-၁၀) | မြင့်မား (၁၁-၁၆) | အလွန်မြင့် (≥ ၁၇) |
| စီမံကိန်း ဖျက်သိမ်းသည့် ကာလ | | | | | | | | | | |
| ရူပပတ်ဝန်းကျင် | - | ၁ | – | - | - | – | ၁ | - | - | - |
| လူမှုရေး နှင့် ယဉ်ကျေးမှု | - | ၃ | ၁ | - | - | – | ၄ | - | - | - |
| ပြည်သူ့ကျန်းမာရေး နှင့် လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးကင်းရေး | - | ၅ | – | - | - | – | ၅ | - | - | - |

## ၆.၆ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကြောင့် ဖြစ်ပေါ်နိုင်မည့် သက်ရောက်မှုများကို လျော့ပါးစေရေးနည်းလမ်းများ

ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်နိုင်မည့် သက်ရောက်မှုများ နှင့် သက်ရောက်နိုင်မှုများအပေါ် လျော့ပါးစေရေးဆောင်ရွက်ချက်များအား အောက်ဖော်ပြပါအတိုင်း ဆန်းစစ်ဖော်ပြအပ်ပါသည် -

| စဉ် | လုပ်ငန်းစဉ် | သက်ရောက်နိုင်မှု | လျော့ပါးစေရေး ဆောင်ရွက်ချက် |
|---|---|---|---|
| ၁ | ကုန်ကြမ်းပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း | • သယ်ယူပို့ဆောင်ရေးယာဉ်များမှ အခိုးအငွေ့များ ထွက်ရှိခြင်း<br>• မတော်တဆထိခိုက်ခြင်း<br>• စက်ဆီ၊ ချောဆီများ ယိုဖိတ်ခြင်း | • ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း<br>• ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာဆောင်ရွက်စေခြင်း<br>• ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း |
| ၂ | ကုန်ကြမ်းပစ္စည်းများအား ရောမွှေခြင်း | • မတော်တဆထိခိုက်မှုဖြစ်ခြင်း | • ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းပေးခြင်း နှင့် PPE များ ဝတ်ဆင်ဆောင်ရွက်စေခြင်း |
| ၃ | ပုံသွင်းခြင်း | • မတော်တဆ မီးလောင်ကျွမ်းခြင်း<br>• အခိုးအငွေ့ထွက်ရှိခြင်း<br>• အနံ့ဆိုးထွက်ရှိခြင်း<br>• Reject များ ထွက်ရှိခြင်း | • ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းပေးခြင်း နှင့် PPE များ ဝတ်ဆင်ဆောင်ရွက်စေခြင်း<br>• မီးဘေးကာကွယ်ရေးသင်တန်းပေးခြင်းနှင့် မီးသတ်ကိရိယာများ တပ်ဆင်ထားရှိခြင်း<br>• လေစုပ်ပန်ကာများ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း နှင့် ဝန်ထမ်းများအား PPE (နှာခေါင်းစည်း) များ ဝတ်ဆင်ဆောင်ရွက်စေခြင်း<br>• လေဝင်လေထွက်စနစ် ကောင်းမွန်စေရန် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း<br>• Reject များအား စက်အတွင်း ပြန်လည်ထည့်သွင်း အသုံးပြုခြင်း |
| ၄ | အခြောက်ခံခြင်း | • အပူလောင်ခြင်း<br>• မတော်တဆမီးလောင်ကျွမ်းခြင်း | • ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းပေးခြင်း နှင့် PPE များ ဝတ်ဆင်ဆောင်ရွက်စေခြင်း<br>• မီးဘေးကာကွယ်ရေးသင်တန်းပေးခြင်းနှင့် မီးသတ်ကိရိယာများ တပ်ဆင်ထားရှိခြင်း |

| | | | |
|---|---|---|---|
| ၅ | အရည်အသွေးစစ်ဆေးခြင်း နှင့် ထုတ်ပိုးခြင်း | • အမှုန်အမွှားများကြောင့် ဝန်ထမ်းများကျန်းမာရေး ထိခိုက်ခြင်း | • ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းပေးခြင်း နှင့် PPE များ ဝတ်ဆင်ဆောင်ရွက်စေခြင်း<br>• လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်သေချာစွာဆေးကြောခြင်း |
| ၆ | ကုန်ပစ္စည်းများ သိုလှောင်သိမ်းဆည်းခြင်း | • သိုလှောင်ရာမှ မတော်တဆ မီးလောင်ကျွမ်းခြင်း | • မီးဘေးကာကွယ်ရေးသင်တန်းပေးခြင်းနှင့် မီးသတ်ကိရိယာများ တပ်ဆင်ထားရှိခြင်း |
| ၇ | ကုန်ချောပစ္စည်းများ သယ်ယူပို့ဆောင်ဖြန့်ဖြူးခြင်း | • သယ်ယူပို့ဆောင်ရေးယာဉ်များမှ အခိုးအငွေ့များ ထွက်ရှိခြင်း<br>• မတော်တဆထိခိုက်ခြင်း<br>• စက်ဆီ၊ ချောဆီများ ယိုဖိတ်ခြင်း | • ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း<br>• ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာဆောင်ရွက်စေခြင်း<br>• ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း |
| ၈ | ကုန်ကြမ်း၊ ကုန်ချောများဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ | • ပြင်းထန်သည့် အနံ့များထွက်ရှိခြင်း | • လုပ်ငန်းဆောင်ရွက်သူများ နှာခေါင်းစည်းများ တပ်ဆင်ဆောင်ရွက်ခြင်း<br>• လေဝင်လေထွက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း |
| ၉ | မီးဘေးအန္တရာယ် | • စီမံကိန်းလုပ်ငန်းထိခိုက်ဆုံးရှုံးခြင်း<br>• ဝန်ထမ်းများမတော်တဆထိခိုက်ဒဏ်ရာရခြင်းအပြင် အသက်အန္တရာယ်ပါထိခိုက်နိုင်ခြင်း<br>• နီးစပ်ရာသို့ပါလောင်ကျွမ်းပြီး အသက်အိုးအိမ် စည်းစိမ်များ ပျက်ဆီးဆုံးရှုံးခြင်း | • စီမံကိန်းတွင် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကိစ္စရပ်များ အား ဂရုတစိုက်စစ်ဆေးဆောင်ရွက်ခြင်း (လျှပ်စစ်ဝါယာကြိုးများအား ပုံမှန်စစ်ဆေးခြင်း၊ လောင်စာများအားဖိတ်လျှံပါက ပျံ့နှံ့သွားခြင်း မရှိစေရန် မြောင်းစနစ်များထားရှိခြင်း၊ ကုန်ကြမ်းကုန်ချောများ စနစ်တကျ သိုလှောင်ထားရှိခြင်း စသည်)<br>• အလိုလျှောက်မီးငြိမ်းသတ်စနစ်များတပ်ဆင်ခြင်း၊ အရေးပေါ်စုရပ်နှင့် ထွက်ပေါက်လမ်းကြောင်းများရေးဆွဲထားရှိခြင်း၊ မီးသတ်ဆေးဘူးများ အဆင်သင့်ဖြစ်နေစေရန်ထားရှိခြင်း၊<br>• မီးသတ်ဌာနနှင့်ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား သင့်လျော်သည့် သင်တန်းများပေးအပ်ခြင်း နှင့် အရန်မီးငြိမ်းသတ်ရေး အဖွဲ့ ဖွဲ့စည်းထားရှိခြင်း |
| ၁၀ | သဘာဝဘေးအန္တရာယ် | • စီမံကိန်းလုပ်ငန်းပျက်ဆီးဆုံးရှုံးခြင်း | • အရေးပေါ်စုရပ်၊ အရေးပေါ်ထွက်ပေါက်လမ်းကြောင်းများစသည်တို့ ရေးဆွဲသတ်မှတ်ထားခြင်း |

| | | | |
|---|---|---|---|
| | | • ဝန်ထမ်းများမတော်တဆထိခိုက်ဒဏ်ရာရခြင်းအပြင် အသက်အန္တရာယ်ပါထိခိုက်နိုင်ခြင်း<br>• ပတ်ဝန်းကျင်ရှိအသက်အိုးအိမ် စည်းစိမ်များပျက်ဆီး ဆုံးရှုံးခြင်း | • အဆောက်အဦ၊ ဆက်စပ်နေရာများနှင့် အရေးပေါ်စုရပ်၊ အရေးပေါ်ထွက်ပေါက်လမ်းကြောင်းများအား ပုံမှန်စစ်ဆေးခြင်း<br>• အရေးပေါ်တုံ့ပြန်မှုအစီအစဉ် ရေးဆွဲထားရှိခြင်း<br>• ဝန်ထမ်းများအနေဖြင့် အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် (၂) လ တစ်ကြိမ်ခန့် ဇာတ်တိုက်လေ့ကျင့်ခြင်း |
| ၁၁ | ပေါက်ကွဲခြင်း | • မီးလောင်ကျွမ်းခြင်း<br>• စီမံကိန်းလုပ်ငန်းပျက်ဆီးဆုံးရှုံးခြင်း<br>• ဝန်ထမ်းများထိခိုက်ဒဏ်ရာရခြင်းအပြင် အသက်အန္တရာယ်ပါ ထိခိုက်နိုင်ခြင်း<br>• ကြီးမားပါက နီးစပ်ရာပတ်ဝန်းကျင်ပါထိခိုက်ကာ အသက် အိုးအိမ် စည်းစိမ်များ ပျက်ဆီးဆုံးရှုံးခြင်း | • လောင်စာဆီ/ပေါက်ကွဲစေနိုင်မည့်ပစ္စည်းများထားသော ပတ်ဝန်းကျင်နေရာများအား အမြဲရှင်းလင်းထားခြင်းနှင့် ကိုက် (၅၀) အကွာတွင် မီးတားမှုပြုလုပ်ထားခြင်း<br>• လောင်စာဆီ/ပေါက်ကွဲစေနိုင်မည့်ပစ္စည်းများထားသောနေရာနှင့် ပေ (၅၀) အကွာတွင် ဆေးလိပ်မသောက်ရနယ်မြေအား သတ်မှတ်ထားရှိခြင်း<br>• လောင်စာဆီ/ပေါက်ကွဲစေနိုင်မည့်ပစ္စည်းများသယ်ဆောင်/ဖြည့်တင်းရာတွင် လောင်စာဆီ/ပေါက်ကွဲစေနိုင်မည့်ပစ္စည်းများအနီး ဆေးလိပ်မသောက်ရန် တားမြစ်ထားခြင်း<br>• အသိပညာပေးခြင်း |
| ၁၂ | ဓာတုပစ္စည်းယိုဖိတ်ခြင်း | • ပတ်ဝန်းကျင်လေထု၊မြေထု၊ရေထု ထိခိုက်ညစ်ညမ်းစေခြင်း<br>• အပင်နှင့်တိရစ္ဆာန်များ ထိခိုက်ခြင်း<br>• ဝန်ထမ်းများနှင့် အနီးပတ်ဝန်းကျင် ထိခိုက်အန္တရာယ်ဖြစ်ခြင်း | • မယိုဖိတ်စေရန် သယ်ယူ/သိုလှောင်ရာတွင် လုံခြုံစွာစနစ်တကျထုပ်ပိုးခြင်း<br>• စွန့်ပစ်ရာတွင်စနစ်တကျချိတ်ဆက်စွန့်ပစ်ခြင်း<br>• ဓာတုပစ္စည်းများ၏ MSDS များအတိုင်း လိုက်နာကာ သယ်ယူ ကိုင်တွယ်သုံးစွဲခြင်း |
| ၁၃ | စက်ပစ္စည်းကိရိယာများချို့ယွင်းခြင်း | • စီမံကိန်းလုပ်ငန်း လည်ပတ်မှုနှောင့်နှေးခြင်း၊ ထိခိုက်ဆုံးရှုံးခြင်း<br>• မတော်တဆထိခိုက်မှုဖြစ်ခြင်း<br>• အခိုးအငွေ့/ဆူညံသံ ပိုထွက်ခြင်း | • စက်ပစ္စည်းကိရိယာများအား ပုံမှန်ပြုပြင် ထိန်းသိမ်း ခြင်း<br>• အရည်အသွေးမြင့် လောင်စာဆီသုံးစွဲခြင်း<br>• စက်မောင်းနှင်ရာတွင် စက်တစ်ခုချင်းစီအလိုက်ပါဝင်သော လမ်းညွှန်ချက် သတ်မှတ်ချက်များအတိုင်း လိုက်နာမောင်းနှင်ခြင်း |
| ၁၄ | စက်ပိုင်းဆိုင်ရာနှင့် တည်ဆောက်ပုံဆိုင်ရာ ချွတ်ယွင်းမှုများ | • စီမံကိန်းလုပ်ငန်း လည်ပတ်မှုနှောင့်နှေးခြင်း၊ ထိခိုက်ဆုံးရှုံးခြင်း<br>• မတော်တဆထိခိုက်မှုဖြစ်ခြင်း | • စက်ပစ္စည်းကိရိယာများအား ပုံမှန်ပြုပြင် ထိန်းသိမ်း ခြင်း<br>• အရည်အသွေးမြင့် လောင်စာဆီသုံးစွဲခြင်း |

| | | | |
|---|---|---|---|
| | | • အခိုးအငွေ့/ဆူညံသံ ပိုထွက်ခြင်း<br>• အလင်းရောင်/လေဝင်လေထွက် လုံလောက်မှုမရှိခြင်း<br>• မြင်ကွင်းရှုခင်းထိခိုက်ခြင်း<br>• ပတ်ဝန်းကျင်ထိခိုက်ခြင်း | • စက်မောင်းနှင်ရာတွင် စက်တစ်ခုချင်းစီအလိုက်ပါဝင်သော လမ်းညွှန်ချက် သတ်မှတ်ချက်များအတိုင်း လိုက်နာမောင်းနှင်ခြင်း<br>• လေဝင်လေထွက်ကောင်းမွန်စေရန် တည်ဆောက်ခြင်း<br>• လေစုပ်ပန်ကာများ တပ်ဆင်ကာပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း<br>• ကျွမ်းကျင်ပညာရှင်/အင်ဂျင်နီယာများအကူအညီဖြင့် တည်ဆောက်ခြင်း |
| ၁၅ | ဝန်ထမ်းများ ဓာတုပစ္စည်းများနှင့်ထိတွေ့မှုများ | • မတော်တဆထိခိုက်မှုဖြစ်ခြင်း<br>• ကျန်းမာရေးထိခိုက်ခြင်း<br>• နာတာရှည်ရောဂါစွဲကပ်ခြင်း<br>• ကိုယ်လက်အင်္ဂါ၊ ကိုယ်တွင်းအင်္ဂါထိခိုက်ခြင်း | • ဓာတုပစ္စည်းများ၏ MSDS များအတိုင်း လိုက်နာကာ သယ်ယူ ကိုင်တွယ် သုံးစွဲခြင်း<br>• ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းပေးခြင်း နှင့် PPE များ ဝတ်ဆင်ဆောင်ရွက်စေခြင်း<br>• လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်သေချာစွာဆေးကြောခြင်း |

## ၆.၇ လုပ်ငန်းပိတ်သိမ်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများ

**(၁) လေထုအရည်အသွေး**

လုပ်ငန်းပိတ်သိမ်းရေးလုပ်ငန်းများကြောင့် ဖုန်များထွက်ရှိခြင်း၊ အမှိုက်များကို မီးရှို့ခြင်းနှင့် ယာဉ်များသွားလာမှုကြောင့် လေထုကို ညစ်ညမ်းစေနိုင်ပါသည်။

**(၂) ရေအရည်အသွေး**

ရေဆိုးထွက်ရှိမှု - အလုပ်သမားများ သုံးစွဲလိုက်သည့် စွန့်ပစ်ရေဆိုးများကြောင့် ရေအရည်အသွေးကို ထိခိုက်နိုင်ပါသည်။

**(၃) စွန့်ပစ်အစိုင်အခဲများ**

ဘေးအန္တရာယ်မရှိသော စွန့်ပစ်အမှိုက်များ - အဆောက်အဦပိတ်သိမ်းရာမှ ထွက်ရှိလာသော သံတိုသံစများ၊ သစ်စသစ်နများ၊ ကွန်ကရစ်တုံးများ ထွက်ရှိနိုင်ပါသည်။

ဘေးအန္တရာယ်ရှိအရာများ- ပိတ်သိမ်းရေးလုပ်ငန်းတွင် အသုံးပြုသည့် ယာဉ်နှင့်စက်များ ကြောင့် ချောဆီ၊ လောင်စာကဲ့သို့ ဘေးအန္တရာယ်ရှိသော အရာများ ထွက်ရှိနိုင်ပါသည်။

**(၄) လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး**

အလွန်မောပန်းခြင်း၊ ဖျားနာခြင်းတို့သည် ပိတ်သိမ်းရေးလုပ်ငန်းများကြောင့် အဖြစ်များသော ထိခိုက်မှုများ ဖြစ်ကြပါသည်။ မြေပေါ်တွင် စနစ်တကျ ထိန်းချုပ်မထားသော ကေဘယ်ကြိုးများ စုပုံနေခြင်း၊ အရည်များဖိတ်စင်မှု၊ သန့်ရှင်းရေး သေချာမလုပ်ခြင်းတို့ကြောင့် မြေပြင်ညီတွင် ချော်လဲခြင်းနှင့် လဲကျခြင်းတို့သည် ပိတ်သိမ်းရေးလုပ်ငန်းများကြောင့် အဖြစ်များသော မတော်တဆ ထိခိုက်မှုများ ဖြစ်ပါသည်။ ပိတ်သိမ်းနေသော အဆောက်အဦ၏ အမြင့်တွင်သော်လည်းကောင်း၊ အလုပ်လုပ်ကိုင်နေရာမှ ပြုတ်ကျခြင်းသည်လည်း သေစေနိုင်သော သို့မဟုတ် အမြဲတမ်း မသန်စွမ်း ဖြစ်စေနိုင်သော ထိခိုက်မှုများဖြစ်ပါသည်။ ပိတ်သိမ်းရေးလုပ်ငန်းလုပ်ဆောင်စဉ် အရာဝတ္ထုများ သို့မဟုတ် ကိရိယာများ ပြုတ်ကျခြင်းကြောင့် ဦးခေါင်းနှင့် မျက်စိတို့ကို အနာတရ ဖြစ်စေနိုင်ပါသည်။ လုပ်ငန်းပိတ်သိမ်းသည့်ကာလတွင် အသုံးပြုသော ယာဉ်များနှင့် စက်ယန္တရား များနှင့် အရာဝတ္ထုတို့ကို ရွှေ့ပြောင်းရန် အသုံးပြုသည့် ဝန်ချီစက်များကြောင့် ဖုန်များထွက်ရှိခြင်းနှင့် ထိခိုက်အနာတရများ ဖြစ်ပေါ်စေခြင်းကဲ့သို့ စက်ကိရိယာများနှင့် ထိခိုက်မိခြင်းများ ဖြစ်စေနိုင်ပါသည်။

## ၆.၈ ပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချမည့်နည်းလမ်းနှင့် နည်းပညာများ

လုပ်ဆောင်မှုတစ်ခုခြင်းစီအလိုက် ပတ်ဝန်းကျင်အပေါ်ဆိုးကျိုး သက်ရောက်စေနိုင်မှု အခြေအနေများအား အဆင့်သတ်မှတ်ထားပြီး၊ သက်ရောက်မှုအလိုက် သင့်လျော်သည့် လျှော့ကျစေမည့် နည်းလမ်းများအား ထည့်သွင်းစဉ်းစား၍ အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။

## လေထုညစ်ညမ်းခြင်း

လက်ရှိတွင် စီမံကိန်းလည်ပတ်လျက်ရှိပြီး၊ စီမံကိန်းဆောင်ရွက်ရာတွင် ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်း ၏ လုပ်ငန်းသဘောသဘာဝအရ သိသာထင်ရှားသော လေထု ညစ်ညမ်းမှုဖြစ်စေခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်၏ ခြင်ဆေးခွေပုံသွင်းခြင်း လုပ်ငန်းစဉ် ဆောင်ရွက်သည့် အနီး၌ အနံ့ဆိုး အနည်းငယ်ထွက်ရှိကြောင်း တွေ့ရှိရပြီး၊ အဆိုပါ လုပ်ငန်းစဉ်ဆောင်ရွက်ရသည့် ဝန်ထမ်းများအား နှာခေါင်းစည်းများ ဆောင်ရွက်ခြင်း၊ လေစုပ်ပန်ကာများ တပ်ဆင်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စက်ရုံ၏ အခြားလုပ်ငန်းခွင်များ၌ မခံမရပ်နိုင်သည့် အနံ့အသက်များ ပျံ့လွင့်ခြင်း မရှိကြောင်းနှင့် လေဝင်လေထွက်ကောင်းမွန်စေရန်နှင့် အပူချိန်လျှော့ချနိုင်ရန် အတွက် ထိန်းချုပ်ရေး ကိရိယာများဖြစ်သည့် ပန်ကာကြီးများ တပ်ဆင်ထားပြီး၊ ၎င်းပန်ကာများအား လစဉ်ပုံမှန်စစ်ဆေးခြင်း ဆောင်ရွက်ပါသည်။ လုပ်ငန်းသုံး မော်တော်ယာဉ်များ၊ စက်ယန္တယားများ မောင်းနှင်သွားလာရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေရန်အတွက် မော်တော်ယာဉ်နှင့် စက်ယန္တယားများအား လစဉ်ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ အရည်အသွေးပြည့်မီ သည့် လောင်စာဆီများ သုံးစွဲခြင်းတို့ ဆောင်ရွက်ပြီး၊ မော်တော်ယာဉ်သုံးစွဲမှု လမ်းကြောင်းများ အားလည်း အနည်းဆုံးဖြစ်စေရန် ကြပ်မတ် ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းဖျက်သိမ်းသည့်ကာလတွင် ဖြစ်ပေါ်နိုင်သည့် လေထုညစ်ညမ်းမှုများအတွက် စီမံကိန်းဖျက်သိမ်းခြင်းဆိုင်ရာ စီမံချက်များအား ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်း ဖျက်သိမ်းရာတွင်ဖြစ်ပေါ်နိုင်မည့် အမှုန်အမွှားများ၊ မော်တော်ယာဉ်များကြောင့် လေထု ညစ်ညမ်းမှု များအားထိန်းချုပ်နိုင်ရန်တို့အတွက် ရေဖြန်းခြင်း၊ မော်တော်ယာဉ်သုံးစွဲမှုအနည်းဆုံး ဖြစ်စေရန် စီစဉ်ခြင်း ကဲ့သို့သော လုပ်ငန်းစဉ်များအား ထည့်သွင်းဆောင်ရွက်သွားပါမည်။

## ဆူညံသံနှင့်တုန်ခါမှု

စီမံကိန်းဆောင်ရွက်စဉ်ကာလအတွင်း စက်ယန္တရာများလည်ပတ်ခြင်းကြောင့် ဆူညံသံ နှင့် တုန်ခါမှုများဖြစ်ပေါ်နိုင်သော်လည်း လွန်စွာသိသာထင်ရှားခြင်းမရှိပါ။ ဆူညံသံ နှင့် တုန်ခါမှုများ စီမံကိန်းဧရိယာပြင်ပသို့ ထွက်ရှိလာခြင်းမရှိစေရန်အတွက် နံရံအတားအဆီးများ ကာရံခြင်း ကဲ့သို့သော လိုအပ်မည့်အကာအရံများအား ထည့်သွင်းတည်ဆောက်ထားပါသည်။ ဆူညံသံ နှင့် တုန်ခါမှုများကြောင့် ဝန်ထမ်းများအားထိခိုက်မှုမရှိစေရန်အတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေး ကိရိယာများ (နားကြပ်၊ လက်အိတ် စသည်) တို့အား သုံးစွဲစေရန် ဆောင်ရွက်ထား ပါသည်။

စီမံကိန်းဖျက်သိမ်းသည့်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် ဆူညံသံနှင့် တုန်ခါမှုများအား လျှော့ချနိုင်ရန်အတွက် နောက်ခံအသံဆူညံမှုများရှိသည့် နေ့ဘက်နှင့်ရုံးဖွင့်ရက်များတွင် ဆောင်ရွက် ခြင်းနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးကိရိယာများတပ်ဆင်ခြင်း စသည့် ထိခိုက်မှုလျှော့ပါးစေရေး အစီအမံများ ဆောင်ရွက်သွားပါမည်။

**ရေထုညစ်ညမ်းခြင်း**

စီမံကိန်းလည်ပတ်သည့်ကာလအတွင်း ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အနည်ထိုင်ခြင်း ဆောင်ရွက်ပြီးမှသာ စည်ပင်သာယာ မြောင်းအတွင်းသို့ စွန့်ပစ်ပါသည်။ စွန့်ပစ်ရေများအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ နှင့်အညီ စွန့်ပစ်နိုင်စေရေး အတွက် လိုအပ်သည့် စွန့်ပစ်ရေသန့်စင်ခြင်းဆိုင်ရာလုပ်ငန်းရပ်များ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာ (၆) လပတ် အစီရင်ခံစာ တင်ပြချိန်တွင် စွန့်ပစ်ရေဆိုင်ရာ ဆောင်ရွက်ထားရှိမှု နှင့် တိုးတက်မှုများအား ထည့်သွင်းအစီရင်ခံတင်ပြသွားမည် ဖြစ်ပါသည်။

စီမံကိန်းဖျက်သိမ်းသည့်ကာလအတွင်း သန့်စင်ဆေးကြောခြင်း၊ ဝန်ထမ်းများသုံးစွဲ ခြင်းတို့မှ ဖြစ်ပေါ်လာနိုင်သည့် ရေထုညစ်ညမ်းမှုအား လျှော့ချနိုင်ရန်အတွက် လျော့ပါးစေရေး အစီအမံများ ဆောင်ရွက်သွားပါမည်။

**စွန့်ပစ်ပစ္စည်းအစိုင်အခဲ**

စီမံကိန်းလည်ပတ်သည့်ကာလအတွင်း ထည့်စရာပါကင်ဘူးအမျိုးမျိုး၊ ရုံးလုပ်ငန်းသုံး ပစ္စည်းများ၊ ဝန်ထမ်းများ၏ စွန့်ပစ် ပစ္စည်းများ၊ စားကြွင်းစားကျန်များ စသည်တို့ထွက်ရှိပါသည်။ အဆိုပါ အစိုင်အခဲစွန့်ပစ်ပစ္စည်း အမျိုးမျိုးအနက် ပြန်လည်ရောင်းချနိုင်သည့် ပစ္စည်းများဖြစ်သည့် သံ၊ စက္ကူ၊ ကော် စသည်တို့အား သတ်မှတ်နေရာတွင် ခွဲခြား၍ထားရှိစေပြီး၊ ပြန်လည်ဝယ်ယူသူများထံ ရောင်းချခြင်း၊ ကျန်စွန့်ပစ် ပစ္စည်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သန့်ရှင်းရေးဌာနမှ သတ်မှတ်ထားသည့်နေရာတွင် စုပုံထားရှိ၍ လေးရက်တစ်ကြိမ်ခန့် စွန့်ပစ်ခြင်း စသည့် နည်းလမ်းများဖြင့် စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းဖျက်သိမ်းသည့်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲဆောင်ရွက် သွားပါမည်။

**မီးဘေးအန္တရာယ်**

စီမံကိန်းလည်ပတ်သည့်ကာလအတွင်း လျှပ်စစ်ရှော့ဖြစ်ခြင်း၊ လောင်စာများစနစ်တကျ သိုလှောင်မထားခြင်း၊ ကုန်ကြမ်းနှင့်ကုန်ချောများစနစ်တကျမရှိခြင်း၊ လောင်စာဆီယိုဖိတ်ခြင်း စသည့် ပေါ့ဆမှုများနှင့် မတော်တဆမှုအမျိုးမျိုးကောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားနိုင်ပြီး၊ ထိုသို့မီးလောင်ကျွမ်းပါက စီမံကိန်းလုပ်ငန်းအပြင် နီးစပ်ရာသို့ပါလောင်ကျွမ်းပြီး အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့ဖြစ်ပွားခြင်းမရှိစေရန် လျှပ်စစ် ဝါယာကြိုးများ အား ပုံမှန်စစ်ဆေးခြင်း၊ လောင်စာများအား ဖိတ်လျှံပါက ပျံ့နှံ့သွားခြင်း မရှိစေရန် မြောင်းစနစ်များ ထားရှိခြင်း၊ ကုန်ကြမ်းကုန်ချောများစနစ်တကျ သိုလှောင်ထားရှိခြင်း၊ အလိုလျှောက်မီးငြိမ်းသတ် စနစ်များ တပ်ဆင်ခြင်း၊ မီးသတ်ဆေးဘူးများ အဆင်သင့်ဖြစ်နေစေရန် ထားရှိခြင်း၊ မီးသတ်ဌာနနှင့်

ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား သင့်လျော်သည့် သင်တန်းများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ထားပါသည်။

**ဝန်ထမ်းများ လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး**

ဝန်ထမ်းများ၏ လူမှုရေးဆိုင်ရာအခက်အခဲများအား ကူညီဆောင်ရွက်ပေးနိုင်ရန် အခါကြီးရက်ကြီးများ (သင်္ကြန်၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်) တွင် မုန့်ဖိုးပေးခြင်း၊ ဆေးဝါး ထောက်ပံ့ခြင်း၊ အဆောင်နေဝန်ထမ်းများအား မနက်၊ နေ့လည်၊ ညစာ ထမင်းကျွေးခြင်း၊ ဖယ်ရီအကြို အပို့စီစဉ်ပေးခြင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် နှင့် ကျွမ်းကျင်မှုမြင့်မားလာစေရန် လိုအပ် သည့် ပစ္စည်းများ၊ သင်တန်းများ၊ မွမ်းမံသင်တန်းများ ထောက်ပံ့ဆောင်ရွက်ပေးခြင်း စသည်တို့အား ဆောင်ရွက်ပေးထားပါသည်။ ထို့ပြင် ပတ်ဝန်းကျင်စိမ်းလမ်းစိုပြည်စေရန် နှင့် မြေအောက်ရေ ထိန်းသိမ်းရာတွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ စက်ရုံဝင်းပတ်လည်တွင် သဘော်၊ ငရုတ်၊ ရွက်လှ၊ သရက် အစရှိသည့် သစ်ပင်ပန်းပင်များအား စိုက်ပျိုးထားရှိပါသည်။

**ထုတ်ကုန်သုံးစွဲသူများ လုံခြုံဘေးကင်းရေး**

သုံးစွဲသူများ၏ ဘေးကင်းလုံခြုံရေးအတွက် ထုတ်ကုန်များတွင် သက်ဆိုင်ရာ သတိပေးချက်အမှတ်အသားများထည့်သွင်းပေးခြင်း၊ ထုတ်ပိုးမှုစနစ်အား ဘေးအန္တရာယ်ကင်းဝေး စေမည့် (သို့မဟုတ်) အနည်းဆုံးဖြစ်စေမည့် ထုတ်ပိုးမှုစနစ်များသုံးစွဲ၍ ဖြန့်ဖြူးခြင်းတို့အား ဆောင်ရွက်သွားပါမည်။

**လူမှုစီးပွားဆိုင်ရာအကျိုးစီးပွားများ**

စီမံကိန်းဆောင်ရွက်ခြင်းကြောင့် စီမံကိန်းဒေသအတွင်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ် ပေးနိုင်ခြင်း၊ နိုင်ငံတော်မှဘဏ္ဍာငွေအခွန်အခများရရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘဏ္ဍာငွေ များထားရှိ ဆောင်ရွက်သဖြင့် ပတ်ဝန်းကျင်အခြေအနေအား ထိန်းသိမ်းထားနိုင်ခြင်း၊ CSR လုပ်ငန်း များ ဆောင်ရွက်သဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ တိုးတက်လာခြင်း စသည့် ကောင်းကျိုးများ ရရှိပါသည်။

## ၆.၈.၁ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများအား လျော့ပါးစေမည့် နည်းလမ်းများ

ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများကို လျှော့ချမည့်နည်းလမ်းများအား အောက်ဖော်ပြပါ ဇယားတွင် ရေးသားဖော်ပြထားပါသည်။

**ဇယား (၆.၂) လျော့ပါးစေမည့် နည်းလမ်းများ**

| သက်ရောက်မှုများ | လျော့နည်းသက်သာစေမည့် နည်းလမ်းများ |
|---|---|
| လေထုအရည်အသွေး | • Dust Collector Machine များတပ်ဆင်ခြင်း၊<br>• ယာဉ်များအသုံးပြုရာတွင် သတ်မှတ်ထားသောမိုင်နှုန်းအတိုင်း ဖြေးညှင်းစွာ မောင်းနှင်ခြင်း၊<br>• ယာဉ်သွားလာခြင်းကြောင့် ဖုန်မှုန့်များ ထွက်ရှိခြင်းကို သက်သာစေရန်အတွက် လမ်းများအား ရေဖြန်းခြင်း၊<br>• လုပ်ငန်းအတွင်း အသုံးပြုသော စက်ပစ္စည်းများနှင့် ယာဉ်များကို အမြဲစစ်ဆေး ပြုပြင်ခြင်း၊<br>• စက်ရုံခြံစည်းရိုးပတ်လည်တွင် အရိပ်ရပင်များ စိုက်ပျိုးခြင်း၊<br>• လေထုအရည်အသွေးသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတွင်းသာ ရှိရန် လိုက်နာဆောင်ရွက်ခြင်း၊ |
| ရေထုအရည်အသွေး | • ရေသုံးစွဲရာတွင် အလေအလွင့်မရှိစေရန် စနစ်တကျသုံးစွဲခြင်း နှင့် ရေအသုံးပြုမှုလျော့ချခြင်း၊<br>• ရေထုအရည်အသွေးသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်းသာ ရှိရန် လိုက်နာဆောင်ရွက်ခြင်း၊<br>• စွန့်ပစ်ရေများအား သန့်စင်ပြီးမှ စည်ပင်သာယာရေးကော်မတီ ရေမြောင်းထဲသို့စွန့်ပစ်ခြင်း။ |
| မြေထုအရည်အသွေး | • စက်ပစ္စည်းများပြုပြင်ထိန်းသိမ်းရာတွင် သတ်မှတ်ထားသော နေရာတွင်သာ ပြုလုပ်ခြင်း၊<br>• စက်သုံးဆီများယိုဖိတ်မှုကို စုပ်ယူနိုင်သည့် အခင်းများနှင့် အခြားပစ္စည်းများကို အသုံးပြုခြင်း၊<br>• စက်များပြုပြင်ရာတွင် အသုံးပြုသည့် ဆီစွန်းပေနေသော အဝတ်စများ၊ စက္ကူပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်း။ |

| သက်ရောက်မှုများ | လျှော့နည်းသက်သာစေမည့် နည်းလမ်းများ |
|---|---|
| ဆူညံသံ | • စက်ပစ္စည်းများ စစ်ဆေးခြင်း၊ သန့်စင်ခြင်းနှင့် ပြုပြင်ခြင်းများ ပြုလုပ်ပေးခြင်း၊<br>• စက်ပစ္စည်းများအနီးတွင် လုပ်ကိုင်ရသော လုပ်သားများအား နားခေါင်းစီးကဲ့သို့သော ကာကွယ်ရေးပစ္စည်းတပ်ဆင်စေခြင်း နှင့် အလှည့်ကျခိုင်းစေခြင်း၊<br>• ယာဉ်သွားလာခြင်းကို အချိန်သတ်မှတ်ချက်များပြုလုပ်၍ စနစ်တကျဝင်/ထွက်စေခြင်း၊<br>• မီးစက်များကဲ့သို့သော ဆူညံသံထွက်ရှိမှုမြင့်သည့် စက်ပစ္စည်းများအား Sound proof equipment များ တပ်ဆင်ခြင်း။ |
| စွန့်ပစ်ပစ္စည်း | • ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေမြောင်းထဲသို့ စွန့်ပစ်သည့် စွန့်ပစ်ရေအရည်အသွေးသည် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတွင်းသာရှိရန် လိုက်နာဆောင်ရွက်ခြင်း၊<br>• စွန့်ပစ်အစိုင်အခဲ အမှိုက်သရိုက်များကို မစွန့်ပစ်မီ စနစ်တကျ စုပုံထားခြင်း၊<br>• ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• ပြန်လည်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ သန့်စင်၍ ပြန်လည်အသုံးပြုခြင်း၊<br>• စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊<br>• စွန့်ပစ်အစိုင်အခဲများကို အမျိုးအစားအလိုက် ခွဲခြားခြင်း၊ စုပုံခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်း၊ |
| လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး | • စက်ပစ္စည်းများကြောင့် ထိခိုက်မှုများအဖြစ်ပေါ်စေရန် စက်များတွင် အကာကွယ်ပစ္စည်းများတပ်ဆင်ခြင်း၊<br>• လျှပ်စစ်စီးကူးနိုင်သော နေရာများတွင် လျှပ်ကာပစ္စည်းများ တပ်ဆင်ခြင်း၊<br>• အရေးပေါ်ဆေးသေတ္တာထားရှိခြင်း၊<br>ဆေးပစ္စည်းများစုံလင်မှုရှိမရှိ အမြဲစစ်ဆေးခြင်း၊ |

| သက်ရောက်မှုများ | လျော့နည်းသက်သာစေမည့် နည်းလမ်းများ |
|---|---|
| | • မီးသတ်ဆေးဘူးများ၊ မီးအချက်ပြစနစ်များ တပ်ဆင်ခြင်း၊<br>• ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်နည်း အစရှိသော သင်တန်းများပေးခြင်း။ |

## ၆.၉ ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လျော့ချရေးဆိုင်ရာကိစ္စများအတွက် လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း

လူသားတို့၏ ကျန်းမာရေးနှင့်ဂေဟစနစ် ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှုမဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ဆူညံသံနှင့်တုန်ခါမှု၊ အခိုးအငွေ့ ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် အခြေခံစည်းမျဉ်းအဖြစ် သတ်မှတ် ပြဌာန်းထုတ်ပြန်ထားသည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက်များ (၂၀၁၅)၏ ၂.၃.၇.၄ သတ္တု၊ ပလတ်စတစ်နှင့် ရာဘာထုတ်ကုန်လုပ်ငန်း (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေစွန့်ထုတ်မှု (Wastewater, Storm Water Runoff, Effluent and Sanitary Discharges (General Application))**

လုပ်ငန်းမှ ထွက်ရှိသည့် စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေ စွန့်ထုတ်မှု များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ လမ်းညွှန်ချက်တန်ဖိုးများအား လိုက်နာဆောင်ရွက်သွားပါမည်-

**စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေစွန့်ထုတ်မှု**

| Parameter | Unit | Guideline Value |
|---|---|---|
| ၅-day Biochemical oxygen demand | mg/l | ၅၀ |
| Chemical oxygen demand | mg/l | ၂၅၀ |
| Fluoride | mg/l | ၂၀ |
| Heavy metals (total) | mg/l | ၁၀ |
| pH | S.U.[a] | ၆-၉ |
| Temperature increase | °C | <၃[b] |

**ဆူညံသံ (Noise)**

စီမံကိန်းအနေဖြင့် လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း အောက်ဖော်ပြပါ ဆူညံမှုအဆင့်များအား ကျော်လွန်ခြင်းမရှိစေရန် ဆောင်ရွက်သွားပါမည်။

| Receptor | One Hour LAeq (dBA) | |
|---|---|---|
| | Daytime ၀၇:၀၀-၂၂:၀၀ (၁၀:၀၀-၂၂:၀၀ for Public holidays) | Nightime ၂၂:၀၀-၀၇:၀၀ (၂၂:၀၀ -၁၀:၀၀ for Public Holidays) |
| Residential, institutional, educational | ၅၅ | ၄၅ |
| Industrial, commercial | ၇၀ | ၇၀ |

**အနံ့ (Odor)**

စီမံကိန်းလုပ်ငန်းများသည် ထွက်ရှိသော စုစည်းနှင့် ပျံ့လွင့် (Point and Diffuse) အနံ့ကို ပတ်ဝန်းကျင်ရှိလူများ လက်မခံနိုင်သည့် ဆိုးရွားသောအနံ့များ မရှိထွက်စေရန် ထိန်းချုပ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး၊ စီမံကိန်းဧရိယာအနားရှိ နေရာများတွင် အနံ့ယူနစ်၏ ၅ မှ ၁၀ ကို ကျော်လွန်ခြင်းမရှိစေရန် ဆောင်ရွက်သွားပါမည်။

## ၇.၀ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

ဤအစီရင်ခံစာတွင် ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ လက်ရှိကျင့်သုံးလျက်ရှိသော ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်များနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများကို လျှော့ချရေးနှင့် စောင့်ကြပ် စစ်ဆေးခြင်း အစီအစဉ်များကို ထည့်သွင်းရေးဆွဲထားပါသည်။

## ၇.၁ ရည်ရွယ်ချက်

- ပတ်ဝန်းကျင်အပေါ် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ ရေးသားဖော်ထုတ်ရန်၊
- ရှာဖွေတွေ့ရှိချက်များအပေါ် သက်ရောက်မှုများအား လျှော့နည်းစေသည့် နည်းလမ်း များဖြင့် လုပ်ဆောင်ဖော်ထုတ်သွားရန်၊
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ပုံငွေ လျာထားချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

အဆိုပါစက်ရုံအတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး၊ ကာကွယ်တားဆီးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ စသည်တို့ ပါဝင်ပါသည်။

စက်ရုံပိုင်ရှင်အနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုပတ်ဝန်းကျင် အပေါ် ထိခိုက်မှုများအား လျှော့ပါးစေရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို လိုက်နာ ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်သက်ရောက်မှုများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် သက်ဆိုင်ရာဌာနသို့ အစီရင်ခံ တင်ပြသွားရန် တာဝန်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါ သည်။

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းအတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များ၊ နည်းလမ်းများနှင့် တာဝန်ယူလုပ်ဆောင်ချက်များ ကို ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာအား စနစ်တကျ လုပ်ဆောင်စေခြင်းဖြင့် သက်ရှိလူသားတို့နေထိုင်ရာ ပတ်ဝန်းကျင် အပေါ်သက်ရောက်နိုင်မည့် ဆိုးကျိုးဖြစ်စေသော အရာများအား လျှော့ချနိုင်မည် ဖြစ်ပါသည်။

## ၇.၂ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်

ဤအစီအစဉ်သည် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာသော လုပ်ငန်းပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဟုဆိုရာတွင် စက်ရုံဧရိယာအတွင်း လုပ်ကိုင်နေသော အလုပ်သမား၊ အလုပ်ရှင်၊ မိသားစုများ၊ ဝယ်သူများ အားလုံးနှင့် သက်ဆိုင်ပါသည်။ အလုပ်ရှင်သည် ၎င်း၏အလုပ်သမားများ လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အရာများကို ကြိုတင်ကာကွယ်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါသည်။

### ၇.၂.၁ ကျန်းမာရေးအစီအစဉ်

လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များသည် လုပ်ငန်းသဘောသဘာဝပေါ်မူတည်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ရောက်နိုင်ပါသည်။ ကျန်းမာရေးဆိုင်ရာ အန္တရာယ်ဖြစ်စေနိုင်သော အရာများအား အောက်ပါအတိုင်း အမျိုးအစား ခွဲခြားနိုင်ပါသည်-

- ဓာတုပစ္စည်း (အမှုန်များ၊ အငွေ့၊ အရည်)
- ဘတ်တီးရီးယားနှင့် မှိုရောဂါများ
- အလုပ်ချိန်၊ ဆူညံသံနှင့် အပူချိန်မြင့်တက်ခြင်းတို့ကြောင့် ခန္ဓာကိုယ်အပေါ် သက်ရောက်မှုများ

အဆိုပါစက်ရုံတွင် ပိုက်နှင့်ပိုက်စက်ပစ္စည်းများထုတ်လုပ်ရန်အတွက် ဓာတုပစ္စည်း (အမှုန်) အသုံးပြုခြင်း၊ ကော်စေ့များပြုလုပ်ခြင်း၊ ဘေးထွက်ပိုက်အစအနများအား ကြိတ်ခွဲ၍ ပြန်လည်အသုံးပြုခြင်းများမှ အမှုန်အမြောက်အများထွက်ရှိပါသည်။ သို့ဖြစ်၍ လုပ်သားများ၏ လုပ်ငန်းခွင် ကျန်းမာရေးအတွက် သန့်စင်သောလေကို ရှူရှိုက်နိုင်ရန်နှင့် လေဝင်လေထွက်ကောင်းစေရန် စီမံဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။ လုပ်ငန်းလည်ပတ်ရာမှ ထွက်ရှိသောအမှုန်များ ပတ်ဝန်းကျင်သို့ ပြန့်လွင့်မှု လျော့နည်းစေရန်အတွက် စက်ရုံဝန်းကျင်တွင် ပလပ်စတစ် မိုးကာများ၊ အစိမ်းစများဖြင့် ကာရံထားရှိပြီး စက်ရုံအတွင်း အမှုန်ပြန့်လွင့်မှု လျော့နည်းစေရန် Dust Collector Machine များ တပ်ဆင်ထားရှိပါသည်။ အဆိုပါစက်ရုံအနေဖြင့် (၁) နှစ်လျှင် (၂) ကြိမ် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းကို ပြုလုပ်ပေးလျက်ရှိပါ သည်။ ထို့အပြင် လုပ်ငန်းခွင်အတွင်း ကျန်းမာရေးအစီအစဉ်အတွက် သက်ဆိုင်ရာဝန်ထမ်းများအား (အထူးသဖြင့် အမှုန်များနှင့်ထိတွေ့မှုများသော လုပ်သားများ) နှာခေါင်းစီး အသုံးပြုစေခြင်း၊ ငှက်ပျောသီးကျွေးခြင်း၊ လက်အိတ်များဝတ်ဆင်စေခြင်းနှင့် လုပ်ငန်းတာဝန်ပြီးဆုံးချိန်တွင်

ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောစေခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။ စက်ရုံတွင်လည်း အရေးပေါ်ဆေးသေတ္တာ ထားရှိဆောင်ရွက်ထားပါသည်။




**ပုံ (၇.၁) အရေးပေါ်ဆေးသေတ္တာထားရှိပုံ**

ပိုက်ထုတ်လုပ်ရာတွင် လိုအပ်သောပုံစံရရှိရန်အတွက် အပူပေးပုံသွင်းခြင်းများ ပြုလုပ်ရပါသည်။ သို့ဖြစ်၍ စက်ရုံအတွင်းလုပ်သားများ၏ အပူချိန်ခံစားရမှု လျော့နည်းစေရန်နှင့် လေဝင်လေထွက် ကောင်းမွန်စေရန်အတွက် ပန်ကာများကိုလည်း လုံလောက်စွာ တပ်ဆင်ထားရှိပါသည်။ ထို့အပြင် စက်ရုံပတ်ဝန်းကျင်တွင် အမှုန်ပြန့်လွင့်မှုများ လျော့နည်းစေရန်နှင့် လေထုသန့်စင်ရန်အတွက် သစ်ပင်ပန်းမံများလည်း စိုက်ပျိုးထားရှိပါသည်။



**ပုံ (၇.၂) စက်ရုံတွင်း ပန်ကာများ တပ်ဆင်ထားရှိပုံ**

## ၇.၂.၂ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်

လုပ်ငန်းခွင်အတွင်း လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရေးတွက် ဖြစ်ပေါ်နိုင်သော အရေးပေါ်အခြေအနေများကို ထည့်သွင်းစဉ်းစား၍ ကယ်ဆယ်ရေးအစီအစဉ်များကို ရေးဆွဲထားရှိရန် လိုအပ်ပါသည်။ လုပ်ငန်းခွင်အမျိုးအစားအလိုက် သင့်တော်သော ကာကွယ်ရေးပစ္စည်းများ (Personal Protection Equipment) ဝတ်ဆင်စေခြင်း၊ သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲခြင်း၊ အရေးပေါ် အခြေအနေများအတွက် လေ့ကျင့်သင်တန်းပေးခြင်း၊ လျှပ်စစ်ပစ္စည်းများ၊ ပိုက်လိုင်းများအား ပုံမှန် စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်စီမံချက်ရေးဆွဲခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ခြင်းနှင့် ရှေးဦးသူနာ ပြုစုနည်း သင်တန်းများပေးခြင်းတို့အား လုပ်သားများ လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံရေး အတွက် စီမံဆောင်ရွက်ထားရှိရပါမည်။

အဆိုပါစက်ရုံတွင် လုပ်သားများ၏ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေး အတွက် လုပ်ငန်းအမျိုးအစားအလိုက် သင့်တော်သော လက်အိတ်များ၊ ဦးထုပ်များ၊ လုံခြုံရေး ဖိနပ် များ၊ နားကြပ်များ စသည့် ကာကွယ်ရေးပစ္စည်းများကို အသုံးပြုစေပါသည်။ အန္တရာယ်ရှိသော နေရာတွင် သတိပေးဆိုင်းပုတ်များ ကပ်ထားခြင်း၊ ကာကွယ်ထားခြင်းများကိုလည်း ဆောင်ရွက် ထားရှိပါသည်။ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများဖြစ်ပေါ်ပါက စက်ရုံရှိ ဆေးပေးခန်း တွင် အရေးပေါ်အသုံးပြုနိုင်သည့် ဆေးပစ္စည်းများထားရှိပေးပြီး ထိခိုက်မှုကြီးမားပါက လှိုင်သာယာ မြို့နယ်ရှိ အနီးဆုံးဆေးရုံသို့ ပို့ဆောင်ရန် စီစဉ်ထားရှိပါသည်။



ကုန်ကြမ်းပစ္စည်း



ရောစပ်ခြင်း



ပိုက်များ ထုတ်လုပ်ခြင်း

ပုံ (၇.၃) လုပ်ငန်းခွင်အတွင်း ကာကွယ်ရေးပစ္စည်း (PPE) ဝတ်ဆင်ထားပုံ







ပုံ (၇.၄) သတိပေးဆိုင်းဘုတ်များ

## ၇.၃ ဓာတုပစ္စည်းသုံးစွဲမှု ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်

အဆိုပါစက်ရုံတွင် ကုန်ထုတ်လုပ်ရန်အတွက် ဓာတု(ကုန်ကြမ်း)ပစ္စည်း(၁၀)မျိုးအား အသုံးပြုလျက်ရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ လုပ်သားများ ဓာတု (ကုန်ကြမ်း) ပစ္စည်းများ အား ကိုင်တွယ်အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဓာတုပစ္စည်း အမျိုးအစား အလိုက် သတိပေးသင်္ကေတများသတ်မှတ်ခြင်း၊ ဝတ်ဆင်ရမည့် ကာကွယ်ရေးပစ္စည်းများ ရွေးချယ် ခြင်းကို အောက်ဖော်ပြပါ ဇယားများအတိုင်း သတ်မှတ်ထားပါသည်။

**ဘေးအန္တရာယ်ရှိသောပစ္စည်းများအားအဆင့်အတန်းခွဲခြားခြင်းနှင့် GHS Pictogram များ သတ်မှတ်ခြင်း၊ PPE များ ရွေးချယ်ခြင်း**

| Item No | Chemical Name | Class | GHS Pictogram | PPE | Properties | Remark |
|---|---|---|---|---|---|---|
| 1 | Polyvinyl Chloride($C_2H_3CL$)$_n$ | Not Classified as dangerous |  |  | (1)Appearance:Powder (2)Colour:White (3)Odor:Odorless | |
| 2 | Calcium Carbonate($CaCO_3$) | Not Classified as dangerous |  |  | (1)Appearance:Powder (2)Colour:White (3)Odor:Odorless | |
| 3 | Chlorinated Polythylene(CPE) | Not Classified as dangerous | Not applicable |  | (1)Appearance:Powder (2)Colour:White (3)Odor:Odorless | |
| 4 | Acrylic Processing Aid(ACR) | Not Classified as dangerous | Not applicable Not applicable |  | (1)Appearance:Solid (2)Colour: Not available (3)Odor: Not available (4)Explosive properties: Not available (5)Oxidising properties: Not available | |
| 5 | Stablizer(Mixture) | Not Classified as dangerous |  |  | (1)Appearance:Powder (2)Odour:A peculiar smell (3)Meltng Point/Freezing Point:110c ± 10 | |
| 6 | Stearic Acid | Not Classified as dangerous | Not applicable |  | (1)Appearance:Powder (2)Colour:White (3)Odour:Rancid (4)Meltng Point:53-70c (5)Ignition Temperature:395c | |
| 7 | Titanium Dioxide ($TiO_2$) | Not Classified as dangerous | Not applicable |  | (1)Physical :Solid (2)Appearance:Powder (3)Odor:None (4)Colour;White (5)Odor threshold:Not Applicable | |
| 8 | Blue | Not Classified as dangerous | Not applicable |  | (1)Form:Powder (2)Color:Blue (3)Odor:Odorless | |
| 9 | Di-Octly phthalate $C_6H_4(COOC_8H_{17})_2$ | Not Classified as dangerous | Not applicable |  | Almost ordorless Colourless to pale yellow Oily liquit | |

| | | | | | | |
|---|---|---|---|---|---|---|
| 10 | Polyethylene Wax | Not Classified as dangerous | Not applicable |  | (1)Form:Pastille<br>(2)Colour:Pale White<br>(3)Odour:Odourless | |
| | | | | | | |

ထို့အပြင် ဓာတုပစ္စည်းကိုင်တွယ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကြီးကြပ်မည့် တာဝန်ခံတစ်ဦးခန့်အပ်ထားပြီး ယင်းတာဝန်ခံမှာ Hazardous Chemical Management သင်တန်းတက်ရောက်ပြီး လက်မှတ် (နောက်ဆက်တွဲဖြင့်ဖော်ပြထားရှိပါသည်) ရရှိထားသူဖြစ်ပါသည်။ ဓာတု (ကုန်ကြမ်း) ပစ္စည်း သိုလှောင်ထားသည့်နေရာတွင်လည်း အမျိုးအစားအလိုက် အန္တရာယ်ရှိကြောင်း အမှတ်အသားနှင့်ဖော်ပြချက်၊ ကြိုတင်သတိထားရမည့် ဖော်ပြချက်နှင့် ပေးသွင်းသူ၏ အချက်အလက် ဖော်ပြချက်များ ပါဝင်သော သတိပေးချက်များ ပြုလုပ်ထားသည်ကို နောက်ဆက်တွဲတွင် ဖော်ပြအပ်ပါသည်။

## ၇.၄ အရေးပေါ်တုန့်ပြန်မှုအစီအစဉ်များ

ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အရေးပေါ်တုန့်ပြန်မှု အစီအစဉ်များသည်လည်း အဓိကကျသော လုပ်ဆောင်ရမည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ အရေးပေါ်ကိစ္စရပ်များဆိုရာတွင် မီးဘေးအန္တရာယ်၊ ငလျင်နှင့် သဘာဝဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစား၍ အရေးပေါ်တုန့်ပြန်မှုအစီအစဉ်များကို အောက်ပါအတိုင်းရေးဆွဲထားပါသည်။

**<u>သဘာဝဘေးအန္တရာယ်များအပေါ် အရေးပေါ်တုန့်ပြန်မှုအစီအစဉ်</u>**

- စက်ရုံတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် တာဝန်ခံတစ်ဦး ခန့်အပ်ခြင်း၊
- အရေးပေါ်အခြေအနေများအနေဖြင့်ကြုံတွေ့နိုင်သော ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ပါက အရေးပေါ်တုန့်ပြန်မည့် လုပ်ငန်းစဉ်များပြင်ဆင်ခြင်း၊
- စက်ရုံဧရိယာတွင် အရေးပေါ်ထွက်ပေါက်များ၊ လမ်းကြောင်းများပြမြေပုံများအား လုပ်သားများ အားလုံးသိရှိနိုင်သည့်နေရာတွင် ချိတ်ဆွဲထားရှိခြင်း၊
- လုပ်သားအရေအတွက်ပေါ်မူတည်၍ အရေးပေါ်စုရပ် သတ်မှတ်ထားရှိခြင်း၊
- အရေးပေါ်အခြေအနေများအတွက် ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခြင်း။

**<u>မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်</u>**

- စက်ရုံလုပ်သားများအား မြို့နယ်မီးသတ်တပ်ဖွဲ့မှ လေ့ကျင့်သင်တန်းပေးခြင်း၊
- စက်ရုံတွင်း အရေးပေါ်မီးငြိမ်းသတ်မည့်အဖွဲ့ ဖွဲ့စည်းခြင်း၊
- မီးချိပ်၊ မီးကပ်၊ သဲ နှင့် မီးသတ်ဆေးဘူးများ အသုံးပြုပုံကို လက်တွေ့သင်ကြားပို့ချခြင်း၊

- ဓာတ်ပြု၍မီးထတောက်နိုင်သောနေရာများတွင် မီးခြစ်သုံးပြုခြင်းကို တားမြစ်ခြင်းနှင့် တွေ့ရှိပါက ထိရောက်စွာအရေးယူခြင်း၊
- ဆေးလိပ်မီးများ(သို့)မီးစများကိုစွန့်ပစ်ပါက သတ်မှတ်ထားသောနေရာတွင် စနစ်တကျ စွန့်ပစ်ခြင်း၊
- မီးသတိပေးဆိုင်းဘုတ်များနှင့် အရေးပေါ်ထွက်ပေါက်နေရာပြပုံများ၊ စုဝေးရပ်သင်္ကေတများ ကို မြင်သာသည့်နေရာများတွင် ချိတ်ဆွဲခြင်း၊ ကပ်ထားခြင်း၊
- မီးသတ်ဆေးဘူးများအား တလတစ်ကြိမ် စစ်ဆေး၍ အစီရင်ခံခြင်း၊ စစ်ဆေးထား သည့် check list ကို အများနားလည်နိုင်ရန် မြန်မာဘာသာဖြင့်ရေးသားခြင်း၊ ဝါယာရှော့ မဖြစ်ပေါ်စေရန် လျှပ်စစ်ပစ္စည်းများသုံးရာတွင် ဝါယာကြိုးများ စနစ်တကျသွယ်တန်းခြင်း၊ သွယ်တန်းထားခြင်းရှိ/မရှိကို HSE တာဝန်ခံမှ နေ့စဉ်စစ်ဆေးခြင်း၊
- လျှပ်စစ်ဓာတ်အားဖြတ်တောက်ရန် မိန်းခလုတ်ထားရှိသည့် နေရာအနီးဝန်းကျင်တွင် အလွယ်တကူသွားလာနိုင်ရန် ရှင်းလင်းထားခြင်း၊
- စက်သုံးဆီ သိုလှောင်ထားသော နေရာများနှင့် လျှပ်စစ်အန္တရာယ်ရှိနိုင်သော နေရာအနီးတွင် မီးသတ်ဆေးဘူးများထားရှိခြင်း၊
- အလုပ်ဆင်းချိန်တွင် မီးခလုတ်များပိတ်ရန်နှင့် သေချာစွာစစ်ဆေးထားရှိခြင်း၊
- ဓာတ်တိုက်လေ့ကျင့်ခြင်းကို နှစ်စဉ်ပြုလုပ်ခြင်း၊
- မီးအန္တရာယ်ဖြစ်ပွါးပါက ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို အများမြင်သာသည့်နေရာတွင် ဖေါ်ပြထားပေးခြင်း၊
- မီးငြိမ်းသတ်ရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ခြင်း၊
- မီးချိပ်၊ မီးကတ်၊ သဲနှင့် ရေပုံးများ ကို အလွယ်တကူယူနိုင်သည့်နေရာတွင်ထားရှိခြင်း။

အဆိုပါစက်ရုံတွင် မီးဘေးအန္တရာယ်ဖြစ်ပွားပါက အချက်ပေးစနစ်ကို အလုပ်ဌာနအလိုက် တပ်ဆင်ထားပြီး Fire Fighting Point များ သတ်မှတ်ထားရှိပါသည်။ အရေးပေါ်အခြေအနေများ ဖြစ်ပွားပါက ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကိုလည်း လုပ်သားများ အလွယ်တကူမြင်နိုင်သော နေရာတွင် ချိတ်ဆွဲထားရှိပါသည်။




**ပုံ (၇.၅) စက်ရုံအတွင်း မီးသတ်ဆေးဘူးနှင့် အချက်ပေးစနစ်များ ထားရှိပုံ**

## ၇.၅ လေ့ကျင့်သင်တန်းပေးခြင်း အစီအစဉ်

အဆိုပါစက်ရုံတွင် ထုတ်ကုန်အရည်အသွေးနှင့် လုပ်သားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်နိုင်ရန် အတွက် လေ့ကျင့်သင်တန်းပေးခြင်းအစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပိုက်နှင့်ပိုက် ဆက်ပစ္စည်းများထုတ်လုပ်ရာ ကုန်ကြမ်းပစ္စည်းများတွင် ဓာတုပစ္စည်းများ ပါဝင်သည့်အတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် (ကုန်ကြမ်း) ဓာတုပစ္စည်းများ ထားသိုခြင်း၊ သယ်ယူခြင်း၊ အသုံးပြုခြင်းဆိုင်ရာ သင်တန်းများ၊ ရှေးဦးသူနာပြုသင်တန်းနှင့် မီးသတ်သင်တန်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ နှစ်စဉ် သင်တန်းပေးလျက်ရှိပါသည်။



**ပုံ (၇.၆) စက်ရုံမှ သင်တန်းပေးခြင်း မှတ်တမ်းဓာတ်ပုံများ**

## ၇.၆ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

### ၇.၆.၁ စွန့်ပစ်အစိုင်အခဲ

အဆိုပါစက်ရုံသည် ပိုက်နှင့်ပိုက်ဆက်ပစ္စည်းထုတ်လုပ်သည့်အတွက် စွန့်ပစ်အစိုင်အခဲအနေဖြင့် ပိုက်အစအနများ၊ မီးကျွမ်းပိုက်များ၊ အရည်အသွေးမပြည့်မီသောပိုက်များ အဓိကထွက်ရှိပါသည်။ သို့ရာတွင် မီးကျွမ်းပိုက်များနှင့် အရည်အသွေးမပြည့်မီသော ပိုက်များကို အခြားမှဝယ်ယူသည်များ ရှိပါသဖြင့် ပြန်လည်ရောင်းချလျက်ရှိပြီး ပိုက်အစအနများကိုလည်း ကြိတ်ခွဲ၍ ပြန်လည်အသုံးပြုသဖြင့် ကုန်ထုတ်လုပ်ခြင်းမှထွက်ရှိသော စွန့်ပစ်အစိုင်အခဲပမာဏမှာ အလွန်နည်းပါးပါသည်။ ထုတ်ပိုးထားသော ကုန်ကြမ်းပစ္စည်းများမှ ထွက်ရှိသော ပီနံအိတ်ခွံများကိုလည်း ပိုက်အစအနများ ထည့်ရန်အတွက် ပြန်လည်အသုံးပြုသဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု အလွန်နည်းပါးပါသည်။ အဆိုပါ စက်ရုံတွင် လုပ်သားများအား အဆောင်ထားရှိသည့်အတွက် ယင်းမှထွက်ရှိသော ကြွပ်ကြွပ်အိတ် အမှိုက်များ၊ အခြားအသုံးအဆောင် စွန့်ပစ်ပစ္စည်းများရှိပြီး ထမင်းစားဆောင်မှထွက်ရှိသော အစာအကြွင်းအကျန်များ ထွက်ရှိပါသည်။ စက်ရုံရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ရုံးခန်းမှအသုံးပြုသော စာရေးကိရိယာစွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များထွက်ရှိပါသည်။ ထမင်းစားဆောင်မှ ထွက်ရှိသော အစာအကြွင်းအကျန်များအား ဝက်အစာအဖြစ် အနီးရှိရွာများမှ လာယူလေ့ရှိပြီး အခြားထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို ၁ လလျှင် ၈ ကြိမ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ

သတ်မှတ်ထားသောနေရာတွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ သွားရောက်စွန့်ပစ်ပါသည်။ ၁ ကြိမ်စွန့်ပစ်သည့် စွန့်ပစ်အစိုင်အခဲပမာဏမှာ ၄ တန် မှ ၅ တန် ခန့် ထွက်ရှိပါသည်။



ပုံ (၇.၇) ပြန်လည်အသုံးမည့် စွန့်ပစ်ပစ္စည်းများ စုပုံထားရှိပုံ

## ၇.၆.၂ စွန့်ပစ်အရည်နှင့် မိလ္လာစနစ်

အဆိုပါစက်ရုံတွင် လုပ်ငန်းလည်ပတ်ရန်အတွက် လိုအပ်သည့်ရေကို စက်ရုံအတွင်းရှိ အဝီစိတွင်းမှ ရေလှောင်ကန်အတွင်းသို့မောင်းတင်ပြီး ပိုက်ထုတ်လုပ်ရေးစက်များတွင် စက်လိုင်းယူနစ်များသို့ အအေးပေးရန်နှင့် သောက်ရေ၊ သုံးရေများအတွက် သုံးစွဲလျက်ရှိပါသည်။ ပိုက်များ အားအအေးခံရန်အတွက် ရေဂါလံ ၃,၀၀၀ အားသိုလှောင်၍ လည်ပတ်သုံးစွဲလျက်ရှိပြီး အဆိုပါသိုလှောင်ထားသော ရေဂါလံ ၃၀,၀၀ အား ၁ လလျှင် ၁ကြိမ် လဲလှယ်ပါသည်။ အဆိုပါစက်ရုံတွင် စွန့်ပစ်အရည်အနေဖြင့် ပိုက်များ အအေးခံရန်အတွက်အသုံးပြုသော ရေနှင့် လူနေအဆောင်၊ ထမင်းစားဆောင်၊ ရုံးခန်းနှင့် သန့်စင်ခန်းများမှ ထွက်ရှိသောစွန့်ပစ်အရည်များ ထွက်ရှိပါသည်။ သို့ရာတွင် (ကုန်ကြမ်း) ဓာတုပစ္စည်းအမှုန်များ ရေမြောင်း များအတွင်းသို့ ကျရောက်၍ ထိုမှတဆင့် စက်ရုံအပြင်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေမြောင်းထဲသို့ စီးဝင်ပါသည်။ သို့ဖြစ်၍ စက်ရုံအတွင်းရှိ ရေမြောင်းများမှ စီးထွက်လာသော စွန့်ပစ်အရည်များအား စက်ရုံအပြင်သို့တိုက်ရိုက် မစီးဆင်းစေဘဲ အနည်ထိုင်ကန်ပြုလုပ်၍ အနည်ထိုင်စေပြီးမှသာ စွန့်ပစ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အနည်ထိုင် ကန်အတွင်းရှိအနည်များအား ၂ ပတ်လျှင် ၁ ကြိမ် သန့်ရှင်းရေး ပြုလုပ်သွားမည် ဖြစ်ပါသည်။ အဆိုပါ စက်ရုံတွင် ကျန်းမာရေးနှင့်ညီညွတ်စေသည့် ရေလောင်း အိမ်သာများကိုသာ သုံးစွဲပြီး သန့်ရှင်းမှုရှိစေရေးနှင့် မိလ္လာပိုက်လိုင်းများ ယိုယွင်းမှုရှိမရှိကိုလည်း အမြဲစစ်ဆေးမှုများ ပြုလုပ်ပါသည်။


## ၇.၇ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မည့်အဖွဲ့ နှင့် တာဝန်ဝတ္တရားများ

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်စေရန်အတွက် အောက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့ (Environmental Management Team-EMT) အား ဖွဲ့စည်းဆောင်ရွက်သွားပါမည်-

| စဉ် | ရာထူး | တာဝန် | ဆောင်ရွက်ရန် |
|---|---|---|---|
| (၁) | စက်ရုံတာဝန်ခံ | အဖွဲ့ခေါင်းဆောင် | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် နှင့်အညီ ဆောင်ရွက်စေရေးကြီးကြပ်ခြင်း |
| (၂) | မန်နေဂျာ | ဒု-အဖွဲ့ခေါင်းဆောင် | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေများအား စောင့်ကြပ်ကြည့်ရှုခြင်း နှင့် လစဉ်ဆန်းစစ်တင်ပြခြင်း |
| (၃) | QMS Team Leader | အဖွဲ့ဝင် | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေများအား စောင့်ကြပ်ကြည့်ရှုခြင်း နှင့် လစဉ်ဆန်းစစ်တင်ပြခြင်း |
| (၄) | စာရင်းကိုင် | ဘဏ္ဍာရေးမှူး | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရန်အတွက် ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များ တင်ပြခြင်း |

ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့၏ ဖွဲ့စည်းပုံ အတိအကျအား အောက်ဖော်ပြပါပုံ၌ ထည့်သွင်းဖော်ပြထားပါသည်။

**ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့ (EMT) ဖွဲ့စည်းပုံ (Organization Structure)**




ပုံ (၇.၈) ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့ (EMT) ဖွဲ့စည်းပုံ Organization Structure

အထက်ပါ စက်ရုံတာဝန်ခံ၏ ကြီးကြပ်မှုအောက်တွင် မန်နေဂျာ နှင့် QMS Team Leader တို့က စက်ရုံရှိဝန်ထမ်းအားလုံးတို့အား မိမိတို့ တာဝန်ရှိသည့်လုပ်ငန်းရပ်များအလိုက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်နှင့်အညီ ဆောင်ရွက်စေရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်စေရေး တို့အတွက် ကြီးကြပ်ဆောင်ရွက်သွား၍ လိုက်နာဆောင်ရွက်မှုအခြေအနေများအား စက်ရုံတာဝန်ခံ သို့ ပြန်လည်တင်ပြခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင် အထည်ဖော်ရန်လိုအပ်မည့် ဘဏ္ဍာငွေဆိုင်ရာကိစ္စရပ်များအား စာရင်းကိုင်နှင့် ညှိနှိုင်း၍ စက်ရုံတာဝန်ခံသို့ ပြန်လည်တင်ပြ တောင်းခံခြင်းတို့အား ဆောင်ရွက်သွားပါမည်။

## ၇.၈ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု စောင့်ကြပ် ကြည့်ရှုခြင်း

စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အား စီမံကိန်းလည်ပတ်သည့်ကာလ နှင့် စီမံကိန်းဖျက်သိမ်းသည့်ကာလများ၌ ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ထားရှိမည့် ဦးတည်ချက်၊ ဆောင်ရွက်မည့် အစီအစဉ်၊ စောင့်ကြည့်ထိန်းချုပ်မှု နှင့် ၎င်းတို့ဆောင်ရွက်ရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေလျာထားချက် တို့အား အောက်ဖော်ပြပါဇယားနှင့်အညီ ဆောင်ရွက်သွားပါမည်။ နှစ်စဉ်ဘဏ္ဍာငွေလျာထားချက် ထက် ကျော်လွန်၍ သုံးစွဲရန် လိုအပ်ပါကလည်း သုံးစွဲနိုင်ရန် စီမံကိန်းပိုင်ရှင်၏ ခွင့်ပြုချက်ရယူ၍ စက်ရုံမှူးက တာဝန်ခံပြီး သုံးစွဲစေပါမည်။

ဇယား (၇.၁) ကဏ္ဍအလိုက်ဆောင်ရွက်သွားမည့်အစီအစဉ် ပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း၊ စောင့်ကြပ်ထိန်းချုပ်ခြင်းနှင့် ဘဏ္ဍာငွေလျာထားချက်

| ကဏ္ဍ | ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်ချက် | ပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်ချက် | ပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း နှင့် စောင့်ကြပ်ထိန်းချုပ်ခြင်း | တိုင်းတာဆောင်ရွက်မည့် အခြေအနေ | ပတ်ဝန်းကျင်ဆိုင်ရာနှစ်စဉ် ဘဏ္ဍာငွေ လျာထားချက်(သိန်း) | ဆောင်ရွက်မည့်သူ | ဆောင်ရွက် ရသည့် ရည်ရွယ်ချက် |
|---|---|---|---|---|---|---|---|
| **စီမံကိန်း လည်ပတ်သည့် ကာလ** | | | | | | | |
| မြေအသုံးချမှု | မြန်မာနိုင်ငံမှ ထုတ်ပြန်ထားသည့် ဥပဒေများ | ဒေသခံများနှင့် ထိပ်တိုက်တွေ့မှုများအား ရှောင်ရှားရန် ဥပဒေနှင့် အညီလိုက်နာဆောင်ရွက်ရန် | ဒေသခံများနှင့် ပုံမှန် တွေ့ဆုံဆွေးနွေးခြင်း | လေးလ တစ်ကြိမ် | CSR ၂% | စီမံကိန်းပိုင်ရှင် | ဒေသခံများနှင့် ထိပ်တိုက်တွေ့မှု အငြင်းပွားမှုများအား ရှောင်ရှားရန် စီမံကိန်းဆောင်ရွက်မှုအား ပွင့်လင်းမြင်သာမှု ရှိ၍ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် |
| | | | CSR ကိစ္စရပ်များအား အကောင်အထည်ဖော်ခြင်း ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခြင်း | | | | |
| | | | ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| | | | ဒေသခံများ၏ လူနေမှုဘဝမြှင့်တင် ပေးခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | | | | |
| လေထုအရည်အသွေး | အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ညစ်ညမ်းမှု မရှိစေရန် | အရည်အသွေးမြင့် စက်ပစ္စည်းများ သုံးစွဲခြင်း | လစဉ် | ၂၀ | EMT | စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကြောင့် လေထုအတွင်း ဓါတ်ငွေ့များ၊ အမှုန်အမွှား များ ထုတ်လွှတ်မှုမရှိစေရန်၊ အနည်းဆုံးဖြစ်စေရန်တို့အတွက် လိုအပ်မည့်အစီအမံများ ချမှတ် ဆောင်ရွက်နိုင်ရန် |
| | | | အရည်အသွေးမြင့် ဆာလ်ဖာ/ခဲ ပါဝင်မှု နည်းပါးသည့် လောင်စာဆီများ သုံးစွဲခြင်း | | | | |
| | | | ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း | | | | |
| | | | သုံးစွဲမှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ခြင်း | | | | |
| | | | လေအရည်အသွေးတိုင်းတာခြင်း ($SO_2$, $NO_2$, $PM_{10}$, $PM_{2.5}$ တို့အား ကိုသြဒိနိတ် (၁၆°၅၇'၆.၅၁"N, ၉၆° ၅'၃၈.၄၁"E) ၌ Haz-Scanner သို့မဟုတ် အဆိုပါ Parameter များအား တိုင်းတာနိုင်သည့် လေအရည်အသွေးတိုင်းတာစက်ဖြင့် တိုင်းတာ၍ EQEG နှင့် နှိုင်းယှဉ်တင်ပြခြင်း) | (၁) နှစ် (၂) ကြိမ် | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| အသံဆူညံမှု နှင့် တုန်ခါမှု | အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | အသံဆူညံမှု မရှိစေရန် | အသံလုံ မီးစက်များအသုံးပြုခြင်း နှင့် ပုံမှန်စစ်ဆေးပြုပြင်ခြင်း | လစဉ် | ၁၅ | EMT | ဆူညံမှုနှင့်တုန်ခါမှုတို့၏ သက်ရောက်မှုများ အနည်းဆုံးဖြစ်စေရန် အတွက် လိုအပ်မည့် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် |
| | | | အသုံးပြုမှုအနည်းဆုံး ဖြစ်စေရန် ကြိုးကြပ်ဆောင်ရွက်ခြင်း | | | | |
| | | | ဆူညံသံအား မီးစက်နှင့် ၅ မီတာ၊ ၁၀ မီတာ အကွာအဝေးတို့မှ တိုင်းတာ၍ ဆူညံမှုမရှိစေရန် ဆောင်ရွက်ခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရေထု | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သောက်သုံးရေဆိုင်ရာ စံချိန်စံညွှန်းအမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ညစ်ညမ်းမှု မရှိစေရန် | ရေတွင်း နှင့် ရေသိုလှောင်သည့် ကန်များအား စောင့်ကြည့်စစ်ဆေးခြင်း | နှစ်စဉ် | ၂၀ | EMT | ရေထုအတွင်း ညစ်ညမ်းသည့် စွန့်ပစ်ရေ များ စီးဆင်းဝင်ရောက်၍ ရေထုညစ်ညမ်းခြင်းမရှိစေရန်နှင့် အနည်းဆုံး ဖြစ်စေရန်တို့အတွက် လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် |
| | | | သောက်သုံးရေအတွက် ရေသန့်စင်စနစ်တပ်ဆင်ခြင်း | | | | |
| | | | စွန့်ပစ်ရေအရည်အသွေး စောင့်ကြည့်ထိန်းချုပ်ခြင်း (နောက်ဆုံးစွန့်ပစ်သည့် ကိုဩဒိနိတ် (၁၆°၅၇'၅.၅၁"N, ၉၆° ၅'၄၂.၄၉"E) မှ စွန့်ပစ်ရေနမူနာ ရယူ၍ pH, Total suspended Solids, COD, BOD, တို့အား ရယူတိုင်းတာပြီး EQEG နှင့် နှိုင်းယှဉ်တင်ပြခြင်း) | (၁) နှစ် (၂) ကြိမ် | | | |
| | | | မိလ္လာရေများအား စည်ပင်နှင့်ဆက်သွယ်စွန့်ပစ်ခြင်း | | | | |
| | | | ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း (EQEG ပါ သတ်မှတ်ချက်များနှင့်အညီ) | နှစ်စဉ် | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | | | | |
| မြေထု | မြေထုညစ်ညမ်းမှု နှင့် တိုက်စားမှု | မြေညစ်ညမ်းမှု / တိုက်စားမှု မရှိစေရန် ရေစီးရေလာ ကောင်းမွန်ရန် | မြေတိုက်စားမှုမှကာကွယ်ရန် သစ်ပင်ပန်းမာန်စိုက်ပျိုးခြင်း၊ | လစဉ် | ၁၅ | EMT | မြေပေါ်မြေအောက် မြေထု အတွင်း ညစ် ညမ်းသည့် အရာများ စိမ့်ဝင် သက်ရောက်၍ ညစ်ညမ်းခြင်းမရှိစေရန်နှင့် အနည်းဆုံး ဖြစ်စေ ရန် မြေတိုက်စားခြင်း မရှိစေရန်တို့အတွက် လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် |
| | | | ရေမြောင်းစနစ်အားစစ်ဆေးခြင်း | | | | |
| | | | စွန့်ပစ်အရည်များ မြေထုအတွင်း စွန့်ပစ်ခြင်း မရှိစေရန် စစ်ဆေးခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| ဓာတုပစ္စည်း သုံးစွဲမှုနှင့် စွန့်ပစ်မှု | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ (၂၀၁၃) | အပြည့်အဝ လိုက်နာစေရန် | ဓာတုပစ္စည်းသိုလှောင်ခြင်း၊ ကိုင်တွယ် အသုံးပြုခြင်း နှင့် စွန့်ပစ်ခြင်း နည်းစနစ်များအား သက်ဆိုင်ရာ ဝန်ထမ်းများ သိရှိစေရန် သင်တန်းပေးခြင်း၊ | ၃ လ တစ်ခါ | ၁၅ | EMT | ဓာတုပစ္စည်းအမျိုးမျိုးအား စီမံခန့်ခွဲနိုင်ရေး အတွက်အမျိုးအစား သတ်မှတ်ခြင်း၊ လျှော့ချ သုံးစွဲခြင်း၊ ပြန်လည်သုံး စွဲခြင်း၊ ပြုပြင်သုံးစွဲခြင်း စနစ်တကျစွန့်ပစ်ခြင်း အလေ့အကျင့်များ တိုး တက်ဆောင်ရွက်နိုင်ရန် |
| | | | လိုအပ်မည့် ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ပေးခြင်း (လက်အိတ်၊ ရေဆေးစင် စသည်) | | | | |
| | | | အသိအမှတ်ပြု ဓာတုပစ္စည်းများသာ သုံးစွဲခြင်း၊ လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်း မရှိစေရန် ထိန်းချုပ်ခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| စွန့်ပစ်ပစ္စည်း | မြန်မာနိုင်ငံ၏ ဥပဒေများ (ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာ | ညစ်ညမ်းမှု မရှိစေရန် | စွန့်ပစ်ပစ္စည်းသိမ်းဆည်းခြင်းနှင့် စွန့်ပစ်ခြင်းများအား စစ်ဆေးခြင်း | လစဉ် | ၁၀ | EMT | စီမံကိန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသည့် စွန့် ပစ်ပစ္စည်းအမျိုးမျိုးအား |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အရည်အသွေး(ထုတ်လွှတ်မှု လမ်းညွှန်ချက်များ) | | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် လိုက်နာ ကျင့်သုံးစေရန် ပညာပေးခြင်း | | | | စီမံခန့်ခွဲနိုင်ရေး အတွက် လျှော့ချသုံးစွဲ ခြင်း၊ ပြန် လည် သုံးစွဲ ခြင်း ပြုပြင် သုံးစွဲခြင်း အလေ့အကျင့် များ တိုးတက်ဆောင် ရွက်နိုင်ရန်နှင့် စွန့်ပစ် ပစ္စည်း အမျိုးအစား အလိုက် စီမံခန့်ခွဲနိုင်ရန် |
| | | | စွန့်ပစ်ပစ္စည်းသိမ်းဆည်းရန် နှင့် သယ်ဆောင်စွန့်ပစ်ရန် လိုအပ်သည့် ကိရိယာများ ပံ့ပိုးပေးခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| လုပ်ငန်းခွင် ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းမှု | လူမှုဖူလုံရေး ဥပဒေ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ | အပြည့်အဝ လိုက်နာစေရန် | ဆေးပစ္စည်းများ ပံ့ပိုးပေးထားခြင်း အရေးပေါ်သယ်ယူပို့ဆောင်နိုင်ရန် မော်တော်ယာဉ် စီမံထားရှိခြင်း | လစဉ် | ၂၀ | EMT | လုပ်ငန်းခွင်အတွင်း ပူး ပေါင်းဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းများ အောင်မြင် တိုးတက် စေရန်၊ လုပ်ငန်းခွင်တွင် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များကို လျော့ချနိုင်ရန်၊ အသိ ပညာပေးခြင်းဖြင့် လုပ် ငန်းခွင်အတွင်း ဘေး အန္တရာယ် ကင်းရှင်းစေ ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးကို ရေရှည်တည်တံ့စေရန်၊ |
| | | | လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် သတ်မှတ်ချက်များချမှတ်ခြင်း | | | | |
| | | | လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်း | ၆ လ တစ်ခါ | | | |
| | | | လုပ်ငန်းခွင် ဘေးအန္တရာယ် ကျင်းရှင်းရေး သင်တန်းများ ပို့ချခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| | | | EMT မှ ဦးဆောင်၍ internal audit ထားကာ လိုအပ်သည်များကို အပတ်စဉ်/လစဉ် စောင့်ကြပ်ကြည့်ရှုပြီး စာရင်းပြုလုပ်၍ တွေ့ရှိချက်များအား တင်ပြခြင်း | | | | |
| လူမှုဖူလုံရေး | လူမှုဖူလုံရေး ဥပဒေ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ | ကောင်းမွန်သည့် လုပ်ငန်းခွင် ဖြစ်စေရန် | လုပ်ငန်းခွင်အခွင့်အလမ်းများ၊ အချိန်ပိုကြေးများ၊ လူမှုဖူလုံရေးသတ်မှတ် ချက်များ၊ ထမင်းစားဆောင်၊ ရေသန့် နှင့် အန္တရာယ်ရှိလုပ်ငန်း ဆောင်ရွက်သူများအတွက် အာမခံထားခြင်းများ ဆောင်ရွက်ခြင်း | လစဉ် | ၂၀ | EMT | ဝန်ထမ်းအခွင့်အရေးများ ပိုမိုရရှိစေရန် ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင် ဖြစ်စေရန် |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| မြင်ကွင်း ဆိုင်ရာ | ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဥပဒေ၊ဆောက်လုပ် ရေးလမ်းညွှန်၊ အင်ဂျင် နီယာကောင်စီဥပဒေ | ညစ်ညမ်းမှု မဖြစ်စေရန် | စိမ်းလန်းစိုပြည်စေရေး မြေယာရှုခင်းများ ထည့်သွင်းတည်ထောင်ခြင်း | လစဉ် | ၁၀ | EMT | လုပ်ငန်းပတ်ဝန်းကျင် ပိုမိုကောင်းမွန်စေရန် လုပ်ငန်းမြင်ကွင်းအား ပိုမိုစွဲဆောင်မှု ရှိလာနိုင်စေရန် |
| | | | အဆောက်အဦအမြင်တင့်တယ်စေရေး ပုံမှန်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| မီးလောင်ကျွမ်းမှု နှင့် သဘာဝဘေး အန္တရာယ်ကျရောက်မှု | မြန်မာနိုင်ငံ ဥပဒေများ (မီးသတ်ဥပဒေ၊ ပတ်ဝန်းကျင် ဥပဒေ၊ သဘာဝ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ | အပြည့်အဝ လိုက်နာစေရန် | မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း ပုံမှန် ဇာတ်တိုက်လေ့ကျင့်ခြင်း | လစဉ် | ၁၅ | EMT | စီမံကိန်း၊နှင့်၎င်းအနီး ပတ်ဝန်းကျင်၏အသက် အိုးအိမ်စည်းစိမ်များ မီး ဘေးကြောင့် ပျက်စီး ဆုံးရှုံးမှုမရှိစေရန် နှင့် |
| | | | မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်များ ပုံမှန်စစ်ဆေးခြင်း | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | မီးသတ်ဌာနနှင့်ပူးပေါင်း၍ မီးဘေးလုံခြုံရေးသင်တန်းပေးခြင်း | ၆ လ တစ်ခါ | | | လျော့နည်းသက်သာ စေ ရန် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုများမှ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ် များ၊ လူသားများကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကြောင့် အသက်အိုးအိမ် စည်း စိမ်များ ပျက်စီး ဆုံးရှုံးမှု မရှိစေရန် နှင့် လျော့ နည်းသက်သာစေရန် |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| ဆီဖိတ်စဉ်ခြင်းနှင့် ၎င်းကြောင့် မြေထု ညစ်ညမ်းမှု | ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဥပဒေ၊ နည်းဥပဒေ | ညစ်ညမ်းမှု မရှိစေရန် | ဆီယိုဖိတ်မှုတားဆီးရန် နှင့် စုစည်းရန် မြောင်းများ ထည့်သွင်းတည်ဆောက်ခြင်း | လစဉ် | ၁၀ | EMT | မြေပေါ်မြေအောက် မြေထုအတွင်း ညစ်ညမ်း သည့်အရာများ စိမ့်ဝင်သက်ရောက်၍ ညစ်ညမ်းခြင်းမရှိစေရန်နှင့် အနည်းဆုံး ဖြစ်စေရန် မြေတိုက်စားခြင်း မရှိစေရန်တို့အတွက် လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် |
| | | | မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ စသည်တို့အား မီးငြိမ်းသတ်ရေးအတွက် အဆင်သင့် ထားရှိခြင်း | | | | |
| | | | ဆီယိုဖိတ်မှုမရှိစေရန် ပုံမှန်စောင့်ကြည့် ထိန်းချုပ်ခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | နှစ်စဉ် | | | |
| ဘေးအန္တရာယ်ရှိပစ္စည်းများစီမံခန့်ခွဲမှုအစီအစဉ် | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ<br>စည်ပင်သာယာဥပဒေ နည်းဥပဒေ | အပြည့်အဝ လိုက်နာစေရန် | သုံးစွဲပြီးလက်ကျန်ပစ္စည်းများအား နောင်လိုအပ်ချိန်တွင် ထပ်မံသုံးစွဲနိုင်ရန်အတွက် စနစ်တကျသိမ်းဆည်း၍ ပြန်လည်သုံးစွဲခြင်း | လစဉ် | ၁၅ | EMT | စီမံကိန်းဆောင်ရွက်ခြင်းမှထွက်ရှိလာသည့် အန္တရာယ်ရှိပစ္စည်းအမျိုးမျိုးအား စီမံခန့်ခွဲနိုင်ရေး အတွက် အမျိုးအစား သတ်မှတ်ခြင်း၊ လျှော့ချသုံးစွဲခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြုပြင်သုံးစွဲခြင်း အလေ့အကျင့်များ တိုး တက်ဆောင်ရွက်နိုင်ရန် |
| | | | သုံးစွဲပြီးလက်ကျန်ပစ္စည်းများနှင့် သုံးစွဲပြီးပစ္စည်းများအား ထပ်မံသုံးစွဲရန်မရှိတော့ပါက ပြန်လည်ပြုပြင် သုံးစွဲသွားနိုင်ရန်အတွက် စနစ်တကျသိမ်းဆည်းထားပြီး ပြုပြင်သုံးစွဲခြင်း | | | | |
| | | | စနစ်တကျ စုစည်းထားရှိပြီး၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့နှင့် ဆက်သွယ်၍ စွန့်ပစ်ခြင်း | | | | |
| | | | ဘေးအန္တရာယ်ရှိနိုင်မှုအခြေအနေနှင့် အတန်းအစားတို့အား ဝန်ထမ်းများ သိရှိပြီး ကောင်းမွန်စွာစီမံခန့်ခွဲနိုင်စေရေးအတွက် သင့်လျော်ကောင်းမွန်သည့် သင်တန်းများ ပို့ချပေးခြင်း | | | | |

| ကဏ္ဍ | ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်ချက် | ပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်ချက် | ပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း နှင့် စောင့်ကြပ်ထိန်းချုပ်ခြင်း | တိုင်းတာ ဆောင်ရွက်မည့် အခြေအနေ | ပတ်ဝန်းကျင် ဆိုင်ရာနှစ်စဉ် ဘဏ္ဍာငွေ လျာထားချက်(သိန်း) | ဆောင်ရွက် မည့်သူ | ဆောင်ရွက် ရသည့် ရည်ရွယ်ချက် |
|---|---|---|---|---|---|---|---|
| **စီမံကိန်း ဖျက်သိမ်းသည့် ကာလ** | | | | | | | |
| မြေယာ စွန့်လွှတ်ခြင်း နှင့် လူမှုစီးပွား | မြန်မာနိုင်ငံ ဥပဒေများ (အလုပ်သမားဥပဒေ၊ အခကြေးငွေဥပဒေ စသည်) | ထိပ်တိုက်တွေ့မှုများမှ ရှောင်ရှားရန် ဥပဒေနှင့်အညီဖြစ်စေရန် | ဒေသခံများနှင့် ပုံမှန် တွေ့ဆုံဆွေးနွေးခြင်း | လိုအပ်သလို | လိုအပ်သလို | EMT | ဒေသခံများနှင့် ထိပ်တိုက်တွေ့မှု အငြင်းပွားမှုများအား ရှောင်ရှားရန် စီမံကိန်းပိတ်သိမ်းမှုအား ပွင့်လင်းမြင်သာမှုရှိ၍ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် |
| | | | CSR ကိစ္စရပ်များအား အကောင်အထည်ဖော်ခြင်း ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခြင်း | | | | |
| | | | ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| | | | ဒေသခံများ၏ လူနေမှုဘဝမြှင့်တင် ပေးခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | | | | |
| လေထု | အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ညစ်ညမ်းမှု မရှိစေရန် | အရည်အသွေးမြင့် စက်ပစ္စည်းများ သုံးစွဲခြင်း | လိုအပ်သလို | ၁၀ | EMT | စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကြောင့် လေထုအတွင်း ဓါတ်ငွေ့များ၊ အမှုန်အမွှား များ ထုတ်လွှတ်မှုမရှိစေရန်၊ အနည်းဆုံးဖြစ်စေရန်တို့အတွက် လိုအပ်မည့် အစီအမံများ ချမှတ် ဆောင်ရွက်နိုင်ရန် |
| | | | အရည်အသွေးမြင့် ဆာလ်ဖာ/ခဲ ပါဝင်မှု နည်းပါးသည့် လောင်စာဆီများသုံးစွဲခြင်း | | | | |
| | | | ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း | | | | |
| | | | သုံးစွဲမှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ခြင်း | | | | |
| | | | လေအရည်အသွေး တိုင်းတာခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | | | | |
| အသံဆူညံမှု | အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | အသံဆူညံမှု မရှိစေရန် | အသံလုံ မီးစက်များအသုံးပြုခြင်း နှင့် ပုံမှန်စစ်ဆေးပြုပြင်ခြင်း | လိုအပ်သလို | ၅ | EMT | ဆူညံမှုနှင့်တုန်ခါမှုတို့၏ သက်ရောက်မှုများ အနည်းဆုံးဖြစ်စေရန် အတွက် လိုအပ်မည့် အစီအမံများ ချမှတ် ဆောင်ရွက်နိုင်ရန် |
| | | | အသုံးပြုမှုအနည်းဆုံး ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း | | | | |
| | | | ဆူညံသံအား မီးစက်နှင့် ၅ မီတာ၊ ၁၀ မီတာ အကွာအဝေးတို့မှ တိုင်းတာ၍ ဆူညံမှုမရှိစေရန် ဆောင်ရွက်ခြင်း | | | | |
| | | | စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | | | | |
| ရေထု | | ညစ်ညမ်းမှု မရှိစေရန် | ရေတွင်း နှင့် ရေသိုလှောင်သည့် ကန်များအား စောင့်ကြည့်စစ်ဆေးခြင်း | လိုအပ်သလို | ၅ | EMT | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၏ သောက်သုံးရေ ဆိုင်ရာ စံချိန်စံညွှန်း၊ အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | | သောက်သုံးရေအတွက် ရေသန့်စင်စနစ်တပ်ဆင်ခြင်း<br>စွန့်ပစ်ရေအရည်အသွေး စောင့်ကြည့်ထိန်းချုပ်ခြင်း<br>မိလ္လာရေများအား စည်ပင်နှင့်ဆက်သွယ်စွန့်ပစ်ခြင်း<br>ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း<br>စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | | | | ရေထုအတွင်း ညစ်ညမ်းသည့် စွန့်ပစ်ရေများ စီးဆင်းဝင်ရောက်၍ ရေထုညစ်ညမ်းခြင်းမရှိစေရန် နှင့် အနည်းဆုံး ဖြစ်စေရန်တို့အတွက် လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် |
| မြေထု | မြေထုညစ်ညမ်းမှု နှင့် မြေတိုက်စားမှု | မြေညစ်ညမ်းမှု / တိုက်စားမှု မရှိစေရန်<br>ရေစီးရေလာ ကောင်းမွန်ရန်<br>မြေထုအတွင်း ညစ်ညမ်းမှု မရှိစေရန် | မြေတိုက်စားမှုမှကာကွယ်ရန် သစ်ပင်ပန်းမာန်စိုက်ပျိုးခြင်း<br>ရေမြောင်းစနစ်အားစစ်ဆေးခြင်း<br>စွန့်ပစ်အရည်များ မြေထုအတွင်း စွန့်ပစ်ခြင်း မရှိစေရန် စစ်ဆေးခြင်း<br>စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | လိုအပ်သလို | ၅ | EMT | မြေပေါ်မြေအောက် မြေထုအတွင်း ညစ်ညမ်းသည့် အရာများ စိမ့်ဝင် သက်ရောက်၍ ညစ်ညမ်းခြင်းမရှိစေရန်နှင့် အနည်းဆုံး ဖြစ်စေရန် မြေတိုက်စားခြင်း မရှိစေရန်တို့အတွက် လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် |
| စွန့်ပစ်ပစ္စည်း | မြန်မာနိုင်ငံ၏ ဥပဒေများ (ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဥပဒေ၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု လမ်းညွှန်ချက်များ) | ညစ်ညမ်းမှု မရှိစေရန် | စွန့်ပစ်ပစ္စည်းသိမ်းဆည်းခြင်းနှင့် စွန့်ပစ်ခြင်းများအား စစ်ဆေးခြင်း<br>စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် လိုက်နာ ကျင့်သုံးစေရန် ပညာပေးခြင်း<br>စွန့်ပစ်ပစ္စည်းသိမ်းဆည်းရန် နှင့် သယ်ဆောင်စွန့်ပစ်ရန် လိုအပ်သည့်ကိရိယာ များ ပံ့ပိုးပေးခြင်း<br>စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | လိုအပ်သလို | ၁၅ | EMT | စီမံကိန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းအမျိုးမျိုးအား စီမံခန့်ခွဲနိုင်ရေး အတွက် လျှော့ချသုံးစွဲ ခြင်း၊ ပြန်လည် သုံးစွဲ ခြင်း ပြုပြင်သုံးစွဲခြင်း အလေ့အကျင့်များ တိုးတက်ဆောင်ရွက်နိုင်ရန်နှင့် စွန့်ပစ်ပစ္စည်း အမျိုးအစားအလိုက် စီမံခန့်ခွဲနိုင်ရန် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| လုပ်ငန်းခွင် ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းမှု | လူမှုဖူလုံရေး ဥပဒေ (၂၀၁၂) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (၂၀၁၉) | ညစ်ညမ်းမှု မရှိစေရန် | ဆေးပစ္စည်းများ ပံ့ပိုးပေးထားခြင်း အရေးပေါ် သယ်ယူပို့ဆောင်နိုင်ရန် မော်တော်ယာဉ် စီမံထားရှိခြင်း<br>လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သတ်မှတ်ပေးခြင်း<br>စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | လိုအပ်သလို | ၁၅ | EMT | လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်ခြင်း ကြောင့် လုပ်ငန်းများ အောင်မြင် တိုးတက် စေရန်၊ လုပ်ငန်းခွင်တွင် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များကို လျော့ချနိုင်ရန်၊ အသိပညာပေးခြင်းဖြင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းစေရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးကို ရေရှည်တည်တံ့စေရန်၊ |
| မြင်ကွင်းဆိုင်ရာ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ဆောက်လုပ်ရေး လမ်းညွှန်၊ အင်ဂျင်နီယာ ကောင်စီဥပဒေ | ညစ်ညမ်းမှု မရှိစေရန် | ဖြိုဖျက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း<br>အမြင်မတင့်တယ်သည့် စုပုံထားရှိခြင်းမျိုး မရှိစေရန် ကြပ်မတ်ခြင်း | လိုအပ်သလို | ၅ | EMT | ဖြိုဖျက်ခြင်းများကြောင့် ပတ်ဝန်းကျင်ရှုခင်း/ မြင်ကွင်းများ မထိခိုက် မပျက်စီးရန် ကျန်ရှိမည့်လုပ်ငန်း မြင်ကွင်းအားစွဲဆောင်မှု ရှိကျန်နိုင်စေရန် |
| မီးလောင် ကျွမ်းမှုနှင့် သဘာဝဘေး အန္တရာယ်ကျရောက်မှု | မြန်မာနိုင်ငံ ဥပဒေများ (မီးသတ် ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) | ညစ်ညမ်းမှု မရှိစေရန် | မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်များ ပုံမှန်စစ်ဆေးခြင်း<br>စောင့်ကြည့်ခြင်း၊ ဆန်းစစ်ခြင်း၊ စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း | လိုအပ်သလို | ၁၀ | EMT | စီမံကိန်းနှင့်၎င်းအနီး ပတ်ဝန်းကျင်၏အသက် အိုးအိမ်စည်းစိမ်များ မီးဘေးကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန် နှင့် လျော့နည်းသက်သာ စေရန် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုများမှ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ် များ၊ လူသားများကြောင့် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီး ဆုံးရှုံးမှုမရှိစေရန် နှင့် လျော့နည်းသက်သာ စေရန် |
| ဆီဖိတ်စင်ခြင်းနှင့် ၎င်းကြောင့် မြေထု ညစ်ညမ်းမှု | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ | ညစ်ညမ်းမှု မရှိစေရန် | မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ စသည်တို့အား မီးငြိမ်းသတ်ရေးအတွက် အဆင်သင့် ထားရှိခြင်း | လိုအပ်သလို | ၅ | EMT | မြေပေါ်မြေအောက် မြေထုအတွင်း ညစ်ညမ်းသည့် အရာများ စိမ့်ဝင် သက်ရောက်၍ ညစ်ညမ်းခြင်းမရှိစေရန်နှင့် အနည်းဆုံး ဖြစ်စေရန် မြေတိုက်စားခြင်း မရှိစေရန်တို့အတွက် လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် |

**ဖြည့်စွက်ချက်**

အောင်ကမ္ဘာကုမ္ပဏီလီမိတက်၏ ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းအနေဖြင့် စီမံကိန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုတစ်ခုခြင်းအလိုက် လျော့နည်းစေရေးဆောင်ရွက်ချက်များအား စောင့်ကြည့်ထိန်းချုပ် ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ မမျှော်လင့်နိုင်သော အဖြစ်အပျက်များဖြစ်သည့် မီးလောင်ခြင်း၊ လေပြင်းကျခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းများသည်လည်း သဘာဝဘေး အန္တရာယ်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု နှင့် လူမှုစီးပွား ထိခိုက်မှုများအား အနည်းဆုံးဖြစ်စေရေးအတွက် လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်၊ မီးဘေးလုံခြုံရေးအစီအစဉ်၊ သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးအစီအစဉ်များ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် တို့အားလည်း ဆောင်ရွက်ထားပါသည်။

## ၇.၈.၁ ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးများ တိုင်းတာဆောင်ရွက်မည့် အခြေအနေ

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထက်ဖော်ပြပါဇယားအတိုင်း လစဉ်၊ လေးလတစ်ခါ၊ ခြောက်လတစ်ခါ၊ တစ်နှစ်တစ်ခါ စသဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်၍ဆောင်ရွက်မှုအခြေအနေများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၆) လ တစ်ကြိမ် အစီရင်ခံတင်ပြသွားပါမည်။

| ကဏ္ဍ | ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်ချက် | တိုင်းတာ ဆောင်ရွက်မည့် အခြေအနေ | ဆောင်ရွက်ရန် |
|---|---|---|---|
| လေထု အရည်အသွေး | အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ၁ နှစ် (၂) ကြိမ် | EMT |
| မြေထု | မြေထုညစ်ညမ်းမှု နှင့် တိုက်စားမှု | ၁ နှစ် တစ်ကြိမ် | EMT |
| အသံဆူညံမှု နှင့် တုန်ခါမှု | အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ၁ နှစ် တစ်ကြိမ် | EMT |
| ရေထု | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သောက်သုံးရေဆိုင်ရာ စံချိန်စံညွှန်း အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ၆ လ တစ်ကြိမ် | EMT |

## ၇.၈.၂ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ဆောင်ရွက်ချက်များအတွက် သုံးစွဲမည့်အသုံးစရိတ် လျာထားချက်

အပိုဒ် ၇.၈ ပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဇယားဖော်ပြချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာငွေအဖြစ်နှစ်စဉ် ကျပ်သိန်း ၁၅၀ ခန့်အား အောက်ပါအတိုင်း သုံးစွဲရန် လျာထားပြီး၊ လျာထားချက်ထက် ကျော်လွန်သုံးစွဲရန် လိုအပ်မည့် ကိစ္စရပ်များအတွက်လည်း အရေးပေါ်ရံပုံငွေမှကျခံသုံးစွဲရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| ကဏ္ဍ | ပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်ချက် | နှစ်စဉ် ဘဏ္ဍာငွေ လျာထားချက် (သိန်း) | ဆောင်ရွက်ရန် |
|---|---|---|---|
| မြေအသုံးချမှု | ဒေသခံများနှင့် ထိပ်တိုက် တွေ့မှုများအား ရှောင်ရှားရန်၊ ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရန် | CSR ၂% | စီမံကိန်းပိုင်ရှင် |
| လေထုအရည်အသွေး | ညစ်ညမ်းမှု မရှိစေရန် | ၂၀ | EMT |
| အသံဆူညံမှုနှင့်တုန်ခါမှု | အသံဆူညံမှု မရှိစေရန် | ၁၀ | EMT |
| ရေထု | ညစ်ညမ်းမှု မရှိစေရန် | ၁၀ | EMT |
| မြေထု | မြေညစ်ညမ်းမှု / တိုက်စားမှု မရှိစေရန် ရေစီးရေလာ ကောင်းမွန်ရန် | ၁၀ | EMT |
| ဓာတုပစ္စည်း သုံးစွဲမှုနှင့် စွန့်ပစ်မှု | အပြည့်အဝ လိုက်နာစေရန် | ၁၀ | EMT |
| စွန့်ပစ်ပစ္စည်း | ညစ်ညမ်းမှု မရှိစေရန် | ၁၀ | EMT |
| လုပ်ငန်းခွင် ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | လူမှုဖူလုံရေး ဥပဒေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ | ၁၅ | EMT |
| ပြည်သူ့ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | ပြည်သူ့ကျန်းမာရေးဥပဒေ | ၁၀ | EMT |

| | | | |
|---|---|---|---|
| လူမှုဖူလုံရေး | လူမှုဖူလုံရေး ဥပဒေ၊ လုပ်ငန်းခွင်ဘေး အန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ဥပဒေ | ၁၅ | EMT |
| မြင်ကွင်း ဆိုင်ရာ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ဆောက်လုပ်ရေးလမ်းညွှန်၊ အင်ဂျင်နီယာကောင်စီဥပဒေ | ၁၀ | EMT |
| မီးလောင်ကျွမ်းမှု နှင့် သဘာဝဘေး အန္တရာယ်ကျရောက်မှု | မြန်မာနိုင်ငံ ဥပဒေများ (မီးသတ်ဥပဒေ၊ ပတ်ဝန်းကျင် ဥပဒေ၊ သဘာဝ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ | ၂၀ | EMT |
| ဆီဖိတ်စဉ်ခြင်းနှင့် ၎င်းကြောင့် မြေထု ညစ်ညမ်းမှု | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ | ၁၀ | EMT |

### ၇.၈.၃ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ထပ်မံထည့်သွင်းရေးဆွဲထားသည့် အစီအစဉ်များ

ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုတစ်ခုခြင်းအလိုက် လျှော့နည်းစေရေးဆောင်ရွက်ချက်များအား စောင့်ကြည့်ထိန်းချုပ်ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ မမျှော်လင့်နိုင်သော အဖြစ်အပျက်များ ဖြစ်သည့် မီးလောင်ခြင်း၊ လေပြင်းကျခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုစီးပွား ထိခိုက်မှုများ အနည်းဆုံး ဖြစ်စေရေးအတွက် လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်၊ မီးဘေးလုံခြုံရေးအစီအစဉ်၊ သဘာဝဘေးအန္တရာယ် လျှော့ပါးစေရေး အစီအစဉ်များ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်များအားလည်း ဆောင်ရွက်ထားပါသည်။

(၁) လူမှုရေးအရတာဝန်ယူဆောင်ရွက်ခြင်းအစီအစဉ် (Corporate Social Responsibility Programme - CSR Programme)
(၂) လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (Occupational Health, Safety and Environment Plan-HSE Plan)
(၃) ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ် (Social Welfare Plan)
(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် (Waste Management Plan)
(၅) မီးဘေးလုံခြုံရေးအစီအစဉ် (Fire Safety Plan)

(၆) သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးအစီအစဉ်များ (Disaster Risk Reduction Plan)

(၇) မုန်တိုင်းဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ် (Storm Emergency Response Plan)

(၈) အရေးပေါ်အခြေအနေတုံ့ပြန်မှုအစီအစဉ် (Emergency Response Plan)

(၉) စီမံကိန်းပိတ်သိမ်းမည့် ကာလအတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုမရှိစေရေး ဆောင်ရွက်မည့် အစီအစဉ်

## ၇.၉ စောင့်ကြပ်စစ်ဆေးမည့်အစီအစဉ်

အထက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအား Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းအနေဖြင့် လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး စက်ရုံဧရိယာရှိ ရေထု၊ လေထုနှင့် ဆူညံသံအရည်အသွေးများကိုလည်း ပုံမှန်စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်သွားရမည်ဖြစ်ပါသည်။

### ၇.၉.၁ စီမံကိန်းကာလအလိုက်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်

ဇယား (၇.၂) လုပ်ငန်းလည်ပတ်သည့်ကာလအတွက် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်ပြဇယား

| ဆောင်ရွက်မည့်ကဏ္ဍ | လုပ်ငန်းစဉ် | ဆောင်ရွက်မည့် နေရာ | ကြိမ်နှုန်း |
|---|---|---|---|
| လေအရည်အသွေး | လေအရည်အသွေး တိုင်းတာခြင်း ($O_3$, CO, $SO_2$, $NO_2$, $PM_{10}$, $PM_{2.5}$) | စီမံကိန်း ဧရိယာ အတွင်း | နှစ်စဉ် |
| | အဆောက်အဦအတွင်း လေဝင်လေထွက် စနစ် ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်း နှင့် မှတ်တမ်းထားရှိခြင်း | စီမံကိန်း အဆောက်အဦ အတွင်း | လစဉ် |
| ရေအရည်အသွေး | ရေစီးဆင်းမှု နှင့် ရေမြောင်းများ ကောင်းမွန်မှု ရှိ/မရှိ မျက်မြင်စစ်ဆေးခြင်း | ရေဆိုး စီးဆင်းသည့် ရေမြောင်း | အပတ်စဉ် |
| | မိလ္လာကန် ကောင်းမွန်မှု ရှိစေရန် ကြည့်ရှုစစ်ဆေးခြင်း | ရေဆိုးစွန့်ပစ်သည့် ရေထွက်ပေါက် | ၃ လ တစ်ကြိမ် |
| | ရေအရည်အသွေး တိုင်းတာခြင်း (BOD, COD, pH, Temperature, Turbidity, Suspended Solid) နှင့် မှတ်တမ်းထားရှိခြင်း | ရေဆိုးစွန့်ပစ် သည့် ရေထွက်ပေါက် | ၆ လ တစ်ကြိမ် |
| အစိုင်အခဲစွန့်ပစ်ပစ္စည်း | ဘေးအန္တရာယ် ရှိ/မရှိ စွန့်ပစ် ပစ္စည်း အမျိုးအစားများ၊ သိမ်းဆည်းထားရှိမှု အခြေအနေများ၊ စွန့်ပစ်သည့်ပမာဏ/ နည်းလမ်းများ အား မှတ်တမ်းထားရှိခြင်း | စွန့်ပစ်ပစ္စည်း သိုလှောင်သည့် နေရာနှင့် စွန့်ပစ်သည့် နေရာ | လစဉ် |

| | | | |
|---|---|---|---|
| ဘေးအန္တရာယ်ရှိ ပစ္စည်းများ | ဘေးအန္တရာယ် ရှိ ပစ္စည်း အမျိုးအစားများ၊ သိမ်းဆည်းထားရှိမှု အခြေအနေများ၊ စွန့်ပစ်သည့်ပမာဏ / နည်းလမ်းများ အား မှတ်တမ်းထားရှိခြင်း | ဓာတုဗေဒ သန့်စင်ရည်၊ လောင်စာဆီ စသည့် ပစ္စည်းများ သိုလှောင်သည့် နေရာနှင့် စွန့်ပစ်သည့် နေရာ | လစဉ် |
| ဆီဖိတ်စဉ်မှုမရှိစေရေး ဆောင်ရွက်ခြင်း | မြေပြင်နှင့်ရေထုအတွင်း ဆီဖိတ်စဉ်မှုမရှိစေရေး ကြိုးကြပ်ဆောင်ရွက်ခြင်း၊ မတော်တဆဖိတ်စဉ်ပါက လျော့ပါးစေရန် ဆောင်ရွက်မည့် ပစ္စည်းကိရိယာများ အသင့်စီမံထားရှိခြင်း | စီမံကိန်းဧရိယာ အတွင်း | အပတ်စဉ် |
| မြေထုညစ်ညမ်းမှု | စွန့်ပစ်အရည်များ၊ လောင်စာဆီများ ယိုဖိတ်မှုများအား မျက်မြင်စစ်ဆေးခြင်း နှင့် မှတ်တမ်းထားရှိခြင်း | စီမံကိန်းဧရိယာ အတွင်း | အပတ်စဉ် |
| ဆူညံသံနှင့်တုန်ခါမှု | ဆူညံသံဖြစ်ပေါ်မှု ရင်းမြစ်များအား စစ်ဆေးခြင်းနှင့် မှတ်တမ်းထားရှိခြင်း | စီမံကိန်းဧရိယာ အတွင်း | လစဉ် |
| အနံ့ | အနံ့ဆိုးများ ထွက်ရှိမှုအား စစ်ဆေးခြင်းနှင့် မှတ်တမ်းထားရှိခြင်း | စီမံကိန်းဧရိယာ နှင့် အဆောက်အဦ အတွင်း | လစဉ် |
| မြေယာရှုခင်း | သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးခြင်း၊ ပြုစု ပျိုးထောင်ခြင်း | စီမံကိန်းအတွင်း | လစဉ် |
| မီးဘေးအန္တရာယ် | မီးသတ်ကိရိယာများ၊ အရေးပေါ်ထွက်ပေါက်၊ အချက်ပေးစနစ်၊ အရေးပေါ်စုရပ်စသည်တို့အား ပုံမှန်စစ်ဆေးခြင်း နှင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ် ရေးဆွဲထားရှိခြင်း | စီမံကိန်းဧရိယာ | လစဉ် |
| ရေကြီးရေလျှံမှု | ရေမြောင်းစနစ်များ ပုံမှန်စစ်ဆေးခြင်း နှင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ် ရေးဆွဲထားရှိခြင်း | စီမံကိန်းဧရိယာ | လစဉ် |

| | | | |
|---|---|---|---|
| ငလျင်ဘေး အန္တရာယ် | အဆောက်အဦ၊ ဆက်စပ်နေရာများနှင့် အရေးပေါ်စုရပ် စသည်တို့အား ပုံမှန်စစ်ဆေးခြင်း နှင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်ရေးဆွဲထားရှိခြင်း | စီမံကိန်းဧရိယာ | လစဉ် |
| ဇီဝမျိုးစုံမျိုးကွဲများ | ဇီဝမျိုးစုံမျိုးကွဲများ အနှောင့်အယှက်မရှိစေရေး စီမံကိန်းနှင့်သက်ဆိုင်သူများအား သတိပေးခြင်း၊ အသိပညာပေးခြင်း နှင့် တည်ရှိမှုအခြေအနေများအား မှတ်တမ်းတင်ထားရှိခြင်း နှင့် | စီမံကိန်းဧရိယာ | လစဉ် |
| ဒေသခံများအတွက် အခွင့်အလမ်းများ | လူမှုရေးအရ တာဝန်ယူ ဆောင်ရွက်မှု (CSR) များ ဆောင်ရွက်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ပေးခြင်း နှင့် မှတ်တမ်းများ ထားရှိခြင်း | စီမံကိန်း ဒေသ | နှစ်စဉ် |
| လုပ်ငန်းခွင်ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်း (PPE) များ ပေးအပ်ခြင်း | စီမံကိန်းအတွင်း | လစဉ် |
| | သက်ဆိုင်ရာကဏ္ဍ အလိုက် အသိပညာပေးခြင်း/ သင်တန်းပေးခြင်း | စီမံကိန်းအတွင်း | ၆ လ တစ်ခါ |
| | ကျန်းမာရေးစစ်ဆေးခြင်း | စီမံကိန်းအတွင်း | နှစ်စဉ် |
| | လုပ်ငန်းခွင် သန့်ရှင်းအောင် ထားရှိခြင်း | စီမံကိန်းဧရိယာ | အပတ်စဉ် |
| | စက်ပစ္စည်းကိရိယာ များ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း | စီမံကိန်းအတွင်း | လစဉ် |
| | ဖုန်မှုန့်မဖြစ်ပေါ်စေရန် ရေဖြန်းခြင်း | စီမံကိန်းဧရိယာ | လစဉ် |

| | | | |
|---|---|---|---|
| လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | လုပ်ငန်းခွင် သန့်ရှင်းအောင် ထားရှိခြင်း | စီမံကိန်းဧရိယာ | လစဉ် |
| | ဒေသခံများ၏ တိုင်ကြားချက်များ နှင့် ယင်းအပေါ် စီမံခန့်ခွဲမှု မှတ်တမ်းများ | စီမံကိန်းအတွင်း | ၆ လ တစ်ခါ |
| | လုံခြုံမှုရှိစေရန် ဆောင်ရွက်ခြင်း | စီမံကိန်းဧရိယာ | လစဉ် |

**ဇယား (၇.၃) လုပ်ငန်းပိတ်သိမ်းသည့်ကာလအတွက် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်ပြဇယား**

| ဆောင်ရွက်မည့်ကဏ္ဍ | လုပ်ငန်းစဉ် | ဆောင်ရွက်မည့် နေရာ | ကြိမ်နှုန်း |
|---|---|---|---|
| လေအရည်အသွေး | ဖုန်မှုန့်များ မထွက်ပေါ်စေရန် ရေဖြန်းခြင်း၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်း | စီမံကိန်း ဧရိယာ | အပတ်စဉ် |
| ရေအရည်အသွေး | ရေစီးဆင်းမှု ကောင်းမွန်မှု ရှိ/မရှိ မျက်မြင်စစ်ဆေးခြင်း | စီမံကိန်း ဧရိယာ | အပတ်စဉ် |
| | ယာယီ မိလ္လာကန် ကောင်းမွန်မှု ရှိစေရန် ကြည့်ရှုစစ်ဆေးခြင်း | စီမံကိန်း ဧရိယာ | လစဉ် |
| ဆူညံသံနှင့်တုန်ခါမှု | ဆူညံသံဖြစ်ပေါ်မှု ရင်းမြစ်များအား တိုင်းတာစစ်ဆေးခြင်းနှင့် မှတ်တမ်းထားရှိခြင်း | စီမံကိန်းဧရိယာ အတွင်း | အပတ်စဉ် |
| | ဆူညံသံဖြစ်ပေါ်မှုများအား စီမံခန့်ခွဲခြင်း (လက်ကိုင်ကွန်ကရီဖောက်စက်၊ ဖြိုဖျက်ခြင်းလုပ်ငန်း စသည်) | စီမံကိန်းဧရိယာ အတွင်း | အပတ်စဉ် |
| | ဆူညံသံ သက်ရောက်ခြင်းခံရမည့် အနီးပတ်ဝန်းကျင်အား အသိပေးခြင်းနှင့် တတ်နိုင်သမျှ နောက်ခံအသံဆူညံမှုရှိသည့် နေ့ခင်းဘက်များတွင် ဆောင်ရွက်စေခြင်း | စီမံကိန်းဧရိယာ အတွင်း | အပတ်စဉ် |
| မြေထုညစ်ညမ်းမှု | စွန့်ပစ်အရည်များ၊ လောင်စာဆီများ ယိုဖိတ်မှုများအား မျက်မြင်စစ်ဆေးခြင်း နှင့် မှတ်တမ်းထားရှိခြင်း | စီမံကိန်းဧရိယာ အတွင်း | အပတ်စဉ် |
| စွန့်ပစ်ပစ္စည်းများ | ဘေးအန္တရာယ် ရှိ/မရှိ စွန့်ပစ် ပစ္စည်း အမျိုးအစားများ၊ သိမ်းဆည်းထားရှိမှု အခြေအနေများ၊ စွန့်ပစ်သည့်ပမာဏ/ နည်းလမ်းများ အား မှတ်တမ်းထားရှိခြင်း | စွန့်ပစ်ပစ္စည်း သိုလှောင်သည့် နေရာနှင့် စွန့်ပစ်သည့် နေရာ | လစဉ် |

| | | | |
|---|---|---|---|
| ဆီဖိတ်စဉ်မှုမရှိစေရေး ဆောင်ရွက်ခြင်း | မြေပြင်နှင့်ရေထုအတွင်း ဆီဖိတ်စဉ်မှုမရှိစေရေး ကြိုးကြပ်ဆောင်ရွက်ခြင်း၊ မတော်တဆ ဖိတ်စဉ်ပါက လျော့ပါးစေရန် ဆောင်ရွက်မည့် ပစ္စည်းကိရိယာများ အသင့်စီမံထားရှိခြင်း | စီမံကိန်းဧရိယာ အတွင်း | အပတ်စဉ် |
| ဘေးအန္တရာယ်ရှိ ပစ္စည်းများ | ဘေးအန္တရာယ် ရှိ ပစ္စည်း အမျိုးအစားများ၊ သိမ်းဆည်းထားရှိမှု အခြေအနေများ၊ စွန့်ပစ်သည့်ပမာဏ/ နည်းလမ်းများ အား မှတ်တမ်းထားရှိခြင်း | ဓာတုဗေဒ သန့်စင်ရည်၊ လောင်စာဆီ စသည့် ပစ္စည်းများ သိုလှောင်သည့် နေရာနှင့် စွန့်ပစ်သည့် နေရာ | လစဉ် |
| အနံ့ | အနံ့ဆိုးများ ထွက်ရှိမှုအား စစ်ဆေးခြင်းနှင့် မှတ်တမ်းထားရှိခြင်း | စီမံကိန်းဧရိယာ နှင့် အဆောက်အဦ အတွင်း | လစဉ် |
| မြေယာရှုခင်း | လုပ်ငန်းပိတ်သိမ်းပြီးနောက် စနစ်တကျ ကျန်ရှိစေရန် စီမံခန့်ခွဲခြင်း | စီမံကိန်းအတွင်း | လစဉ် |
| မီးဘေးအန္တရာယ် | မီးသတ်ကိရိယာများ၊ အရေးပေါ်ထွက်ပေါက်၊ အချက်ပေးစနစ်၊ အရေးပေါ်စုရပ်စသည်တို့အား ပုံမှန်စစ်ဆေးခြင်း နှင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ် ရေးဆွဲထားရှိခြင်း | စီမံကိန်းဧရိယာ | လစဉ် |
| ဇီဝမျိုးစုံမျိုးကွဲများ | ဇီဝမျိုးစုံမျိုးကွဲများ အနှောင့်အယှက်မရှိစေရေး စီမံကိန်းနှင့်သက်ဆိုင်သူများအား သတိပေးခြင်း၊ အသိပညာပေးခြင်း နှင့် တည်ရှိမှုအခြေအနေများအား မှတ်တမ်းတင်ထားရှိခြင်း နှင့် | စီမံကိန်းဧရိယာ | လစဉ် |
| | တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်း (PPE) များ ပေးအပ်ခြင်း | စီမံကိန်းအတွင်း | လစဉ် |

| | | | |
|---|---|---|---|
| လုပ်ငန်းခွင်ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | သက်ဆိုင်ရာကဏ္ဍ အလိုက် အသိပညာပေးခြင်း/ သင်တန်းပေးခြင်း | စီမံကိန်းအတွင်း | ၆ လ တစ်ခါ |
| | ကျန်းမာရေးစစ်ဆေးခြင်း | စီမံကိန်းအတွင်း | နှစ်စဉ် |
| | လုပ်ငန်းခွင် သန့်ရှင်းအောင် ထားရှိခြင်း | စီမံကိန်းဧရိယာ | အပတ်စဉ် |
| | စက်ပစ္စည်းကိရိယာ များ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း | စီမံကိန်းအတွင်း | လစဉ် |
| လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | ဖုန်မှုန့်မဖြစ်ပေါ် စေရန် ရေဖြန်းခြင်း | စီမံကိန်းဧရိယာ | လစဉ် |
| | လုပ်ငန်းခွင် သန့်ရှင်းအောင် ထားရှိခြင်း | စီမံကိန်းဧရိယာ | လစဉ် |
| | ဒေသခံများ၏ တိုင်ကြားချက်များ နှင့် ယင်းအပေါ် စီမံခန့်ခွဲမှု မှတ်တမ်းများ | စီမံကိန်းအတွင်း | လစဉ် |
| | လုံခြုံမှုရှိစေရန် ဆောင်ရွက်ခြင်း | စီမံကိန်းဧရိယာ | လစဉ် |
| ဒေသခံများအတွက် အခွင့်အလမ်းများ | ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ပေးခြင်း နှင့် မှတ်တမ်းများ ထားရှိခြင်း | စီမံကိန်း ဒေသ | လစဉ် |

ဇယား (၇.၄) တည်ဆောက်ခြင်းကာလ၊ လည်ပတ်ခြင်းကာလ နှင့် ပိတ်သိမ်းခြင်းကာလများအတွက် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ် (အကျဉ်းချုပ်)

| ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာ | စောင့်ကြပ်ကြည့်ရှုရန် | ပါရာမီတာ | နည်းလမ်း | နေရာ | အကြိမ်ရေ | ဆောင်ရွက်မည့်အဖွဲ့ | နှစ်စဉ် အသုံးစရိတ် |
|---|---|---|---|---|---|---|---|
| ရူပပတ်ဝန်းကျင် (တည်ဆောက်၊ လည်ပတ်၊ ပိတ်သိမ်း) | ရေအရည်အသွေး (တည်ဆောက်ခြင်းကာလ အတွက်သာ) | pH, Turbidity, Texture, Coliform, Colour (true), Total Hardness (as $CaCO_3$), Iron (Fe), Chloride (as Cl), Sulphate (as $SO_4$), Total Suspended Solids | ရယူသုံးစွဲသည့် ရေအား ကောက်ယူ၍ ဓါတ်ခွဲခန်း၌ ဓာတ်ခွဲစမ်းသပ်ခြင်း | မြေအောက်ရေ ထုတ်ယူသုံးစွဲသည့်နေရာ (၁၆°၅၇'၇.၀၀"N, ၉၆° ၅'၃၉.၀၀"E) | တည်ဆောက်ကာလ (၁) ကြိမ် | တတိယအဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း | ၂၀ သိန်း |
| | လေအရည်အသွေး (တည်ဆောက်၊ လည်ပတ်၊ ပိတ်သိမ်း) | Nitrogen dioxide , Ozone , Sulfur dioxide, CO, Relative Humidity | လေအရည်အသွေး တိုင်းတာစက်ဖြင့် တိုင်းတာခြင်း | စီမံကိန်း အခြေစိုက်စခန်း အတွင်း (၁၆°၅၇'၅.၀၄"N, ၉၆° ၅'၄၂.၆၀"E) | (၁) နှစ် (၂) ကြိမ် | တတိယအဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း | ၂၀ သိန်း |
| | မြေအရည်အသွေး (တည်ဆောက်ခြင်းကာလ အတွက်သာ) | Moisture, pH, Texture, Organic Carbon, Humus, Total Nitrogen, Exchangeable Cations, Available Nutrients | မြေနမူနာ ကောက်ယူ၍ ဓါတ်ခွဲခန်း၌ ဓာတ်ခွဲစမ်းသပ်ခြင်း | စီမံကိန်းပတ်ဝန်းကျင် (၁၆°၅၇'၄.၀၀"N, ၉၆° ၅'၃၆.၁၃"E & ၁၆°၅၇'၅.၀၀"N, ၉၆° ၅'၄၃.၁၉"E) | တည်ဆောက်ကာလ (၁) ကြိမ် | တတိယအဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း | ၂၀ သိန်း |
| | ဆူညံသံ (တည်ဆောက်၊ လည်ပတ်၊ ပိတ်သိမ်း) | dBA (၇၀-၇၀) | ဆူညံသံ တိုင်းတာစက်ဖြင့် တိုင်းတာခြင်း | စက်ရုံအတွင်း၊ မီးစက်နှင့် လေမှုတ်စက် များ အနီး (၁၆°၅၇'၄.၇၂"N, ၉၆° ၅'၄၀.၈၇", ၁၆°၅၇'၃.၉၈"N, ၉၆° ၅'၄၂.၇၉"E & ၁၆°၅၇'၃.၅၀"N, ၉၆° ၅'၄၀.၈၉"E) | (၆) လ (၁) ကြိမ် | တတိယအဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း | ၂၀ သိန်း |
| | အမှုန်အမွှား . (တည်ဆောက်၊ လည်ပတ်၊ ပိတ်သိမ်း) | Particulate matter $PM_{၁၀}$ , Particulate matter $PM_{၂.၅}$ | လေအရည်အသွေး တိုင်းတာစက်ဖြင့် တိုင်းတာခြင်း | စက်ရုံအတွင်းနှင့် မီးစက်အနီးပတ်ဝန်းကျင် (၁၆°၅၇'၄.၇၆"N, ၉၆° ၅'၄၁.၁၀"E & ၁၆°၅၇'၃.၉၈"N, ၉၆° ၅'၄၂.၇၉"E) | (၁) နှစ် (၂) ကြိမ် | တတိယအဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း | ၂၀ သိန်း |
| | စွန့်ပစ်ပစ္စည်း | ထွက်ရှိမှုပမာဏ မှတ်တမ်း | အမျိုးအစားနှင့် ပမာဏ မှတ်တမ်း | စွန့်ပစ်ပစ္စည်းထားရှိသည့် နေရာ | အပတ်စဉ် | တတိယအဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း | ၁၀ သိန်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | (တည်ဆောက်၊ လည်ပတ်၊ ပိတ်သိမ်း) | | | (၁၆°၅၇'၃.၆၅"N, ၉၆° ၅'၄၁.၅၇"E) | | | |
| | စွန့်ပစ်ရေဆိုး (တည်ဆောက်၊ လည်ပတ်၊ ပိတ်သိမ်း) | 5-day BOD, COD, , pH, Total Suspended Solids,Temperature | စွန့်ပစ်ရေအား ကောက်ယူ၍ ဓါတ်ခွဲခန်း၌ ဓာတ်ခွဲစမ်းသပ်ခြင်း | ရေဆိုးစွန့်ပစ်သည့်နေရာ နှင့် စွန့်ပစ်ရေအနယ်ထိုင်သည့်ကန် နေရာ (၁၆°၅၇'၅.၅၁"N, ၉၆° ၅'၄၂.၄၉"E) | (၆) လ (၁) ကြိမ် | တတိယအဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း | ၁၀ သိန်း |
| ဇီဝပတ်ဝန်းကျင် (တည်ဆောက်၊ လည်ပတ်၊ ပိတ်သိမ်း) | ပတ်ဝန်းကျင်ညစ်ညမ်းမှု | ညစ်ညမ်းမှုအခြေအနေ စစ်တမ်း ကောက်ယူခြင်း | မျက်မြင်စစ်ဆေးခြင်း | စီမံကိန်းအနီးပတ်ဝန်းကျင် | လစဉ် | ပတ်ဝန်းကျင် စီမံခန့်ခွဲရေးအဖွဲ့ | ၅ သိန်း |
| | ရေနေသတ္တဝါများ ရှင်သန်ကျက်စားမှု | တွေ့ရှိရသည့် အရေအတွက် နှင့် မျိုးစိတ်များ မှတ်တမ်းတင်ခြင်း | စစ်တမ်းကောက်ယူခြင်း | စီမံကိန်းအနီးပတ်ဝန်းကျင် | (၆) လ (၁) ကြိမ် | ပတ်ဝန်းကျင် စီမံခန့်ခွဲရေးအဖွဲ့ | ၅ သိန်း |
| | အပင်မျိုးစိတ်များ | တွေ့ရှိရသည့် အရေအတွက် နှင့် မျိုးစိတ်များ မှတ်တမ်းတင်ခြင်း | မှတ်တမ်းထားရှိခြင်း | စီမံကိန်းအနီးပတ်ဝန်းကျင် | (၆) လ (၁) ကြိမ် | ပတ်ဝန်းကျင် စီမံခန့်ခွဲရေးအဖွဲ့ | ၅ သိန်း |
| | တိရစ္ဆာန်များ | တွေ့ရှိရသည့် အရေအတွက် နှင့် မျိုးစိတ်များ မှတ်တမ်းတင်ခြင်း | မှတ်တမ်းထားရှိခြင်း | စီမံကိန်းအနီးပတ်ဝန်းကျင် | (၆) လ (၁) ကြိမ် | ပတ်ဝန်းကျင် စီမံခန့်ခွဲရေးအဖွဲ့ | ၅ သိန်း |
| လူမှု-စီးပွား (တည်ဆောက်၊ လည်ပတ်၊ ပိတ်သိမ်း) | လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး | ထိခိုက်မှုမှတ်တမ်း ထားရှိခြင်း | မှတ်တမ်းထားရှိခြင်း | စီမံကိန်းအတွင်း | လစဉ် | ကျန်းမာရေးမှူး | ၅ သိန်း |
| | လုပ်သားများ ကျန်းမာရေး | မှတ်တမ်းထားရှိခြင်း | မှတ်တမ်းထားရှိခြင်း | စီမံကိန်းအတွင်း | လစဉ် | ကျန်းမာရေးမှူး | ၅ သိန်း |

## ၇.၁၀ ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး

အောင်ကမ္ဘာကုမ္ပဏီလီမိတက်သည် လူမှုရေးဆိုင်ရာ တာဝန်ခံမှု (Corporate Social Responsibility - CSR) အစီအစဉ် များကိုလည်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ဆောင်ရွက်ချက်များနှင့်အတူ စီမံကိန်းကာလအတွင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လူမှုရေးဆိုင်ရာတာဝန်ခံမှု (CSR) အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းမှာ စီမံကိန်းဧရိယာအတွင်းရှိ အများပြည်သူများနှင့် စက်ရုံလုပ်သားများ၏ လူမှုရေးဆိုင်ရာ အထောက်အပံ့များကို ရရှိစေရန်နှင့် စီမံကိန်း ဆောင်ရွက်ခြင်းသည် စီမံကိန်းဧရိယာအတွင်း အကျိုးများစေကြောင်း သက်သေပြနိုင်ရန်တို့အတွက် ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းရှင်အနေဖြင့် နှစ်စဉ် ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းမှ ရရှိလာသော အကျိုးအမြတ်၏ (၂) ရာခိုင်နှုန်းအား အောက်ပါ အစီအစဉ်အတိုင်း အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည် -

| စဉ် | ဆောင်ရွက်မည့်ကဏ္ဍာ | ရာခိုင်နှုန်း |
|---|---|---|
| ၁ | ပညာရေး ကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၂ | ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၃ | လူမှုဖူလုံရေး ကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၄ | သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးဆောင်ရွက်ခြင်း ကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၅ | ဒေသခံအသိုင်းအဝိုင်းများ ကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |

## ၇.၁၁ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးနှင့် သင်တန်းအစီအစဉ်

ဝန်ထမ်းများ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်လိုက်နာဆောင်ရွက်စေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ကျန်းမာရေး နှင့် မီးဘေးလုံခြုံရေး၊ လုပ်ငန်းကျွမ်းကျင်မှုမြင့်မားလာစေရေး စသည်တို့အတွက် အပိုဒ် ၈.၂ ပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဇယားဖော်ပြချက်နှင့်အညီ အောက်ဖော်ပြပါ စက်ရုံတွင်းသင်တန်း များ နှင့် ပြင်ပသင်တန်းများ ပို့ချဆောင်ရွက်သွားမည်ဖြစ်ပါသည် –

| ကဏ္ဍ | ဆောင်ရွက်မည့်အစီအစဉ် | အကြိမ်ရေ |
|---|---|---|
| ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်လိုက်နာဆောင်ရွက်စေရေး | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက်၍ ပညာပေး ဟောပြောခြင်း၊ | ၆ လ တစ်ခါ |
| လုပ်ငန်းခွင် ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်း | ၃ လ တစ်ခါ |
| | လုပ်ငန်းခွင် ဘေးအန္တရာယ် ကျင်းရှင်းရေး သင်တန်းများပို့ချခြင်း | |
| ဓာတုပစ္စည်း သုံးစွဲမှုနှင့် စွန့်ပစ်မှု | ဓာတုပစ္စည်းသိုလှောင်ခြင်း၊ ကိုင်တွယ် အသုံးပြုခြင်း နှင့် စွန့်ပစ်ခြင်း နည်းစနစ်များအား သက်ဆိုင်ရာ ဝန်ထမ်းများ သိရှိစေရန် သင်တန်းပေးခြင်း | လစဉ် |
| မီးလောင်ကျွမ်းမှု နှင့် သဘာဝဘေး အန္တရာယ်ကျရောက်မှု | မီးသတ်ဌာနနှင့်ပူးပေါင်း၍ မီးဘေးလုံခြုံရေး စီမံခြင်း၊ အရေးပေါ်အခြေအနေတွင် တုန့်ပြန်နိုင်ရန်သင်တန်း ပေးခြင်း | ၆ လ တစ်ခါ |

## ၇.၁၂ စက်ရုံပိတ်သိမ်းခြင်း အစီအစဉ်

စက်ရုံအား နှစ်ပေါင်းများစွာလည်ပတ်သွားရန် ရည်ရွယ်ထားပြီး စက်ရုံပိတ်သိမ်းခြင်းအစီအစဉ်သည် လက်ရှိအချိန်ကာလတွင် တိကျသောသတ်မှတ်ကာလ မရှိသေးပေ။ သို့သော် စက်ရုံလည်ပတ်စဉ်ကာလအတွင်း စက်ရုံပိတ်သိမ်းခြင်းအစီအစဉ်အတွက် ဖြစ်နိုင်ချေရှိသည့် နည်းလမ်းများကို သိရှိနိုင်ရန် စက်ရုံလည်ပတ်စဉ်အတွင်း ထပ်မံလေ့လာမှုများလည်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင်လည်း Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာသွားမည်ဖြစ်ပါ သည်။

## ၈.၀ လူထုတွေ့ဆုံဆွေးနွေးခြင်းနှင့် အများပြည်သူသဘောထားရယူခြင်း

စက်ရုံလည်ပတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်နိုင်မှုများအား အများပြည်သူများ သိရှိနိုင်ရန်နှင့် လျော့ချရေးနည်းလမ်းများ ထုတ်ဖော်နိုင်ရန်နှင့် စီမံကိန်းအပေါ် အကြံပြုသုံးသပ်ချက်များရရှိနိုင်ရန်အတွက် လူထုတွေ့ဆုံဆွေးနွေးခြင်းနှင့် အများပြည်သူသဘောထားရယူခြင်းကို ပြုလုပ်ရန်လိုအပ်ပါသည်။ အများပြည်သူသဘောထားရယူခြင်းမှ ရရှိလာသော အကြံပြုချက်များကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာ ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားပြီး စောင့်ကြပ်ကြည့်ရှုရမည့်အစီအစဉ်များ၊ တာဝန်ယူမှုအစီအစဉ်များကို ထည့်သွင်းရေးဆွဲရမည် ဖြစ်ပါသည်။

ထို့အပြင် စက်ရုံမှတင်ပြသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာအား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၃၈ အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့တင်ပြပြီးနောက် လူမှုအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများ သိရှိနိုင်ရန်အတွက် ဤအစီရင်ခံစာအား Aung Gabar Co., Ltd. ရုံးတွင်လည်းကောင်း၊ စက်မှုဇုံရုံးတွင်လည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးတွင်လည်းကောင်း ထားရှိရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၈.၁ နည်းလမ်းသတ်မှတ်မှုနှင့် ချဉ်းကပ်ဆောင်ရွက်မှု

စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ရေရှည်ဆောင်ရွက်နိုင်စေရေးတို့အတွက် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ထုတ်ဖော်တင်ပြခြင်း လုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အများပြည်သူ၏ အကြံဉာဏ်သဘောထားများရရှိနိုင်စေရန် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အသိပေးဖိတ်ကြားခြင်းများဆောင်ရွက်ခဲ့ပါသည်။

### ၈.၁.၁ ရည်ရွယ်ချက်

စီမံကိန်းပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ဒေသခံများအား စီမံကိန်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ တင်ပြနိုင်ခြင်း၊ စီမံကိန်း မှ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသွားနိုင်မည့်ကိစ္စရပ်များအား သိရှိနိုင်ခြင်း၊ ဒေသခံများ၏ စီမံကိန်းအပေါ်ထားရှိသည့် သဘောထားအမြင်များအား သိရှိနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု

မရှိစေရန် ဆောင်ရွက်မည့်အချက်အလက်များအားသိရှိနိုင်ပြီး ပူးပေါင်းပါဝင်နိုင်ခြင်း နှင့် စောင့်ကြပ်ကြည့်ရှုနိုင်ခြင်း စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုများအား ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဒေသခံများထံမှ ပြန်လည်ရရှိသည့် သဘောထား အကြံပြုချက်များအား ထည့်သွင်း စဉ်းစားဆောင်ရွက်ပေးခြင်းဖြင့် စီမံကိန်းနှင့် ဒေသခံတို့ အကြား အပြန်အလှန်နားလည်သည့် ဆက်ဆံမှုတည်ထောင်နိုင်မည်ဖြစ်သဖြင့် နှစ်ဦးနှစ်ဘက် အကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပါသည်။

### ၈.၁.၂ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးမည့်နည်းလမ်းနှင့် ပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ်

အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှု ဆောင်ရွက်ရာတွင် ဒေသခံများသာမက စီမံကိန်း ဆောင်ရွက်သည့် ဒေသနှင့်သက်ဆိုင်သော အာဏာပိုင်အဖွဲ့အစည်းများနှင့်လည်း အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲ ဆောင်ရွက်၍ တိုင်ပင်ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။
တိုင်ပင်ဆွေးနွေးမှုအား အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

- အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲအား ဒေသခံများ၊ အာဏာပိုင် အဖွဲ့အစည်းများ၊ စီမံကိန်းအနီးပတ်ဝန်းကျင်မှ သက်ဆိုင်သူများအား လိုက်လံဖိတ်ကြားခြင်း၊ စီမံကိန်း၏ Website/facebook ၌ စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက် နိုင်ပါကြောင်း ဖိတ်ကြားခြင်း၊ စီမံကိန်းအနီး၌ ကြော်ငြာစာရွက်/ဗီနိုင်းကပ်၍ ဖိတ်ကြားခြင်း နည်းလမ်းများဖြင့် ဖိတ်ကြားခြင်း၊
- ဆွေးနွေးပွဲ၌ စီမံကိန်းဆိုင်ရာ အချက်အလက်များ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြခြင်း၊
- တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းနှင့် တောင်းဆိုမှုများ ရှိလာပါက ဆောင်ရွက်ပေးနိုင်မည့် အချက်များအား ဆောင်ရွက်မည့်အစီအစဉ်နှင့် တကွ ပြန်လည် ဖြေကြားခြင်း၊
- တက်ရောက်လာသူများ၏ သဘောထားအကြံပြုချက်များ၊ ဆွေးနွေးပွဲကျင်းပသည့် မှတ်တမ်းများထားရှိ၍ ဆောင်ရွက်ပေးရန်လိုအပ်သည်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

## ၈.၂ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးပွဲအခမ်းအနားကို ၂၇၊၉၊၂၀၂၄ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေဘဲစားတော်ဆက် (ရောဝတီခန်းမ) ၌ ဆောင်ရွက်ခဲ့ပါသည်။ ဖိတ်ကြားထားသူများအနက် တက်ရောက်နိုင်သော အစိုးရဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ အစိုးရမဟုတ် သောတတိယအဖွဲ့အစည်းမှကိုယ်စားလှယ်၊ လှိုင်သာယာစက်မှုဇုန်မှကိုယ်စားလှယ်တို့နှင့် လုပ်ငန်းရှင်

အောင်ကမ္ဘာကုမ္ပဏီတို့ တွေ့ဆုံဆွေးနွေးခဲ့သော ဆွေးနွေးပွဲမှတ်တမ်းအား အောက်အပိုဒ်များ တွင် ဖော်ပြထားပါသည်။

ဆွေးနွေးပွဲကျင်းပခြင်းဖြင့် အောက်ပါ ရလဒ်များ ရရှိခဲ့ပါသည်-

- စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုစီးပွားဆိုင်ရာ ဆောင်ရွက်နေမှုများအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြနိုင်ခြင်း
- စီမံကိန်းနှင့်ပတ်သက်၍ တက်ရောက်လာသူများထံမှ အလုပ်အကိုင်များ ဖန်တီး ပေးနိုင်ခြင်း၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်းများအား ကျေနပ်ကြောင်း၊ စီမံကိန်း ဆောင်ရွက်ခြင်းအား ထောက်ခံကြောင်း စသည့် အပေါင်းလက္ခဏာဆောင်သည့် သဘောထားများအား သိရှိရခြင်း၊
- တက်ရောက်လာသူများထံမှ သက်ဆိုင်ရာဝန်ကြီး ဌာန၏ ကြီးကြပ်မှုအပေါ် လိုက်နာဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား လိုက်နာ ဆောင်ရွက်သွားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ လူမှုရေးဆောင်ရွက်ချက်များအား မပြတ်ဆောင်ရွက်သွားရန်၊ စီမံကိန်းအတွင်းနှင့် အနီးပတ်ဝန်းကျင်အပေါ် ဘေးအန္တရာယ်ကျရောက်မှုမရှိရေး ကာကွယ်ပေးသွားရန် စသည့် ကောင်းမွန်သည့် အကြံဉာဏ်များရရှိခြင်း

ဆွေးနွေးပွဲရလဒ်များအရ အောက်ပါအချက်များအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

- လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းဆိုင်ရာ ကောင်းမွန်သည့် အမူအကျင့်များ အား ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်း၊
- ဒေသခံများနှင့် ကောင်းမွန်သည့် ဆက်ဆံရေးအား ဆက်လက်ထိန်းသိမ်းဆောင်ရွက် ခြင်း နှင့် အများပြည်သူ၏ သဘောထားများ၊ အကြံဉာဏ်များ အမြဲတမ်း ရရှိနိုင်စေရန် အတွက် ကုမ္ပဏီလီမိတက်၏ စီမံကိန်း၌ အကြံပြုရန်စီစဉ်ထားရှိဆောင်ရွက်ခြင်း၊
- CSR လုပ်ငန်းများအား စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ခြင်း

## ၈.၂.၁ တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်း

ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူး၊ အနီးပတ်ဝန်းကျင် စက်ရုံများမှပုဂ္ဂိုလ်များ၊ စီမံကိန်းဆောင်ရွက်သူများ၊ ပတ်ဝန်းကျင်ဆိုင်ရာအကြံပေးဆောင်ရွက်မည့် တတိယအဖွဲ့အစည်းမှတာဝန်ရှိပုဂ္ဂိုလ်များ နှင့် ဆက်စပ်သူများ ဖိတ်ကြားထားသူများ ပါဝင်သည့် လူထုတွေ့ဆုံဆွေးနွေးပွဲတစ်ရပ်အား (၂၇-၉-၂၀၂၄) ရက်နေ့ (၁၀:၀၀) နာရီချိန်တွင် ရွှေဘဲ စားတော်ဆက် (ရောဝတီခန်းမ) ၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ဖိတ်ကြားထားသူများ စိတ်ဝင်စားသူများအပါအဝင် စုစုပေါင်း (၁၉) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲ တက်ရောက်သူစာရင်း၊ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားစစ်တမ်းများ စသည်တို့အား အောက်တွင် ဖော်ပြထားပါသည်။

ဆွေးနွေးပွဲ တက်ရောက်လာသည့်ဧည့်သည်တော်များ လက်မှတ်ရေးထိုးထား သည့် မှတ်တမ်း စားရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

AUNG GABAR COMPANY LIMITED

ပတ်ဝန်းကျင်နှင့်လူမှုအကျိုးသက်ရောက်မှုဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲ

တက်ရောက်သူများစာရင်း

၂၇ရက်-စက်တင်ဘာ-၂၀၂၄

| စဉ် | အမည် | ရာထူး/ဌာန/အလုပ်အကိုင် | ဆက်သွယ်ရန် ဖုန်း/Email | လက်မှတ် |
|---|---|---|---|---|
| ၁ | [illegible] | [illegible] | [illegible] | [signature] |
| ၂ | [illegible] | " | [illegible] | [signature] |
| ၃ | [illegible] | | [illegible] | [signature] |
| ၄ | [illegible] | [illegible] | 09777199400 | [signature] |
| ၅ | [illegible] | CCP | [illegible] | [signature] |
| ၆ | [illegible] | ECD / SO | 09-420978619 | [signature] |
| ၇ | [illegible] | ECD / 350 | 09-799699855 | [signature] |
| ၈ | [illegible] | [illegible] | 09-448 44746 | [signature] |
| ၉ | [illegible] | " | 09.250091981 | [signature] |
| ၁၀ | [illegible] | AGB Company | 09380005821 | [signature] |
| ၁၁ | [illegible] | AGB Company | 0942047195 2 | [signature] |
| ၁၂ | [illegible] | AGB | [illegible] | [signature] |
| ၁၃ | [illegible] | NeoTech Myanmar consultant | 09502 6271 | [signature] |
| ၁၄ | [illegible] | " | 09.5193315 | [signature] |

AUNG GABAR COMPANY LIMITED

ပတ်ဝန်းကျင်နှင့်လူမှုအကျိုးသက်ရောက်မှုဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲ

တက်ရောက်သူများစာရင်း

၂၇ရက်-စက်တင်ဘာ-၂၀၂၄

| စဉ် | အမည် | ရာထူး/ဌာန/အလုပ်အကိုင် | ဆက်သွယ်ရန် ဖုန်း/Email | လက်မှတ် |
|---|---|---|---|---|
| ၁၅ | [illegible] | NeoTech Myanmar | 09994377008 | [signature] |
| ၁၆ | [illegible] | Supervisor | 09450647655 | [signature] |
| ၁၇ | [illegible] | NeoTech Myanmar | 0997169 4097 | Aung |
| ၁၈ | [illegible] | | 09-752604359 | [signature] |
| ၁၉ | [illegible] | Aung Gabar | 09.452353012 | [signature] |
| ၂၀ | | | | |
| ၂၁ | | | | |
| ၂၂ | | | | |
| ၂၃ | | | | |
| ၂၄ | | | | |
| ၂၅ | | | | |
| ၂၆ | | | | |
| ၂၇ | | | | |
| ၂၈ | | | | |

ဆွေးနွေးပွဲအား အောက်ပါအစီအစဉ် (၆) ရပ်ဖြင့် ကျင်းပဆောင်ရွက်ခဲ့ပါသည်–

| | |
|---|---|
| **အစီအစဉ် ၁** | အခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာခြင်း |
| **အစီအစဉ် ၂** | အဖွင့်အမှာစကားပြောကြားခြင်း |
| **အစီအစဉ် ၃** | အောင်ကမ္ဘာကုမ္ပဏီလီမိတက် **မှ ဦးနေလင်းအောင်မှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း** |
| **အစီအစဉ် ၄** | NeoTech Myanmar Company Limited မှ အကြံပေးပုဂ္ဂိုလ် ဒေါ်နုနုမေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်း တင်ပြခြင်း |
| **အစီအစဉ် ၅** | တက်ရောက်လာသူများ၏ အကြံပြုချက်များ ရယူဆွေးနွေး ခြင်း |
| **အစီအစဉ် ၆** | အခမ်းအနားပြီးဆုံးကြောင်း ကြေငြာခြင်း |

### ၈.၂.၂ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးအကြံပြုချက်များ ရယူခြင်း နှင့် ပြန်လည်ရှင်းလင်းတင်ပြခြင်း

ဆွေးနွေးပွဲတွင် အောင်ကမ္ဘာကုမ္ပဏီလီမိတက် မှ ထုတ်လုပ်မှုမန်နေဂျာ ဦးနေလင်းအောင်က ဆောင်ရွက်လျက်ရှိသော စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း နှင့် တတိယအဖွဲ့အစည်းဖြစ်သည့် NeoTech Myanmar Company Limited မှ ပတ်ဝန်းကျင်ဆိုင်ရာအကြံပေး ဒေါ်နုနုကေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ဆွေးနွေးပွဲစတင်ခြင်း**

ရှေးဦးစွာ အခမ်းအနားမှူးမှ ဆွေးနွေးပွဲအစီအစဉ်များအား ရှင်းလင်းတင်ပြ၍ အခမ်းအနားဖွင့်လှစ်လိုက်ပြီးနောက်၊ အောင်ကမ္ဘာကုမ္ပဏီလီမိတက် မှ တာဝန်ခံ ဦးဖေသက်ပိုင် က တက်ရောက်လာကြသော လူကြီးမင်းများအားလုံးကို အချိန်မအားလပ်သည့်ကြားမှ တက်ရောက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ကျင်းပသောအခမ်းအနားမှာ မိမိတို့ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် ဆောင်ရွက်ရေးဆွဲခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုနှင့်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်ရှိလူထု တို့အပေါ် အကျိုးသက်ရောက်မှု ရလဒ်ကောင်းများရရှိစေလိုသဖြင့် ယခုဆွေးနွေးပွဲအားကျင်းပရခြင်းဖြစ်ကြောင်း၊ လက်ရှိပတ်ဝန်းကျင်ကောင်းများလည်း မပျက်စီးစေပဲ

နဂိုထက်ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာစေရန် အားလုံးဝိုင်းဝန်း လုပ်ဆောင်ကြမည်ဖြစ်ကြောင်း ပြောကြားပါသည်။

**တင်ပြဆွေးနွေးချက်များ**

အောင်ကမ္ဘာကုမ္ပဏီလီမိတက်မှ ထုတ်လုပ်မှုမန်နေဂျာ ဦးနေလင်းအောင်က ကုမ္ပဏီ၏ ဆောင်ရွက်လျက်ရှိသော စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မိမိတို့ အောင်ကမ္ဘာ ကုမ္ပဏီလီမိတက်အနေဖြင့် ၁၉၉၀ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့မှ စတင်တည်ထောင်ခြင်းဖြစ်ကြောင်း၊ စက်ရုံမှ ရေပိုက်အမျိုးမျိုး ထုတ်လုပ်လျက်ရှိကြောင်း၊ အစိုးရမှသက်မှတ်ထားသည့် လိုင်စင်များ (ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလိုင်စင်၊ သွင်းကုန်လိုင်စင်၊ လုပ်ငန်းလိုင်စင် စသည်) ရယူလျက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ စက်ရုံမှ လယ်ယာသုံးပိုက်များ၊ ဆောက်လုပ်ရေးသုံးပိုက်များ စသည်ဖြင့် အမျိုးစားစုံစွာ အရွယ်အစားအမျိုးမျိုးထုတ်လုပ်လျက်ရှိပြီး ကုန်ကြမ်းအနေဖြင့် Dioctyl Phthalate (D.O.P), Stabilizer (liquid), Chlorinated Polyethylene (CPE), Stearic Acid, P.V.C (Resin), PP-R (Resin), HDPE (Resin) စသည်ဖြင့် ဓာတုပစ္စည်းကုန်ကြမ်းများ အသုံးပြုထုတ်လုပ်ကြောင်း၊ စက်ရုံ၌ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် တစ်ကိုယ်ရည်ကာကွယ်ရေးသုံးပစ္စည်း (PPE) များ စီစဉ်ထားရှိပေးထားကြောင်း၊ လုပ်ငန်းခွင်နေရာများ၌ ဘေးကင်းလုံခြုံရေးအတွက် သတိပေးစာများကပ်ထား၍ အစိုးရမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဓာတုပစ္စည်းများနှင့်ပတ်သက်၍လည်း CSDS, MSDS များအား စက်ရုံအတွင်း၌ကပ်၍ သတိပေးထားကြောင်း၊ မီးဘေးအန္တရာယ်အတွက်လည်း စက်ရုံ၌ မီးငြိမ်းသတ်ရေး ဇာတ်တိုက် လေ့ကျင့်ခြင်း၊ မီးဘေးကာကွယ်ရေးသင်တန်းများပို့ချခြင်း၊ မီးသတ်ဌာနသို့စေလွှတ်၍ သင်တန်းများ တက်ရောက်စေခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာမီးသတ်ဌာနနှင့် ပူးပေါင်း ဆောင်ရွက်ပြီး၊ လိုအပ်သည့် မီးငြိမ်းသတ်ရေးကိရိယာများတပ်ဆင်ခြင်း၊ အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်ပါကြောင်း၊ စက်ရုံအတွင်း ရေစီးရေလာကောင်းမွန်စေရန် မြောင်းများ စနစ်တကျ တူးဖော်ထားရှိ၍ ပုံမှန်ထိန်းသိမ်းခြင်း မြောင်းဖော်ခြင်းများ ဆောင်ရွက်ကြောင်း၊ ရေအရည်အသွေးနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာဓါတ်ခွဲခန်းများသို့ သွားရောက် ဓါတ်ခွဲစစ်ဆေးစမ်းသပ်မှုများ လုပ်ဆောင်ကြောင်း၊ စွန့်ပစ်အမှိုက်များအား တစ်ပတ်လျှင်နှစ်ကြိမ် သက်ဆိုင်ရာစည်ပင်သာယာရေး ဌာနနှင့်ချိတ်ဆက်၍ သတ်မှတ်ထားသည့် နေရာ၌ စနစ်တကျစွန့်ပစ်ကြောင်း၊ စသည်တို့ကို Power Point များဖြင့် ရှင်းလင်းတင်ပြ ပြောကြားပါသည်။

ဆက်လက်၍ NeoTech Myanmar Company Limited မှ ပတ်ဝန်းကျင်ဆိုင်ရာအကြံပေး ဒေါ်နုနုဇ က EMP နှင့် ပတ်သက်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် လုပ်ကိုင်သူ တတိယ အဖွဲ့စည်း၏ အချက်အလက်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) တွင် ပါဝင်သည့် အချက်များဖြစ်သည့် အစီရင်ခံစာ အကျဉ်းချုပ်၊ နိဒါန်း၊ မူဝါဒ၊ ဥပဒေ၊ မူဘောင်များနှင့် ဖွဲ့စည်းမှုဆိုင်ရာများ၊ လုပ်ငန်း၏အကြောင်းအရာဖော်ပြချက်၊ လက်ရှိသဘာဝ

ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက်၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် လျော့နည်းစေရန်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ ပတ်ဝန်းကျင်စီမံခန်းခွဲမှုအစီအစဉ် (Environmental Management Plan)၊ နိဂုံးချုပ် စသည့် အစီရင်ခံစာပါအချက်အလက်များ၊ အစီရင်ခံစာရေးသားပြီးနောက် သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းအဆင့်များ၊ အတည်ပြုချက် ရရှိပြီးနောက် ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုခြင်း (Environmental Monitoring) အစီအစဉ်များနှင် ၆ လ တစ်ကြိမ် ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတင်ပြခြင်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများအတွက် ဘဏ္ဍာငွေလျာထားခြင်း၊ စီမံကိန်းမှရရှိမည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအကျိုးကျေးဇူးများ၊ စီမံကိန်းဆိုင်ရာ သဘောထားနှင့် အကြံပြုချက်များ ရယူခြင်း၊ အကူညီတောင်းခံခြင်း/ဆက်သွယ်ခြင်း စသည့် ကိစ္စရပ်များအား Power Point များဖြင့် ရှင်းလင်းတင်ပြပါသည်။

**ဆွေးနွေးအကြံပြုချက်များ**

ထို့နောက် အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးမှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ ရေးဆွဲခိုင်းသည့်ရည်ရွယ်ချက်မှာ စက်ရုံလုပ်ငန်းအနေဖြင့် ပတ်ဝန်းကျင်အား ကျန်းမာရေး၊ လူမှုရေးအရ ထိခိုက်မှုအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ အစီရင်ခံစာရေးဆွဲ ဆောင်ရွက်ပြီးပါက အစီရင်ခံစာ၌ပါဝင်သည့် ပတ်ဝန်းကျင်ထိခိုက်မှု/သက်ရောက်မှုလျော့ပါးစေရေး နည်းလမ်းများအား စက်ရုံမှတာဝန်ရှိသူများအနေဖြင့် လေ့လာဖတ်ရှု၍ဆောင်ရွက်ရန်နှင့် အစီရင်ခံစာ အတည်ပြုချက်ရရှိပြီးပါက ၆ လ တစ်ကြိမ် တင်ပြဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်း (Environmental Monitoring) ကိစ္စရပ်တွင်းလည်း အစီရင်ခံစာပါ အချက်များအတိုင်းဆောင်ရွက်တင်ပြရမည်ဖြစ်သဖြင့် စီမံကိန်းအနေဖြင့် ထိုအစီရင်ခံစာပါ အချက်အလက်များအား ဖတ်ရှုသိရှိသဘောပေါက်ထားပါက ဆောင်ရွက်ရန် ပိုမိုလွယ်ကူမည် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုခြင်း (Environmental Monitoring) ဆောင်ရွက်ရာ၌လည်း လိုအပ်သည့် ခန့်မှန်းကုန်ကျစရိတ်အား ယခုကတည်းက လုပ်ငန်းပိုင်ရှင်အား တင်ပြဆွေးနွေးကာ တွက်ချက်၍လျာထားရန် စသည်ဖြင့် အကြံပြုပြောဆိုပါသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လှိုင်သာယာစက်မှုဇုန် အပိုင်း (၁)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ခံ ဦးတင်ကိုကိုမှ အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ မည်သို့ချိတ်ဆက်စွန့်ပစ်လျက်ရှိသည်ကိုမေးမြန်းရာ အောင်ကမ္ဘာကုမ္ပဏီလီမိတက်မှ ဦးနေလင်းအောင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တစ်ပတ်လျင် ၇ တန် အမှိုက်သိမ်းကား တစ်စီး (သို့မဟုတ်) နှစ်စီးဖြင့် အမှိုက်အမျိုးအစားအပေါ်မူတည်၍ လာရောက် သိမ်းဆည်းကာ ချိတ်ဆက်စွန့်ပစ်လျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။ ထို့နောက် တာဝန်ခံ ဦးတင်ကိုကိုမှ လှိုင်သာယာစက်မှုဇုန် အပိုင်း (၁)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့်

ချိတ်ဆက်စွန့်ပစ်ရန်နှင့် ချိတ်ဆက်စွန့်ပစ်သည့်ဌာနနှင့် နယ်မြေအပိုင်း ကွဲလွဲမှုမရှိစေရန် အလေးထား ဆောင်ရွက်ရန် အကြံပြုပြီး၊ စွန့်ပစ်ပစ္စည်းအမျိုးအစားနှင့်ပတ်သက်၍မေးမြန်းရာ အောင်ကမ္ဘာ ကုမ္ပဏီလီမိတက်မှ အမျိုးအစားအနေဖြင့်၊ စားကြွင်းစားကျန်များ၊ ဝန်ထမ်းသုံးစွန့်ပစ်အမှိုက်များ၊ စက်ရုံထုတ်လုပ်မှုမှထွက်ရှိသည့် ပြန်လည်အသုံးပြု၍မရသည့် ပလတ်စတစ်နှင့် သစ်သား အပိုင်းအစများ စသည်တို့ဖြစ်ကြောင်းနှင့် တာဝန်ခံ ဦးတင်ကိုကိုမှ ၎င်းအမှိုက်များအား ဌာနမှ ညွှန်ကြားထားသည့်အတိုင်း အိတ်ဖြင့်စနစ်တကျထုပ်ပိုး၍ စွန့်ပစ်ပေးရန်အကြံပြုပြောဆိုပါသည်။ ထို့အပြင် စက်ရုံမှ ဓာတုပစ္စည်းများအား ကုန်ကြမ်းအဖြစ်သုံးစွဲရာတွင် ထွက်ရှိမည့် ဓာတုစွန့်ပစ် ပစ္စည်းများအား မည်ကဲ့သို့စီမံခန့်ခွဲလျက်ရှိသည်ကိုမေးမြန်းရာ အောင်ကမ္ဘာကုမ္ပဏီလီမိတက်မှ ဦးနေလင်းအောင်က ဓာတုပစ္စည်းများနှင့်ပတ်သက်၍ ဓာတုစွန့်ပစ်ပစ္စည်းများအား ပြင်ပသို့စွန့်ပစ်မှု မရှိသည့်အပြင် ဓာတုပစ္စည်းများမှာ ဈေးနှုန်းမြင့်မားသည့်အတွက် အတတ်နိုင်ဆုံး အဖိတ်အစင်မရှိ သုံးစွဲ၍ Recycle အနေဖြင့် ပြန်လည်သုံးစွဲသည်ဖြစ်သောကြောင့် ဓာတုစွန့်ပစ်ပစ္စည်းထွက်ရှိမှု မရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးပွဲသို့တက်ရောက်သူတစ်ဦးမှ မြေပြင်ရှိ စီမံကိန်းအနီးပတ်ဝန်းကျင် ရပ်ကွက်နေပြည်သူများထံ ကွင်းဆင်း၍ ၎င်းတို့ထံမှ စီမံကိန်းအပေါ်သဘောထားအကြံပြုချက်များ ကောက်ယူကာ ထိုအချက်အလက်များအားအကောင်အထည်ဖော်ဆောင်ရွက်စေချင်ကြောင်း၊ စက်ရုံလည်ပတ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိနိုင်သည့် အမှုန်အမွှားများ လေထုထဲသို့ ပမာဏ နှင့် အကွာအဝေးမည်မျှ ပျံ့လွင့်သက်ရောက်နိုင်ကြောင်းမေးမြန်းရာ၊ အောင်ကမ္ဘာကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက မိမိတို့အနေဖြင့်ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအား ယခုမှစတင်ဆောင်ရွက်သည် ဖြစ်သောကြောင့် လိုအပ်သည်များအကြံပြုပေးသည့်အတွက် ကျေးဇူးအထူးတင်ပါကြောင်း၊ စီမံကိန်းအပေါ်သဘောထားအကြံပြုချက်များအား ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဆက်လက်၍နောင်တွင်လည်း မြေပြင်သို့ကွင်းဆင်းကာ အချက်အလက်များကောက်ယူရန် ကြိုးစား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်ရုံမှအမှုန်အမွှားထွက်ရှိမှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိသည့် ထုံးမှုန့်မှာ စက်ရုံပြင်ပသို့ပျံ့လွင့်ခြင်းမရှိပဲ မိမိတို့စက်ရုံအဆောက်အဦအတွင်း၌ အိပ်ဇောပန်ကာများဖြင့် မှုတ်၍ ရေးဖြန်းကာ အနည်ပြန်ကျအောင်ဆောင်ရွက်ထားသည့်အတွက် ပတ်ဝန်းကျင်သို့ ပျံ့လွင့်မှုမရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

## သဘောထားစစ်တမ်းများကောက်ယူခြင်း

ထို့နောက် အခမ်းအနားတွင် ဒေသခံများ၏ စီမံကိန်းအပေါ် သဘောထားများရယူနိုင်ရေးအတွက် သဘောထားစစ်တမ်းကောက်ယူခြင်း စာရွက်များအား တက်ရောက်လာသူများသို့ ဝေငှခဲ့ရာ သဘောထားစစ်တမ်းစာရွက် (၉) ရွက် ပြန်လည်ရရှိခဲ့ပြီး၊ အဆိုပါ စစ်တမ်းများအရ ရာနှုန်းပြည့် စီမံကိန်းဆောင်ရွက်ခြင်းအား ထောက်ခံကြောင်းနှင့် ကောင်းမွန်ကြောင်း ဖြည့်စွက်ထားသည်ကို တွေ့ရှိရပြီး၊ **စီမံကိန်းအပေါ်သဘောထားအမြင်များအနေဖြင့်** အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကြောင်း ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွားကို အလေးပေး

ဆောင်ရွက်ခြင်းမှာ အလွန်ကောင်းမွန်ပါကြောင်း ဖြည့်စွက်ထားပြီး စီမံကိန်းအပေါ် အကြံပြုချက်များ အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြီးကြပ်မှုအပေါ် လိုက်နာဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား လိုက်နာဆောင်ရွက်သွားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲမှု ဆောင်ရွက်ချက်များ၊ လူမှုရေးဆောင်ရွက်ချက်များအား စဉ်ဆက်မပြတ်လိုက်နာဆောင်ရွက်သွားရန်၊ အစီရင်ခံစာအတည်ပြုပြီးပါက (၆) လ တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ပုံမှန်တင်ပြရန် လူမှုရေးဆောင်ရွက်ချက်များ မပြတ်ဆောင်ရွက်ပေးရန်၊ စီမံကိန်းအနီးပတ်ဝန်းကျင်အပေါ် ဘေးအန္တရာယ်ကျရောက်မှုမရှိရေး ကာကွယ်ပေးသွားရန် စသည့်အကြံပြုချက်များ ဖြည့်စွက်ရေးသား ထားကြောင်း တွေ့ရှိရပါသည်။ သဘောထားစစ်တမ်း များအား အောက်တွင်ဖော်ပြအပ်ပါသည်။

စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - ဒေါ်ခင်သင်းရီ |
| ၂။ | မှတ်ပုံတင်အမှတ် | - ၁၂/ဒဂမ (နိုင်) ၂၀၂၀၉၈ |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - ၃၁ (၁၉၉၃) |
| ၄ | ပညာအရည်အချင်း | - BSc Environmental Studies |
| ၅။ | အလုပ်အကိုင် | - ဒုဦးစီးမှူး (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန) |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - [illegible] - 09 779699855 |
| ၇။ | ဖုန်းနံပါတ် | 09 450063187 |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | - အလုပ်အကိုင်အခွင့်အလမ်းများရရှိလာခြင်း |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်သွားပါရန်။ |
| ၁၀။ | လက်မှတ် | - (လက်မှတ်) |

စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - ဒေါ်ယဉ်မျိုးထွန်း |
| ၂။ | မှတ်ပုံတင်အမှတ် | - ၁၄/ဘကလ (နိုင်) ၁၃၁၁၀၇ |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - ၅.၅.၁၉၈၀ |
| ၄ | ပညာအရည်အချင်း | - B.A (Eng.), G.T.I (Civil) |
| ၅။ | အလုပ်အကိုင် | - ဌာနခွဲမှူး |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - [illegible] |
| ၇။ | ဖုန်းနံပါတ် | - 09-445644746 |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | - စီမံကိန်း ဆောင်ရွက်ထားခြင်း ကောင်းမွန်ပါသည်။ |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | - သက်ဆိုင်ရာ ဌာနဆိုင်ရာများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် မေတ္တာရပ်ခံပါသည်။ |
| ၁၀။ | လက်မှတ် | - (လက်မှတ်) |

စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - [illegible] |
| ၂။ | မှတ်ပုံတင်အမှတ် | - [illegible] |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - [illegible] |
| ၄ | ပညာအရည်အချင်း | - B.A (History) |
| ၅။ | အလုပ်အကိုင် | - [illegible] |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - [illegible] |
| ၇။ | ဖုန်းနံပါတ် | - [illegible] |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | - [illegible] |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | - — |
| ၁၀။ | လက်မှတ် | - [signature] |

စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - [illegible] |
| ၂။ | မှတ်ပုံတင်အမှတ် | - [illegible] |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - [illegible] |
| ၄ | ပညာအရည်အချင်း | - B.A (Myanmar) |
| ၅။ | အလုပ်အကိုင် | - [illegible] |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - [illegible] |
| ၇။ | ဖုန်းနံပါတ် | |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | [illegible] |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | [illegible] Plan [illegible] |
| ၁၀။ | လက်မှတ် | - [signature] |

စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - ဦးတင်ကိုကို |
| ၂။ | မှတ်ပုံတင်အမှတ် | - [illegible] |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - ၂၅.၇.၇၀ |
| ၄ | ပညာအရည်အချင်း | - B.A (Myanmar) |
| ၅။ | အလုပ်အကိုင် | - [illegible] |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - [illegible] |
| ၇။ | ဖုန်းနံပါတ် | |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | [illegible] |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | [illegible] Plan [illegible] |
| ၁၀။ | လက်မှတ် | - (signature) |

စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - ဦးတင်မောင်ဝင်း |
| ၂။ | မှတ်ပုံတင်အမှတ် | - [illegible] |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - ၁၄.၇.၈၂. |
| ၄ | ပညာအရည်အချင်း | - B.Econ. |
| ၅။ | အလုပ်အကိုင် | - [illegible] |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - [illegible] |
| ၇။ | ဖုန်းနံပါတ် | - [illegible] |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | [illegible] |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | [illegible] Plan [illegible] |
| ၁၀။ | လက်မှတ် | - (signature) |

## စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - ဦးမောင်မျိုးညို |
| ၂။ | မှတ်ပုံတင်အမှတ် | - ၁၂/ဒဂမ(နိုင်)၁၄၆၄၃၀ |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - ၃၁နှစ် - ၁၅.၁၀.၁၉၉၂ |
| ၄။ | ပညာအရည်အချင်း | - ၁၀တန်း |
| ၅။ | အလုပ်အကိုင် | - ကုမ္ပဏီဝန်ထမ်း |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - [illegible] (၁၁) ၀၉၇၇၄.၇၇၈.၇၇၈ |
| ၇။ | ဖုန်းနံပါတ် | ၀၉၇၇၄.၇၇၈.၇၇၈ |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | - |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | - [illegible] |
| ၁၀။ | လက်မှတ် | - (လက်မှတ်) |

## စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - ဦးကျော်ကျင် |
| ၂။ | မှတ်ပုံတင်အမှတ် | ၁၁/ကမန(နိုင်)169629 |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - 6.7.1985 |
| ၄။ | ပညာအရည်အချင်း | - B.Sc |
| ၅။ | အလုပ်အကိုင် | - ICRC [illegible] |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - 09777199400 . [illegible] |
| ၇။ | ဖုန်းနံပါတ် | |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | - [illegible] |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | - |
| ၁၀။ | လက်မှတ် | - (လက်မှတ်) |

စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများအား
စစ်တမ်းကောက်ယူခြင်း

| | | |
|---|---|---|
| ၁။ | အမည် | - ဒေါ်ကြည်ကြည်ဝင်း |
| ၂။ | မှတ်ပုံတင်အမှတ် | - ၁၂/တကက(နိုင်)၁၃၁၁၁၈ |
| ၃။ | အသက် (မွေးသက္ကရာဇ်) | - 1.4.1985 |
| ၄ | ပညာအရည်အချင်း | - B.Sc (Environmental Studies) |
| ၅။ | အလုပ်အကိုင် | - ဦးစီးအရာရှိ |
| ၆။ | နေရပ်လိပ်စာ / ဖုန်း | - တွဲမြင့်သာ / 09-420225612 |
| ၇။ | ဖုန်းနံပါတ် | 09-420225612 |
| ၈။ | စီမံကိန်းအပေါ် သဘောထားအမြင် | - စီမံကိန်းဆောင်ရွက်မှုအပေါ် မြင်ကောင်းမှု ပါသည်။ |
| ၉။ | စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် | - [illegible] |
| ၁၀။ | လက်မှတ် | - [illegible] |

တွေ့ဆုံဆွေးနွေးပွဲအား မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲ ဓါတ်ပုံမှတ်တမ်းများအား အောက်တွင်ဖော်ပြအပ်ပါသည်။

## လူထုတွေ့ဆုံဆွေးနွေးပွဲမှတ်တမ်းဓာတ်ပုံများ



တက်ရောက်လာကြသောဧည့်သည်တော်များ၊ တတိယအဖွဲ့အစည်းနှင့် စက်ရုံမှတာဝန်ရှိသူများ






အောင်ကမ္ဘာကုမ္ပဏီလီမိတက် မှ ထုတ်လုပ်မှုမန်နေဂျာ ဦးနေလင်းအောင်မှရှင်းလင်းတင်ပြစဉ်







**Neo-Tech Myanmar Company Limited မှ အကြံပေးပုဂ္ဂိုလ် ဒေါ်နုနုဇေမှ ရှင်းလင်းတင်ပြစဉ်**



**စီမံကိန်းအပေါ်အကြံပြုဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း**

## ၈.၃ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ သတင်းအချက်အလက်ထုတ်ပြန်ခြင်းအား လိုအပ်ချက်နှင့်အညီ အချိန်အခါအလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်

စီမံကိန်းနှင့်ပတ်သက်၍ အများပြည်သူ၏ သဘောထားများ၊ အကြံဥာဏ်များ အမြဲတမ်းရရှိနိုင်စေရန်အတွက် ကုမ္ပဏီလီမိတက်၏ ရေပိုက်ထုတ်လုပ်သည့်စက်ရုံ စီမံကိန်း၌ အကြံပြုစာတိုက်ပုံး ထားရှိဆောင်ရွက်သွားပါမည်။

ထို့အပြင် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ နှင့် သက်ဆိုင်ရာဌာနများ၏ လမ်းညွှန်ချက်များကိုလည်း အစဉ်အမြဲလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

စီမံကိန်းဆိုင်ရာ သတင်းထုတ်ပြန်မှုများနှင့်စပ်လျဉ်း၍ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံးနှင့် စီမံကိန်းကြော်ငြာဘုတ်တို့တွင် အချိန်နှင့်တပြေးညီထုတ်ပြန် ဆောင်ရွက်သွားပါမည်။

## ၈.၄ ဆွေးနွေးအကြံပြုချက်များနှင့် ပတ်သက်၍ တုန့်ပြန်ဆောင်ရွက်ထားရှိမှု

စီမံကိန်းအနေဖြင့် စီမံကိန်းအပေါ် အကြံပြုသုံးသပ်ချက်များ၊ ဆွေးနွေးချက်များနှင့် အကြံပြုသဘောထားများအား အကောင်ထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံများ အလုပ်အကိုင်ရှိစေရန် အနီးပတ်ဝန်းကျင် ရပ်ကွက်၊ မြို့နယ်နေထိုင်သူများအား ဦးစားပေးခေါ်ယူခြင်း ကဏ္ဍတစ်ခုချင်းစီတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာကာ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လူထုတွေ့ဆုံ ဆွေးနွေးပွဲမှ စီမံကိန်းနှင့်ပတ်သက်သည့် သဘောထားမှတ်ချက်များအနေဖြင့် ကောင်းမွန်သောမှတ်ချက်များရရှိခဲ့ပြီး ဆွေးနွေးအကြံပြုချက်များထဲမှ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမည့် အစီအစဉ်ဖြစ်သည့် လူမှုရေးအရ တာဝန်ယူဆောင်ရွက်ခြင်းလုပ်ငန်းစဉ် (Corporate Social Responsibility-CSR) ဆောင်ရွက်ပေးရေးကိစ္စရပ်များအား အဓိကအလေးပေးကာ တုန့်ပြန်ဆောင်ရွက်ထားပါသည်။ စီမံကိန်းအနေဖြင့် ဒေသဖွံ့ဖြိုးရေး အတွက် လူမှုရေးအရ တာဝန်ယူ ဆောင်ရွက်ခြင်းလုပ်ငန်းစဉ် (Corporate Social Responsibility-CSR) များကိုလဲ အသားတင် အမြတ်ငွေ၏ ၂% ကို သက်ဆိုင်ရာကဏ္ဍအလိုက်တက်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ထားပါသည်။ လူမှုရေးအရ တာဝန်ယူဆောင်ရွက်ခြင်း CSR ဆောင်ရွက်မှုများအား အောက်အပိုဒ်တွင်ဖော်ပြထားပါသည်။

### ၈.၄.၁ ဆက်လက်ဆောင်ရွက်မည့်တိုင်ပင်ဆွေးနွေးမှုများ

စီမံကိန်းနှင့်စပ်လျဉ်း၍ သဘောထားများ နှင့် အကြံပြုချက်များ ရရှိစေရန် ရည်ရွယ်၍ စီမံကိန်းနှင့်ကုမ္ပဏီရုံးချုပ်တို့၌ အကြံပြုစာတိုက်ပုံးများထားရှိသွားမည်ဖြစ်ပါသည်။

ထို့အပြင် လိုအပ်သည့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဒေသခံအသိုင်းအဝိုင်းများနှင့် လစဉ်တွေ့ဆုံဆွေးနွေးခြင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့/ဌာနဆိုင်ရာအဖွဲ့အစည်းများ နှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၈.၅ ဒေသခံပြည်သူများအတွက် လူမှုရေးအရတာဝန်ယူဆောင်ရွက်ခြင်း (CSR) ဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် အသုံးပြုမည့်ရန်ပုံငွေလျာထားချက်

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာရေးဆွဲရာတွင် သဘာဝ ပတ်ဝန်းကျင်သာမက ဒေသဖွံ့ဖြိုးရေးနှင့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်လည်း ထည့်သွင်းရေးဆွဲထားပါသည်။ စီမံကိန်းဆောင်ရွက်သူအနေဖြင့် စီမံကိန်းဆောင်ရွက်သည့် ပတ်ဝန်းကျင်နှင့် အဆိုပါပတ်ဝန်းကျင်ရှိသူများ၏ လူမှု-ဘဝပိုမိုတိုးတက်ကောင်းမွန်ပြီး ရင်းနှီးမှု ခိုင်မာစေရန်အတွက် စီမံကိန်းမှ နှစ်စဉ်ရရှိသည့် အသားတင်အကျိုးအမြတ်များထဲမှ စီးပွားရေး လုပ်ငန်းများ၏ လူမှုရေးအရတာဝန်ယူဆောင်ရွက်ခြင်းလုပ်ငန်းစဉ် (Corporate Social Responsibility - CSR) အတွက် သုံးစွဲသွားမည်ဖြစ်ပါသည်။ Corporate Social Responsibility (CSR) ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကုမ္ပဏီလည်ပတ်စဉ်ကာလတလျှောက် ရန်ပုံငွေများ လျာထား၍ သုံးစွဲသွားမည်ဖြစ်ပြီး ဤအစီအစဉ်ကို ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှု ပတ်ဝန်းကျင် အကျိုးပြုနိုင်ရေးအတွက် ရည်ရွယ်ပြီးရေးဆွဲခြင်းဖြစ်ပါသည်။ CSR လုပ်ငန်းရန်ပုံငွေမှာ လုပ်ငန်း အခွန်များ၊ စက်ရုံတိုးတက်ရေးအတွက် ကုန်ကျငွေများဆောင်ရွက်ပြီးနောက် လုပ်ငန်း၏ အသားတင် အမြတ် ၂ % ကို အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Aung Gabar Co., Ltd. မှ လှူဒါန်း ထားရှိသည့် မှတ်တမ်းဓာတ်ပုံများကို နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။ CSR လုပ်ငန်းစဉ် ဆောင်ရွက်ရန်အတွက် အသားတင် အမြတ်ငွေ၏ ၂% ကို အချိုးကျသတ်မှတ်ပြီး သုံးစွဲမည့် ရန်ပုံငွေ လျာထားချက်နှင့် လုပ်ငန်းများအား အောက်ဖော်ပြပါ ဇယားဖြင့်ဖော်ပြအပ်ပါသည်။

**ဇယား (၈.၁) Aung Gabar Co., Ltd. ၏ CSR ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အသုံးပြုမည့် အသေးစိတ်ရန်ပုံငွေ လျာထားချက်**

| စဉ် | ဆောင်ရွက်မည့်အစီအစဉ် | ဆောင်ရွက်မည့် အဖွဲ့အစည်း | ခန့်မှန်းကုန်ကျစရိတ် (CSR အတွက် ၂% မှ) |
|---|---|---|---|
| ၁။ | ဒေသဖွံ့ဖြိုးရေးနှင့်ရပ်ရွာအကျိုးပြု အတွက် ထည့်ဝင်ငွေ (လမ်း/တံတားများဆောက်လုပ်ခြင်း) | Aung Gabar Co., Ltd. | ၅၀ % |
| ၂။ | ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ထည့်ဝင်ငွေ | Aung Gabar Co., Ltd. | ၁၀% |
| ၃။ | သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများအတွက်ထည့်ဝင်ငွေ | Aung Gabar Co., Ltd. | ၁၀% |
| ၄။ | ပရဟိတလုပ်ငန်းများအတွက် ထည့်ဝင်ငွေ | Aung Gabar Co., Ltd. | ၂၀% |
| ၅။ | ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ထည့်ဝင်ငွေ | Aung Gabar Co., Ltd. | ၁၀% |

## ၉.၀ ကတိကဝတ်များ

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးကိစ္စရပ်များအား ဆောင်ရွက်ရန်အတွက် ကတိကဝတ်များကိုလည်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ Aung Gabar Co., Ltd. မှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲမှု အစီရင်ခံစာအတိုင်းလိုက်နာဆောင်ရွက်ရန်။
- ဤအစီရင်ခံစာတွင်ဖော်ပြထားသောသက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ပတ်ဝန်းကျင်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်ရန်၊
- ဤအစီရင်ခံစာတွင်ဖော်ပြထားသောလျော့နည်းသက်သာစေရေးနည်းလမ်းများအား လိုက်နာကျင့်သုံးရန်။

အထက်ဖော်ပြပါ ကတိကဝတ်များအား နောက်ဆက်တွဲ (၃) နှင့် အောက်ဖော်ပြပါအပိုဒ်တွင် ရေးသားတင်ပြအပ်ပါသည်။

## ၉.၁ စီမံကိန်းဆောင်ရွက်သူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များ

စီမံကိန်းအဆိုပြုသူမှ ဆောင်ရွက်လိုက်နာရမည့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်၊ အစီအစဉ်များအား ဤအစီရင်ခံစာတွင် သက်ဆိုင်ရာအခန်းအလိုက် ထည့်သွင်းရေးဆွဲဖော်ပြထားပါသည်။ စီမံကိန်းအဆိုပြုသူမှ အစီရင်ခံစာအခန်းလိုက်ပါဝင်သော ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်၊ အစီအစဉ်များအား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပါသည်။ စီမံကိန်းအဆိုပြုသူမှ ဆောင်ရွက်မည့် အစီရင်ခံစာတစ်ခန်းချင်းစီအလိုက် ကတိကဝတ်ပြုချက်အား အောက်ဖော်ပြပါ ကတိကဝတ်ဇယားဖြင့်ဖော်ပြအပ်ပါသည်။

| ကတိကဝတ်၏ အတိုချုပ်အမည် | အမှတ်စဉ် | ကတိကဝတ်အား ရှင်းလင်းဖော်ပြချက် | အစီရင်ခံစာပါ ရည်ညွှန်းချက် |
|---|---|---|---|
| မူဝါဒ၊ ဥပဒေ | ၁ | စီမံကိန်းအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားပါမည်။ | အပိုဒ် ၃.၂ |
| ထုတ်လွှတ်မှုဆိုင်ရာ လမ်းညွှန်ချက် | ၂ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (၂၀၁၅) ၏ အမှတ်စဉ် ၂.၃.၇.၄ သတ္တု၊ ပလတ်စတစ် နှင့် ရာဘာ ထုတ်ကုန်လုပ်ငန်း (Metal, Plastic, and Rubber Products Manufacturing) ၌ ပါဝင်သဖြင့် လမ်းညွှန်ချက်ပါ စွန့်ထုတ်အရည်နှင့် ထုတ်လွှတ်အခိုးအငွေ့ အဆင့်သတ်မှတ်ချက်များနှင့်အညီ စွန့်ပစ်သွားပါမည်။ | အပိုဒ် ၃.၄ |
| နိုင်ငံတကာစံနှုန်း | ၃ | ISO ၉၀၀၁:၂၀၁၅ လက်မှတ် အား ရရှိထားပြီး၊ မကြာမီကာလအတွင်းအခြား ISO (International Organization for Standardization) အသိအမှတ်ပြုလက်မှတ်များရယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ နိုင်ငံတကာစံချိန်စံညွှန်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွား ပါမည်။ | အပိုဒ် ၃.၅ |
| စွန့်ပစ်ရေ သန့်စင် သည့် စနစ်အား ပိုမို | ၄ | စွန့်ပစ်ရေအရည်အသွေး၏ Total Suspended Solid ရလဒ်တန်ဖိုးသည် EQEG Guidline Vale ထက် ကျော်လွန်နေသဖြင့် စွန့်ပစ်ရေသန့်စင်သည့်စနစ်အား ပိုမိုကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သွားပါမည်။ | အပိုဒ် ၅.၁၇ |

| | | | |
|---|---|---|---|
| ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း | | | |
| ဆိုးကျိုး သက်ရောက်မှု လျော့ကျစေမည့် နည်းလမ်းများအား ဆောင်ရွက်ခြင်း | ၅ | ပတ်ဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်စေနိုင်မှု အခြေအနေများအား အဆင့်သတ်မှတ်ထားပြီး၊ သက်ရောက်မှုအလိုက် သင့်လျော်သည့် လျော့ကျစေမည့် နည်းလမ်းများအား ထည့်သွင်းစဉ်းစား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။ | အပိုဒ် ၆.၄ နှင့် ၆.၈ |
| လူထုတွေ့ဆုံ ဆွေးနွေးပွဲအရ ရေှ့ဆက်ဆောင်ရွက်မည့် အချက်များ | ၆ | ဆွေးနွေးပွဲ ရလဒ်များအရ လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းဆိုင်ရာ ကောင်းမွန်သည့် အမူအကျင့် များအား ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဒေသခံများနှင့် ကောင်းမွန်သည့် ဆက်ဆံရေးအား ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်း နှင့် အများပြည်သူ၏ သဘောထားများ၊ အကြံဉာဏ်များ အမြဲတမ်း ရရှိနိုင်စေရန်အတွက် ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်း၌ အကြံပြုစာတိုက်ပုံး ထားရှိဆောင်ရွက်ခြင်း၊ CSR လုပ်ငန်းများအား စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ခြင်း တို့အား ဆက်လက်ဆောင်ရွက်သွားပါမည်။ | အပိုဒ် ၈.၂ မှ ၈.၄ |
| သတင်းထုတ်ပြန်ခြင်း | ၇ | စီမံကိန်းဆိုင်ရာ သတင်းထုတ်ပြန်မှုများနှင့်စပ်လျဉ်း၍ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ရုံးနှင့် စီမံကိန်းကြော်ငြာဘုတ်တို့တွင် အချိန်နှင့်တပြေးညီထုတ်ပြန် ဆောင်ရွက်သွားပါမည်။ | အခန်း ၈၊ အပိုဒ် ၈.၃ |
| ပတ်ဝန်းကျင်စီမံ ခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၈ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်စေရန်အတွက် ပတ်ဝန်းကျင်စီမံ ခန့်ခွဲရေးအဖွဲ့ (Environmental Management Team-EMT) အား ဖွဲ့စည်းသွားပါမည်။ | အပိုဒ် ၇.၇ |
| အစီရင်ခံတင်ပြခြင်း | ၉ | ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၆) လ တစ်ကြိမ် အစီရင်ခံ တင်ပြသွားပါမည်။ | အပိုဒ် ၇.၈၊ ၇.၉၊ ၈.၂ |

| | | | |
|---|---|---|---|
| CSR ဆောင်ရွက်ခြင်း | ၁၀ | နှစ်စဉ် ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းမှ ရရှိလာသော အကျိုးအမြတ်၏ (၂) ရာခိုင်နှုန်းအား CSR အစီအစဉ်အတိုင်း အသုံးပြုသွားပါမည်။ | အပိုဒ် ၈.၅၊ ၇.၁၀ |
| သင်တန်းများ ပို့ချခြင်း | ၁၁ | ဝန်ထမ်းများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ကျန်းမာရေး နှင့် မီးဘေးလုံခြုံရေး၊ လုပ်ငန်းကျွမ်းကျင်မှုမြင့်မားလာစေရေး တို့အတွက် စက်ရုံတွင်းသင်တန်းများ နှင့် ပြင်ပသင်တန်းများ ပို့ချဆောင်ရွက်သွားပါမည်။ | အပိုဒ် ၇.၂ မှ ၇.၅ နှင့် ၇.၁၁ |
| ဘဏ္ဍာငွေ သုံးစွဲခြင်း | ၁၂ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာငွေအဖြစ်နှစ်စဉ် ကျပ်သိန်း ၁၅၀ ခန့်အား သုံးစွဲရန် လျာထားပြီး၊ လျာထားချက်ထက် ကျော်လွန်သုံးစွဲရန် လိုအပ်မည့် ကိစ္စရပ်များအတွက်လည်း အရေးပေါ်ရံပုံငွေမှ ကျခံ သုံးစွဲရန် စီစဉ်ဆောင်ရွက်သွားပါမည်။ | အပိုဒ် ၇.၈.၂ |
| EMP အား အကောင် အထည်ဖော်ခြင်း | ၁၃ | ပတ်ဝန်းကျင်နှင့် လူမှု-စီးပွား ကောင်းမွန်စေရန် အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အစီရင်ခံစာပါ အစီအစဉ်များအား လိုက်နာကျင့်သုံးသွား၍ မျက်ခြေမပြတ် စောင့်ကြည့်ထိန်းချုပ်သွားမည်ဖြစ်ပါသည်။ | အပိုဒ် ၇ |

မန်နေးဂျင်းဒါရိုက်တာ

အောင်ကမ္ဘာကုမ္ပဏီလီမိတက်

## ၁၀.၀ နိဂုံးချုပ်နှင့် အကြံပြုချက်

### ၁၀.၁ နိဂုံးချုပ်

စီမံကိန်းလုပ်ငန်း၏ဆောင်ရွက်ချက်များကြောင့် သိသာထင်ရှားသော ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုအဆင့်များအနေဖြင့် စီမံကိန်းလည်ပတ်သည့်ကာလတွင် အလွန်ပြင်းထန်သည့် အဆင့်နှင့် ပြင်းထန်အဆင့်များ မရှိကြောင်း အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်–

| ဖြစ်နိုင်ဖွယ် အလားအလာရှိသော သက်ရောက်မှုများ | ပြဋ္ဌာန်းထားသော သက်ရောက်မှု (သတ်မှတ်ချက်များ) | | | | | လျော့ကျစေရေးဆောင်ရွက်ပြီးနောက် ကျန်ရှိသောသက်ရောက်မှု | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | လျစ်လျူရှု (<၂) | နည်းပါး (၂-၅) | အသင့်အတင့် (၆-၁၀) | မြင့်မား (၁၁-၁၆) | အလွန်မြင့် (≥ ၁၇) | လျစ်လျူရှု (<၂) | နည်းပါး (၂-၅) | အသင့်အတင့် (၆-၁၀) | မြင့်မား (၁၁-၁၆) | အလွန်မြင့် (≥ ၁၇) |
| ရူပပတ်ဝန်းကျင် | – | ၂ | ၅ | - | - | – | ၇ | - | - | - |
| လူမှုရေး နှင့် ယဉ်ကျေးမှု | ၁ | ၁ | ၁ | - | - | ၁ | ၂ | - | - | - |
| ပြည်သူ့ကျန်းမာရေး နှင့် လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးကင်းရေး | - | ၁ | ၄ | - | - | – | ၅ | - | - | - |
| အန္တရာယ် (သဘာဝ နှင့် လူလုပ်) | - | - | ၁ | - | - | - | ၁ | - | - | - |

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးကိစ္စရပ်များအား ဆောင်ရွက်ရန်အတွက် ကတိကဝတ်များကိုလည်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

Aung Gabar Co., Ltd. ၏ ပလတ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသည် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများ၊ အစိုးရ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာသုံးလုပ်ငန်းများ စသည်တို့တွင် အသုံးပြုသော ပလတ်စတစ်ပိုက် အမျိုးမျိုးတို့ကို ဈေးနှုန်းမှန်ကန်ပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ရောင်းချလျက် ရှိပါသည်။ စက်ရုံသည် သတ်မှတ်ထားသော မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားသည့် အပြင် The Quality Management System အသိအမှတ်ပြု လက်မှတ် (ISO ၉၀၀၁: ၂၀၁၅) လည်း ရရှိထားပြီး ဖြစ်ပါသည်။

စက်ရုံသည် စက်ရုံလည်ပတ်ရာမှ သက်ရောက်နိုင်သော ဆိုးကျိုးများ၊ လျော့နည်းသက်သာစေရေး နည်းလမ်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ်များအားလုံးကို ခြုံငုံမိစေရန် ဤပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာအား ရေးဆွဲထားခြင်းဖြစ်ပါသည်။ အကျဉ်းချုပ်အစီရင်ခံစာကို အခန်း(၁)၊ လုပ်ငန်းရှင်အကြောင်းနှင့် အစီရင်ခံစာရေးဆွဲသည့် တတိယအဖွဲ့အစည်းအကြောင်းကို အခန်း(၂)၊ လုပ်ငန်းနှင့်သက်ဆိုင်သော လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်လမ်းညွှန်ချက်များ၊ နှင့် လုပ်ငန်းရှင်က လိုက်နာဆောင်ရွက်သွားမည့် ကတိကဝတ်ပြုချက်များကို အခန်း(၃)၊ စီမံကိန်းအကြောင်းအရာဖော်ပြချက်ကို အခန်း(၄)၊ လက်ရှိပတ်ဝန်းကျင်အခြေအနေကို အခန်း(၅)၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်မှုများအား ဆန်းစစ်လေ့လာခြင်းနှင့် လျော့နည်းသက်သာစေမည့် နည်းလမ်းများကို အခန်း (၆) တွင် လည်းကောင်း၊ စောင့်ကြပ်စစ်ဆေးမည့်အစီအစဉ်များကို အခန်း (၇) တွင် လည်းကောင်း၊ လူထုတွေ့ဆုံဆွေးနွေးခြင်းနှင့် အများပြည်သူသဘောထားရယူခြင်း၊ လူထုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မည့် ရန်ပုံငွေ လျာထားချက်များအား အခန်း(၈) တွင်လည်းကောင်း ထည့်သွင်း ရေးဆွဲဖော်ပြထားရှိပါသည်။

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းမှ တည်ဆဲဥပဒေများ၊နည်းဥပဒေများနှင့် လမ်းညွှန်ချက်များနှင့်အညီ ဤအစီရင်ခံစာပါ အစီအစဉ်များကို မပျက်မကွက် လုပ်ဆောင်ရန် ကတိကဝတ်ပြုကာ လိုက်နာဆောင်ရွက်သွားပါမည်။

စက်ရုံဧရိယာအတွင်း လေထု၊ ရေထု နှင့် ဆူညံသံအရည်အသွေးများ တိုင်းတာမှုကိုလည်း ပြုလုပ်ခဲ့ရာ လေထု၊ ရေထု နှင့် ဆူညံသံ အရည်အသွေးသည် EQEG သတ်မှတ်လမ်းညွှန်ချက်ထဲတွင် ရောက်ရှိနေသောကြောင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှုမရှိနိုင်ကြောင်း တင်ပြအပ်ပါသည်။

ထို့အပြင် စက်ရုံလည်ပတ်ရာတွင် အနီးဝန်းကျင်ရှိဒေသခံများ အလုပ်အကိုင်အခွင့်အရေးများ ရရှိခြင်း၊ စက်ရုံမှလုပ်သားများ၏ စွမ်းရည်မြှင့်တင်ရန် သင်တန်းပေးမှုများရှိခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွါးကို တိုးတက်ဖြစ်ထွန်းစေခြင်း အကျိုးကျေးဇူးများလည်း ရရှိပါသည်။

## ၁၀.၂ အကြံပြုချက်

စီမံကိန်းသည် ပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထု၊ ဆူညံသံနှင့်တုန်ခါမှု စသည့် အနည်းငယ်သောသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်မည့် လုပ်ငန်း တစ်ခုဖြစ်သဖြင့် စီမံကိန်းဆောင်ရွက်ချက်များကြောင့် ပတ်ဝန်းကျင် နှင့် လူမှုစီးပွားအပေါ် ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ပါ လျော့နည်းစေရေး ထိန်းချုပ်မည့် အစီအစဉ်များချမှတ်ခြင်း၊ ထိန်းချုပ်ရေးကိရိယာ များ တပ်ဆင်ခြင်း၊ လိုအပ်မည့်သင်တန်းများသင်ကြားပို့ချခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာဘဏ္ဍာငွေ လျာထားသတ်မှတ်ခြင်း၊ ကြီးကြပ်မည့် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိခြင်းစသည့် အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းအတွင်း ပါဝင်ပတ်သက်သူများအတွက် စီမံကိန်းအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ကင်းဝေးရေးဆိုင်ရာ ဆောင်ရွက်ရန်အဆင့်တိုင်းအား အထူးဂရုပြုဆောင်ရွက်သွားရန်လိုအပ်ပြီး၊ သုံးစွဲသူများ၏ ဘေးကင်းလုံခြုံရေးအတွက်လည်း များတွင် သက်ဆိုင်ရာ သတိပေးချက် အမှတ်အသား များ ထည့်သွင်းပေးခြင်း၊ ထုတ်ပိုးမှုစနစ်အား ဘေးအန္တရာယ်ကင်းဝေးစေမည့် ထုတ်ပိုးမှု စနစ်များသုံးစွဲ၍ ဖြန့်ဖြူးခြင်း စသည်တို့အား ဆောင်ရွက်သွားသင့်ပါသည်။

ယခုရေးဆွဲထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာတွင် ပတ်ဝန်းကျင်နှင့် လူမှု-စီးပွားဆိုင်ရာ ထိခိုက်နိုင်မှုများအား ဖြစ်နိုင်သမျှ နည်းသည်ထက်လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့်အစီအမံများပါရှိပြီးဖြစ်ပါသဖြင့်၊ ပတ်ဝန်းကျင်နှင့် လူမှု-စီးပွား ကောင်းမွန်စေရန် အတွက် ဤအစီရင်ခံစာပါအစီအစဉ်များအား လိုက်နာကျင့်သုံးသွားရန်နှင့် မျက်ခြေမပြတ် စောင့်ကြည့်ထိန်းချုပ်သွားသင့်ကြောင်း အကြံပြုအပ်ပါသည်။

စီမံကိန်းလုပ်ငန်း၏ဆောင်ရွက်ချက်များကြောင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှုများအား လျော့နည်းစေရေးအတွက် ထိခိုက်မှုလျော့ပါးသက်သာစေမည့် ဆောင်ရွက်ချက်များအား အထူးအလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေး အပေါ် သိသာထင်ရှားသည့် ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေဘဲ လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

Aung Gabar Co., Ltd. ၏ ပလပ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းမှ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်သည့်အဖွဲ့မှ ရေးဆွဲထားသော ဤအစီရင်ခံပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်စစ်ဆေးခြင်းအစီအစဉ်နှင့် CSR အစီအစဉ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အဆိုပါစက်ရုံမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှု အနည်းဆုံးသာ ဖြစ်ပေါ်စေပါမည်။ ထို့အပြင် စက်ရုံလုပ်သားများနှင့် ဒေသခံများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများတိုးပွါးလာစေရန် အသိပညာပေးခြင်း၊ သတင်းအချက်အလက်များပေးခြင်းနှင့် သင်တန်းများပို့ချပေးခြင်းကို စဉ်ဆက်မပြတ် ပြုလုပ်ပေးသင့်ပါသည်။ အထက်ဖော်ပြပါ အစီအစဉ်များ လုပ်ဆောင်မှုကို လစဉ် စောင့်ကြပ်စစ်ဆေး၍ ဖလတကြိမ် ဦးစီးဌာနသို့ တင်ပြအစီရင်ခံခြင်း၊ လိုအပ်သလို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြုပြင် ရေးဆွဲခြင်း၊ တိုးမြှင့်လုပ်ဆောင်ခြင်းများကို ပြုလုပ်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**Aung Gabar Co., Ltd.**
ပလပ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း
လှိုင်သာယာစက်မှုဇုန်-၁၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# နောက်ဆက်တွဲများ

# နောက်ဆက်တွဲစာရင်း

| | |
|---|---|
| နောက်ဆက်တွဲ -၁ | မှတ်ပုံတင်/လိုင်စင်/ခွင့်ပြုမိန့်/စာရွက်စာတမ်/စာချုပ်များ |
| နောက်ဆက်တွဲ -၂ | ISOနှင့် အခြားသက်ဆိုင်ရာသက်သေခံလက်မှတ် (Certificate) များ |
| နောက်ဆက်တွဲ -၃ | ကတိကဝတ် |
